The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 22, NO. 11 တနင်္လာနေ့တိုင်းထုတ်ဝေသည် June 6, 2022

# ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်များဘဏ္ဍာတိုက် (Services Trade and Investment Portal) တည်ထောင်ထားရှိမှုနှင့်စပ်လျဉ်း၍ Beta Version အား အသိပေးရှင်းလင်းတင်ပြခြင်း အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက် အမှာစကားပြောကြား

စာမျက်နှာ - ၂ ➢



## ကြာသပတေးနေ့ ဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက် အမှာစကားပြောကြား

စာမျက်နှာ - ၃ ➢

## အာဆီယံ စီးပွားရေးအသိုက်အဝန်း (အေအီးစီ)၂၀၂၅ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများနှင့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

စာမျက်နှာ - ၃ ➢

## ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် စားဆီတို့အား ပို့ကုန်လိုင်စင် လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများအဖြစ် သတ်မှတ်ခြင်း သတင်းလွှာ(၇/၂၀၂၂)ထုတ်ပြန်

စာမျက်နှာ - ၉ ➢



# ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်များဘဏ္ဍာတိုက် (Services Trade and Investment Portal) တည်ထောင်ထားရှိမှုနှင့်စပ်လျဉ်း၍ Beta Version အား အသိပေးရှင်းလင်းတင်ပြခြင်း အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက် အမှာစကားပြောကြား

မေ ၂၅ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည့် ဝန်ဆောင်မှုကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအချက်အလက်များဘဏ္ဍာတိုက်(Services Trade and Investment Portal-STIP) တည်ထောင်ထားရှိမှုနှင့်စပ်လျဉ်း၍ Beta Version အား အသိပေးရှင်းလင်းတင်ပြခြင်း အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက်အမှာစကားပြောကြားခဲ့သည်။



ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ကုန်သွယ်မှုကဏ္ဍတွင် ဝန်ဆောင်မှုကုန်သွယ်ရေးသည် အလားအလာကောင်းများရှိနေသည့်အတွက် ဝန်ဆောင်မှုလုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာအောင်ဆောင်ရွက်၍ ဝန်ဆောင်မှုကုန်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အာဆီယံ၏ ၂၀၁၉ ခုနှစ်တွင် တရားဝင်ထုတ်ပြန်ထားသည့်စာရင်းအရ မြန်မာနိုင်ငံအနေဖြင့် GDP ၏ ၅၈ ရာခိုင်နှုန်းခန့်မှာ ဝန်ဆောင်မှုကုန်သွယ်ရေးမှ ရရှိခြင်းဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြားတွင် စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံတို့ပြီးလျှင် စတုတ္ထနေရာတွင်ရှိနေကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဝန်ဆောင်မှု ကုန်သွယ်ရေးဆိုင်ရာအစီအမံ (Measures)များကို ဆက်စပ်ဌာနများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုတည်ထောင်ထားသည့် STIP Web Portal သည် ဝန်ဆောင်မှုကုန်သွယ်ရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို တစ်နေရာတည်းတွင် စုစည်းတွေ့မြင်ရမည့် website ဖြစ်ပြီး ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို စုစည်းပြုစုထားရာတွင် မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်အဖြစ် ပါဝင်ထားသည့် FTAs များ၏ ကတိကဝတ်များနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုစုထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ (AEC 2025) လုပ်ငန်းစီမံချက်အရ အကောင်အထည်ဖော် ဆောင်ရွက်မှုများတွင် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေမှာဖြစ်ကြောင်း၊ STIP Web Portal သည် မြန်မာနိုင်ငံ၏ ဝန်ဆောင်မှုကုန်သွယ်ရေးကဏ္ဍအတွက် များစွာ အထောက်အကူဖြစ်စေကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများနှင့် ဆက်စပ်သည့် ဦးစီးဌာန ၃၅ ခုမှ ကိုယ်စားလှယ် ၄၄ ဦးတို့အား တာဝန်ခံညွှန်ကြားရေးမှူး၊ Developer Company မှ နည်းပညာဆိုင်ရာ တာဝန်ခံတို့က ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်များဘဏ္ဍာတိုက် (Services Trade and Investment Portal- STIP) တည်ထောင်ထားရှိမှုနှင့် အသုံးပြုမှုဆိုင်ရာများကို ရှင်းလင်းတင်ပြခဲ့သည်။ အနယ်နယ် အရပ်ရပ်ရှိ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်များ ဘဏ္ဍာတိုက် တည်ထောင်ထားရှိမှုနှင့် အသုံးပြုမှုဆိုင်ရာများကို ပိုမိုရှင်းလင်းလွယ်ကူစွာ သိရှိနိုင်ရေးအတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် STIP တည်ထောင်ထားရှိမှုနှင့်စပ်လျဉ်းသည့် Beta Version အား အသိပေးရှင်းလင်းတင်ပြခြင်း အခမ်းအနားများကိုလည်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**MOC (IR)**



# ကြာသပတေးနေ့ဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက် အမှာစကားပြောကြား

မေ ၂၆ ရက် နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည့် ကြာသပတေးနေ့ ဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက် အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် အခွန်သက်သာခွင့်နှင့်ပတ်သက်၍ (Regional Comprehensive Economic Partnership- RCEP) တွင် ကျင့်သုံးနေသည့် အခွန်သက်သာခွင့်ဆိုင်ရာ ကိစ္စရပ်များကို မိမိတို့ဌာနအနေဖြင့် စိစစ်သုံးသပ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များကိုလည်း RCEP နှင့်စပ်လျဉ်း၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး အသိပညာဖြန့်ဝေပေးရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ အများဆုံးတင်ပို့သည့် ပို့ကုန်အမယ် ၁၀ မျိုးနှင့် အများဆုံးတင်သွင်းသည့် အမယ် ၂၀ မျိုးတို့ကို အခြေခံပြီး ဆောင်ရွက်သွားရန်နှင့် နောင်တွင် ကုန်စည်လိုင်းအားလုံးအား ဆက်လက် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းသွားရန်လိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဘာသာရပ်တာဝန်ခံ ညွှန်ကြားရေးမှူးက ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် (Regional Comprehensive Economic Partnership- RCEP) တွင်ပါဝင်သော ဘာသာရပ်ဆိုင်ရာ အခန်းကဏ္ဍများ၊ ကုန်စည်ကုန်သွယ်ရေးအောက်တွင် သက်ရောက်မှုရှိသော အကောက်ခွန်သက်သာခွင့်နှင့် ပင်ရင်းနိုင်ငံစည်းမျဉ်းများ၊ အကောက်ခွန်မဟုတ်သော စီမံ ဆောင်ရွက်မှုများကို အကျဉ်းချုပ်ဆွေးနွေးခြင်း၊ RCEP၊ အာဆီယံ-တရုတ်နှင့် တရုတ်နိုင်ငံမှ တစ်ဖက်သတ်ပေးသော အကောက်ခွန် သက်သာခွင့်တို့တွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ကုန်သွယ်မှုအပေါ် သုံးသပ်ခြင်းတို့အား ဆွေးနွေးပြောကြားခဲ့ပြီး တက်ရောက်လာသူများက အကြံပြုဖြည့်စွက်ဆွေးနွေးတင်ပြခဲ့ကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၁၈၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

MOC(IR)

# အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ)၂၀၂၅ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများနှင့် ညှိနှိုင်းအစည်းအဝေးကျင်းပ




အာဆီယံ စီးပွားရေး အသိုက်အဝန်း (အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁ ရက် နံနက် ၁၀ နာရီတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁)၊ နေပြည်တော်၌ ကျင်းပသည်။

အစည်းအဝေးသို့ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် လုပ်ငန်းကော်မတီ ၂၂ ခုမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၂၂ ခုနှစ် မေလတွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီတွင် ကျင်းပခဲ့သည့် အာဆီယံ စီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးသို့ပါဝင်တက်ရောက်ခဲ့မှု အခြေအနေနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ချဉ်းကပ်မှုပုံစံသစ်များနှင့်ပတ်သက်၍ လည်းကောင်း၊ အာဆီယံအပြင် အခြား ပူးပေါင်းဆောင်ရွက်မှုများကတစ်ဆင့် အသစ်ထွက်ပေါ်လာသည့် အစီအစဉ်များ (Emerging Trend)တွင် ဘာသာရပ်အလိုက် လိုအပ်သည်များကို ပြင်ဆင်ထားရှိရေးကိစ္စများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်(RCEP)စတင်အသုံးပြု ဆောင်ရွက်နိုင်မှုအခြေအနေများနှင့် အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ကို ရေးဆွဲလျက်ရှိရာတွင် မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အေအီးစီ အကောင်အထည်ဖော်မှု၌ ၂၀၂၁ ခုနှစ်တွင် ၇၀ ဒသမ ၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ဒေသတွင်း ပျမ်းမျှ အကောင်အထည်ဖော်မှုထက် ကျော်လွန်ခဲ့သည့်အတွက် ၂၀၂၂ ခုနှစ်တွင်လည်း အေအီးစီ အကောင်အထည်ဖော်မှုလုပ်ငန်းများတွင် မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန်နှင့် အာဆီယံ သဘောတူညီချက်များအရ လိုက်နာဆောင်ရွက်ရမည့် သဘောတူထားသည့် ကတိကဝတ်များကို လိုက်ပါဆောင်ရွက်ရန် တိုက်တွန်းပြောကြားသည်။ ဆက်လက်၍ အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ မြန်မာနိုင်ငံမှ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ် (Eminent Person) ဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်က အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် မျှော်မှန်းချက်တွင်ထည့်သွင်းမည့် အဓိကအချက်များ (core elements ) နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာဝါဝါမောင်ကလည်း အာဆီယံ၏ လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် မြန်မာနိုင်ငံက အကောင်အထည်ဖော်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌများနှင့် လုပ်ငန်းကော်မတီ အတွင်းရေးမှူးများက ကော်မတီအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ပူးပေါင်းဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များကို တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

DICA

Commerce
J O U R N A L
အတိုင်ပင်ခံစာတည်း
ဝင်းလွင်
အောင်သွင်ဦး
ဒေါက်တာထိန်လင်း
စာတည်းမှူးချုပ်
မင်းဇော်
အုပ်ချုပ်ရေးမှူး
သိန်းနိုင်
တာဝန်ခံစာတည်း
စိန်သံ
စာတည်းအဖွဲ့
ရဲမင်းနိုင်
လက်ထောက်စာတည်း
ယဉ်ယဉ်အေး
အေးအေးသန့်
သတင်းထောက်များ
ရီလင်းထွဋ်(မုံရွာ)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ မင်းမင်းဦး(ပုသိမ်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
စောမောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)
Proof & Layout Design ကြီးကြပ်
အိမ့်သဇင်ခိုင်
ကြော်ငြာတာဝန်ခံ
ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)၊
မြင့်ဇင်ညွန့် (၀၉ ၇၃၀ ၅၃၅၃၁)
ထုတ်ဝေသူ
ဦးမျိုးခိုင်ဝင်း (၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃
ဖြန့်ချိရေးတာဝန်ခံ
ဇော်ဝင်း
ဖြန့်ချိရေး
အုန်းခင်(၀၉-၄၃၀၄၁၇၄၉)
ကွန်ပျူတာ
လွင်သန္တာထွန်း၊ ခြူးခြူးနိုင်၊ မေသန္တာမိုး
Layout Design & Graphic Design
CJ Design Group
ပုံနှိပ်သူ
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
Email Address
commercejournal.editor@gmail.com

# ကသာခရိုင်၌ နွေစပါး ၉၈ ရာခိုင်နှုန်းကျော် ရိတ်သိမ်းပြီးစီး

၂၀၂၂ ခုနှစ်တွင် ကသာခရိုင်၌ နွေစပါး စိုက်ပျိုးအောင်မြင်လျက်ရှိကြောင်း သိရသည်။ ကသာခရိုင် နွေစပါးစိုက်ဧကမှာ ကသာမြို့နယ်တွင် ၁၁၀၉၁ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၁၀၂၈၂ ဧက၊ အင်းတော်မြို့နယ်တွင် ၇၉၇ ဧကနှင့် ဗန်းမောက်မြို့နယ်တွင် ၃၇၁ ဧက စုစုပေါင်း ၂၂၅၄၁ ဧက စိုက်ပျိုးကြောင်း သိရသည်။

ရိတ်သိမ်းပြီးစီးမှုအနေဖြင့် ကသာမြို့နယ်နှင့် ထီးချိုင့်မြို့နယ်တို့တွင် မေလကုန်၌ ထွန်တုံးပိတ်ရိတ်သိမ်းပြီးစီးခဲ့ပြီး ရိတ်သိမ်းရန်ကျန်ရှိသည့် နွေစပါးစိုက်ဧကမှာ အင်းတော်မြို့နယ်တွင် ၁၅၉ ဧက နှင့် ဗန်းမောက်မြို့နယ်တွင် ၁၇၈ ဧက စုစုပေါင်း ၃၃၇ ဧက ကျန်ရှိသည့်အတွက် ၂၀၂၂ ခုနှစ် မေလကုန်တွင် နွေစပါးရိတ်သိမ်းပြီးစီးမှုမှာ ၂၂၂၀၄ ဧကရှိပြီး ၉၈ ရာခိုင်နှုန်းကျော် ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

အထွက်နှုန်းမှာ စံကွက်ရိတ်သိမ်းမှုအရ တစ်ဧက အထွက်နှုန်း ၈၉ ဒသမ ၆၄ တင်းရှိကြောင်းနှင့် ကသာခရိုင်အတွင်း ရိတ်သိမ်းရန်ကျန်ရှိသည့် နွေစပါးများကိုလည်း ဇွန်လဆန်းပိုင်းတွင် ရာခိုင်နှုန်းပြည့် ရိတ်သိမ်းပြီးစီးနိုင်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ ဆွေးနွေးပြောကြားချက်အရ သိရှိရသည်။

**ကြည်နိုင်ဦး(အင်းတော်)**

# ယခုတစ်ပတ် ဆန်နှင့်ဆန်ကွဲ တန်ချိန် ၇၅၀၀၀ ကျော် တင်ပို့

မေ ၂၁ ရက်မှ ၂၇ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၁၇၁ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၄၅၃၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရှိရသည်။

ယခုတစ်ပတ် ဆန်တင်ပို့မှုအနေဖြင့် အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်တန်ချိန် ၃၂၃၉၀ ခန့်နှင့် အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၁၂၄၂၀ ကျော်၊ ဘီနင်နိုင်ငံသို့ ဆန်တန်ချိန် ၅၀၀ ခန့် တင်ပို့နိုင်ခဲ့သည်။

မြန်မာနိုင်ငံမှ ဆန်တင်ပို့မှုအများဆုံး နိုင်ငံများမှာ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၁၁၈၀၀ ခန့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်တန်ချိန် ၅၀၀ ကျော်၊ အီးယူအဖွဲ့ဝင်နိုင်ငံများဖြစ်သော အီတလီနိုင်ငံသို့ ဆန်တန်ချိန် ၁၃၉၀၀ ကျော်၊ နယ်သာလန်နိုင်ငံသို့ ဆန်တန်ချိန် ၇၀၀၀ ခန့်၊ ဂရိနိုင်ငံသို့ ဆန်တန်ချိန် ၄၂၈၀ ခန့်၊ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်တန်ချိန် ၅၂၅၀ ခန့်၊ ပိုလန်နိုင်ငံသို့ ဆန်တန်ချိန် ၅၉၀ ခန့်၊ ဂျာမနီနိုင်ငံသို့ ဆန်တန်ချိန် ၅၂၀ ကျော်၊ ရိုမေးနီးယားနိုင်ငံသို့ ဆန်တန်ချိန် ၃၇၀ ကျော် အများဆုံးတင်ပို့နိုင်ခဲ့ပြီး ဘီနင်နိုင်ငံသို့ ဆန်တန်ချိန် ၅၀၀ ခန့် တင်ပို့ခဲ့ကြောင်း သိရသည်။

ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက ဆန်တန်ချိန် ၃၇၇၀၀ ကျော် ပိုမိုတင်ပို့ခဲ့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၃၈၃ သန်း ပိုမိုရရှိခဲ့ကြောင်းသိရသည်။ မေ ၂၁ ရက် မှ ၂၇ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဆန်ကွဲတန်ချိန် ၂၉၉၀၀ ခန့် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၉ ဒသမ ၃၀၇ သန်းရရှိခဲ့ကြောင်း သိရသည်။

တင်ပို့မှုအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၉၀၃၀ ကျော်၊ စင်ကာပူနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၀၀ ခန့်၊ နယူးဂီနီနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၆၀ ခန့်၊ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၀၂၅၀ ခန့်၊ နယ်သာလန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၃၀ ခန့်၊ ချက်ဇ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၂၀ ကျော် တင်ပို့ခဲ့ကြောင်းသိရသည်။

ယခင်တစ်ပတ် တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ဆန်ကွဲတန်ချိန် ၂၂၉၀၀ ကျော် ပိုမိုတင်ပို့ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇ ဒသမ ၀၇၈ သန်း ပိုမိုရရှိခဲ့သည်။

ယခုတစ်ပတ် ဆန်နှင့် ဆန်ကွဲတင်ပို့မှု စုစုပေါင်းတန်ချိန် ၇၅၂၀၀ တင်ပို့နိုင်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၄၇၈ သန်းခန့်ရရှိခဲ့ကြောင်း သိရသည်။

**အေးအေးသန့် (DOT)**

# ရွှေဘိုခရိုင်အတွင်း စပါး/ဆန် ဈေးနှုန်းများနှင့် စီးထွက်မှုအခြေအနေ

ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များ၌ မေလ တတိယပတ်တွင် စပါးဈေးနှုန်းနှင့် ဆန်ဈေးနှုန်းမှာ အနည်းငယ် မြင့်တက်နေသည်။

ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ မေလ ဒုတိယပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၄၀၄၀၀၊ မန္တလေးသို့ အိတ်ရေ ၃၄၀၀၀၊ နေပြည်တော်သို့ အိတ်ရေ ၉၀၀၀၊ ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ အိတ်ရေ ၇၀၀၀၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ အိတ်ရေ ၇၀၀၀၊ ပခုက္ကူသို့ အိတ်ရေ ၁၀၀၀၊ စုစုပေါင်း အိတ်ရေ ၉၈၄၀၀၊ တန်အားဖြင့် ၄၉၂၀ တန် စီးထွက်ခဲ့သည်။

ယခုတစ်ပတ်တွင် ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ ရန်ကုန်သို့အိတ်ရေ ၃၂၀၀၀၊ မန္တလေးသို့ အိတ်ရေ ၄၄၀၀၀၊ နေပြည်တော်သို့ အိတ်ရေ၁၀၀၀၀ ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)သို့ အိတ်ရေ ၆၅၀၀၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ အိတ်ရေ ၆၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၁၀၀၀ ၊ စုစုပေါင်းအိတ်ရေ ၁၀၀၀၀၀၊ တန်အားဖြင့် ၅၀၀၀ တန် စီးထွက်ခဲ့သည့်အတွက် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ယခုတစ်ပတ်အတွင်း အိတ်ရေ ၁၆၀၀၊ တန်အားဖြင့် တန် ၈၀ ပို၍ စီးထွက်ခဲ့သည်။

ရွှေဘိုမြို့၏ မေလ ဒုတိယပတ်တွင် ဖြစ်ပေါ်နေသော စပါး/ဆန်ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ကျပ် ၁၅၅၀၀၀၀၊ ရွှေဘိုပေါ်ဆန်း ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၅၅၀၀၀၊ ရောမင်းစပါး တင်း ၁၀၀ လျှင် ကျပ် ၁၀၅၀၀၀၀၊ ရောမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၄၄၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရှိရသည်။

**အေးသိင်္ဂီစိုး(ရွှေဘို)**

## အာရှနိုင်ငံများ၏ FOB ဆန်ဈေးနှုန်းများ

၃-၆-၂၀၂၂ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၈၂ | ၄၈၀ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၆၇ | ၄၆၅ | ▽ | ၄၂၂ | ၄၂၇ | △ | ၃၄၂ | ၃၄၂ | □ | ၃၈၂ | ၃၇၇ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၄၆၄ | ၄၆၁ | ▽ | ၄၀၂ | ၄၀၇ | △ | ၃၂၇ | ၃၂၇ | □ | ၃၆၆ | ၃၆၁ | ▽ |
| ပေါင်းဆန် | ၄၈၈ | ၄၈၅ | ▽ | - | - | - | - | - | | - | - | |

*Source: thairiceexporters*

# ကယားပြည်နယ် စပါးနှင့်ပြောင်းဈေးနှုန်း အခြေအနေ

ကယားပြည်နယ်တွင် စပါးကို အဓိက စိုက်ပျိုးပြီး မိုးစပါး၏ လက်ရှိဖြစ်ပေါ်နေသော ဈေးနှုန်းများမှာ ၅၀၂၈စပါးတစ်တင်းလျှင် ၁၁၅၀ ရွှေရင်အေး (၁) စပါးတစ်တင်းလျှင် ကျပ် ၁၀၂၀၀၊ ရွှေရင်အေး (၂) စပါးတစ်တင်းလျှင် ၉၅၈၅ကျပ်နှင့် ဇီယာ ရှယ်စပါး တစ်တင်းလျှင် ကျပ် ၈၉၄၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ပြောင်းကိုလည်း အဓိကထား စိုက်ပျိုးလျက်ရှိပြီး ပြောင်းသည် ကယားပြည်နယ်၏ အဓိကပို့ကုန် သီးနှံတစ်မျိုးလည်းဖြစ်သည်။ ပြောင်းဈေးကွက်မှာ ပြည်နယ်မှ ထွက်ရှိသော ပြောင်းများကို မြဝတီသို့ အဓိကတင်ပို့လျက်ရှိကာ ယခုမေလအတွင်း ပြောင်းတင်ပို့နိုင်မှုမှာ ပြောင်း ၄၈၇၃ အိတ်၊ ၂၃၉ တန်ရှိပြီး ပြောင်းဈေးနှုန်းများမှာ ပြောင်းတစ်ပိဿာလျှင် ၉၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခင်ဧပြီလအတွင်း ပြောင်းတင်ပို့မှုများမှာ ပြောင်း ၃၈၇၀ အိတ်၊ ၁၉၀ တန်ခန့်သာ တင်ပို့နိုင်ခဲ့ပြီး ပြောင်းဈေးနှုန်းမှာ ၈၀၀ ကျပ်ခန့်သာ ရှိခဲ့သည်။ ယခင်ဧပြီနှင့် ယခုမေလ နှိုင်းယှဉ်လျှင် မေလအတွင်း ပြောင်းဈေးနှုန်း တစ်ပိဿာလျှင် ၁၀၀ ကျပ်ခန့် ဈေးနှုန်းအနည်းငယ် မြင့်တက်လာသဖြင့် ပြောင်းတင်ပို့မှုမှာလည်း ၁၀၀၃ အိတ်၊ ၄၉ တန်ခန့် ပိုမိုတင်ပို့လာနိုင်ကြောင်း ပြောင်းကုန်သည်တစ်ဦးထံမှ သိရှိရသည်။

**ခူးမြင့်စိုး၊ ခင်မြို့(စားသုံးသူ၊ ကယား)**

## ပြည်တွင်းမြို့ကြီးများ၏ (၃-၆-၂၀၂၂)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၈၂၀၀ | □ | ၃၁၀၀၀ | □ | ၁၁၀၀၀ | □ | ၅၂၀၀၀ | □ |
| ပုသိမ် | ၈၁၀၀ | △ | ၃၁၀၀၀ | □ | ၁၁၇၄၀ | △ | ၄၈၀၀၀ | □ |
| ပဲခူး | ၇၈၀၀ | △ | ၃၁၀၀၀ | △ | ၁၁၅၀၀ | △ | ၄၈၀၀၀ | △ |
| ရွှေဘို | ၁၀၅၀၀ | □ | ၄၄၀၀၀ | □ | ၁၅၅၀၀ | □ | ၅၅၀၀၀ | □ |
| စစ်ကိုင်း | ၇၇၅၀ | □ | ၃၀၀၀၀ | □ | ၁၂၅၀၀ | ▽ | ၅၀၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၈၅၀၀ | □ | ၃၅၀၀၀ | □ | - | - | ၅၃၅၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၈၅၀၀ | □ | ၃၅၀၀၀ | □ | - | - | ၅၃၅၀၀ | □ |
| မန္တလေး | ၈၀၀၀ | □ | ၃၃၀၀၀ | □ | - | - | ၅၅၀၀၀ | □ |
| မကွေး | ၉၀၀၀ | □ | ၂၈၀၀၀ | □ | - | - | ၅၂၀၀၀ | □ |
| မော်လမြိုင် | ၇၀၀၀ | △ | ၃၂၅၀၀ | □ | ၁၀၀၀၀ | △ | ၅၂၀၀၀ | □ |
| မြိတ် | ၈၅၀၀ | □ | ၃၄၅၀၀ | □ | - | - | ၅၆၀၀၀ | □ |
| ဘားအံ | ၈၀၀၀ | □ | ၃၀၀၀၀ | □ | - | - | ၅၂၀၀၀ | □ |


မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည် ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# ပြည်ခရိုင်တွင် နွေစပါး အရောင်းအဝယ်သွက်လျက်ရှိ

ပြည်ခရိုင်တွင် မေလနောက်ဆုံးပတ်က ပြည်မြို့နယ်တွင်သာ နွေစပါးထွက်ရှိပြီး အရောင်းအဝယ်ရှိသော်လည်း ယခု ဇွန်လဆန်းတွင် ပြည်ခရိုင်ရှိ မြို့နယ် များအားလုံး နွေစပါးများ ထွက်ပေါ်နေပြီဖြစ်သည်။

ပေါင်းတည်မြို့နယ်တွင် နွေစပါးဈေးမှာ ၄၆ ပေါင် တင်း ၁၀၀ လျှင် ကျပ် ၆၉၀၀၀၀၊ သဲကုန်းမြို့နယ်တွင် ကျပ် ၇၂၀၀၀၀၊ ပြည်မြို့နယ်တွင် ကျပ် ၇၅၀၀၀၀၊ ပေါက်ခေါင်း မြို့နယ်တွင် နွေစပါး တင်း ၁၀၀ လျှင် ကျပ် ၆၆၀၀၀၀၊ ပန်းတောင်းမြို့နယ်တွင် ကျပ် ၇၁၀၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ နွေစပါးမှာ စပါးကောင်းပြီး ဆန်သားအကျိုးအကျေ နည်းသည့်အတွက် ပို၍အရောင်းအဝယ်သွက်ကြောင်း သိရသည်။

**လွင်လွင်ဆန်း(ပြည်)**



# ပြည်ကုန်စည်ဒိုင်၏ ပဲမျိုးစုံ အရောင်းအဝယ်ဖြစ်မှု အခြေအနေနှင့် ဈေးနှုန်းဈေးကွက်

ပြည်ခရိုင်အတွင်းရှိပြည်ကုန်စည်ဒိုင်တွင် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ ဗိုလ်ကိတ်ပဲများ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပြည်ကုန်စည်ဒိုင်တွင် မေလပထမပတ်တွင် ပဲဈေးကျလာပြီး ပဲတစ်တင်းကို ကျပ် ၄၇၆၀၀ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ဒုတိယပတ်မှာတော့ ပဲဈေးမှာ ကျပ် ၄၈၀၀၀-၄၈၅၀၀ ဖြင့် ဈေးပြန်တက်ခဲ့ကာ တစ်ရက်ကို အိတ် ၁၀၀-၂၀၀ ခန့်သာ အဝယ်ရှိခဲ့သည်။ တတိယပတ်တွင် ပဲတစ်တင်းကို ကျပ် ၄၆၇၀၀-၄၇၀၀၀ ဖြင့် ဈေးပြန်ကျခဲ့ပြီး နောက်ဆုံးပတ်တွင် ပဲတစ်တင်းကို ကျပ် ၄၆၂၀၀-၄၇၂၀၀- ၄၇၃၀၀-၄၇၅၀၀ ဖြင့် ဈေးပြန်တက်ခဲ့ပြီး အရောင်းအဝယ်မှုမှာ လှောင်သမားများအဝယ်ရှိခဲ့ပြီး တစ်ရက်ကို အိတ် ၃၀၀၊ ၄၀၀ခန့် အဝယ်ရှိနေသည်။

မေလပထမပတ်တွင် ကုလားပဲဟော်လန် တစ်တင်းကို ကျပ် ၄၅၀၀၀၊ ကုလားပဲ (မြကြေးမှုံ) တစ်တင်းကို ကျပ် ၄၆၀၀၀-၄၆၅၀၀ဖြင့် ဈေးအနည်းငယ်တက်လာပြီး မြို့တွင်းအဝယ်နှင့် ရန်ကုန်အဝယ် တစ်ရက်အိတ် ၂၀၀၊ ၃၀၀ခန့်ရှိသည်။ ဒုတိယပတ်မှာ ကုလားပဲဈေး ထပ်တက်လာပြီး ကုလားပဲ (ဟော်လန်) တစ်တင်းကို ကျပ် ၄၆၅၀၀၊ ကုလားပဲ (မြကြေးမှုံ) တစ်တင်းကို ကျပ် ၄၈၀၀၀-၄၈၅၀၀ ကျပ်ဖြင့် ဈေးတက်ခဲ့ကာ အဝယ်လည်းသွက်ခဲ့သည်။ တတိယပတ်တွင် ကုလားပဲဈေး ထပ်တက်လာပြီး ကုလားပဲဟော်လန် တစ်တင်းကို ကျပ် ၄၇၀၀၀၊ ကုလားပဲ (မြကြေးမှုံ) တစ်တင်းကို ကျပ် ၄၈၅၀၀-၄၈၈၀၀-၄၉၀၀၀ ဖြင့် ရန်ကုန်အဝယ် တစ်ရက်ကိုအိတ် ၄၀၀၊ ၅၀၀ခန့် အဝယ်ရှိခဲ့သည်။ မေလ နောက်ဆုံးပတ်မှာ ကုလား(ဟော်လန်)တစ်တင်းကို ကျပ် ၄၈၃၀၀-၄၈၅၀၀၊ ကုလားပဲ(မြကြေးမှုံ)တစ်တင်းကို ကျပ် ၄၉၅၀၀ အထိ ဈေးတက် လာခဲ့ပြီး ခွဲစက်သမားများ မြို့တွင်းရောင်းဝယ်မှုနှင့် လှောင်သမားများ အဝယ်ရှိသည်။

မေလ ပထမပတ်တွင် ပဲစင်းငုံတစ်တင်းကို ကျပ် ၄၄၀၀၀ ဖြင့် ဈေးတက်ခဲ့ပြီး အရောင်းအဝယ်လည်း အနည်းငယ်သာရှိခဲ့သည်။ မေလ ဒုတိယပတ်တွင် ပဲဈေးမှာအေးနေပြီး တစ်တင်းကို ကျပ် ၄၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ မေလ နောက်ဆုံးပတ်မှာ ပဲစင်းငုံဈေးအေးနေပြီး ပဲတစ်တင်းကို ကျပ် ၄၄၀၀၀-၄၄၅၀၀ဖြင့် တစ်ခါတစ်ရံမှသာ အရောင်းအဝယ်ဖြစ်ခဲ့သည်။

မေလပထမပတ်နှင့် ဒုတိယပတ်တွင် ဗိုလ်ကိတ်ပဲဈေးအေးနေပြီး ပဲတစ်တင်းကို ကျပ် ၃၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ တတိယပတ်တွင် ပဲတစ်တင်းကို ကျပ် ၃၅၅၀၀ ဖြစ်ခဲ့ပြီး နောက်ဆုံးပတ်တွင် ကျပ် ၃၆၀၀၀ဖြင့် ဈေးပြန်တက်ကာ တစ်ရက်ကို အိတ် ၅၀/၁၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ပြည်ကုန်စည်ဒိုင်တွင် မတ်ပဲဈေးမှာ အတက်အကျသိပ်မရှိဘဲ ကုလားပဲဈေးမှာတော့ ဈေးအမြင့်ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ပဲစင်းငုံနှင့် ဗိုလ်ကိတ်ပဲမှာ ဈေးအေးလျက်ရှိကြောင်း သိရှိရသည်။

**မိမိအေး (ပြည်)**

# ပြည် မြေပဲပင်ပေါက်ဈေးကွက်

မြေပဲပင်ပေါက်များသည် တစ်နှစ်မှတစ်ခါ စားရခြင်းဖြစ်ပြီး မိုးရွာမှသာ မြေပဲခင်းမှ မြေပဲစေ့လေးများ ထွက်ပေါ်လာခြင်းဖြစ်သည်။ မြေပဲပင်စို့များကို နုတ်ယူရာတွင် တစ်ဧကလျှင် ၁၀ပိဿာ မှ ၁၅ ပိဿာအထိ နုတ်ယူရရှိကြပြီး မြေပဲနုတ်ယူစဉ်အချိန်က မြေပဲလက်ကျန် ကျန်ရှိခဲ့မှု အနည်း၊ အများပေါ်မူတည်ပြီး ရရှိခြင်းဖြစ်သည်။

ရောင်းချသူများအနေဖြင့် မြေပဲကို မြေပဲပင်ပေါက်အဖြစ် အရင်းအနှီးများသောကြောင့် ပြုလုပ်ရောင်းချနိုင်ခြင်းမရှိသော်လည်း မြေပဲပင်နုတ်ယူခဲ့စဉ်က ကျန်ခဲ့သည့် လက်ကျန်များကြောင့်သာ စားသုံးသူများသို့ ရောင်းချနိုင်ခြင်းဖြစ်သည်။ မြေပဲပင်ပေါက်ကို ထိပ်၊ အရွက်၊ အညွန့်ကလေးများကိုဖွဲ့ပြီး ကြော်၍သော်လည်းကောင်း၊ ပြုတ်ကြော်လုပ်၍လည်းကောင်း စားသုံးကြသည်။

ယခုရက်အတွင်း မိုးကောင်းလာသည်နှင့်အတူ မြေပဲနုတ်သိမ်းရာတွင် ကျန်ရှိသည့် မြေပဲများမှ မြေပဲအစို့များ ထွက်လာကြောင်းသိရသည်။ ပြည်ဈေးကွက်တွင် မြေပဲပင်ပေါက် တစ်ပိဿာလျှင် ကျပ် ၄၀၀၀ မှ ၄၂၀၀ ထိရှိပြီး မြေပဲဆန် တစ်တင်းလျှင် ကျပ် ၆၀၀၀၀ မှ ၆၅၀၀၀ အထိရှိကြောင်း သိရှိရသည်။

**သင်းသင်းအောင် (ပြည်)**

# ပဲတီစိမ်း(မိုးကြို/မိုး)စိုက်ပျိုးမှုနှင့် ဈေးကွက်အခြေအနေ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် ပဲတီစိမ်း (မိုးကြို/မိုး)ကို ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် ၁၅၀၁၁ ဧကစိုက်ပျိုးခဲ့ပြီး ယခု ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ကျောက်ဆည်မြို့နယ်တွင် ၉၈၈၁ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၆၆၇၄ ဧက၊ မြစ်သားမြို့နယ် တွင် ၃၁၂၃ ဧက၊ တံတားဦးမြို့နယ်တွင် ၂၂၄ ဧက၊ စုစုပေါင်း ၁၉၉၀၂ ဧက စိုက်ပျိုးလျက်ရှိပြီး ယခင်နှစ်ထက် ၄၈၉၁ ဧက ပိုမိုစိုက်ပျိုးကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရှိရသည်။

ပဲတီစိမ်းမျိုးအနေဖြင့် ကျောက်စိမ်းမျိုး၊ ရေဆင်း (၁၁)မျိုးများကိုသာ အများဆုံး စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးစေ့ ၅-၆ ပြည်ခန့် ကုန်ကျကြောင်း၊ မျိုးဈေးနှုန်းအနေဖြင့် တစ်ပြည်လျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ဝယ်ယူစိုက်ပျိုးရပြီး တစ်ဧက ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ၊ စုစုပေါင်း ကျပ် ၂၇၀၀၀၀ ဝန်းကျင် ကုန်ကျကြောင်း သိရှိရသည်။

ပဲတီစိမ်း (မိုးကြို/မိုး)ကို မတ်လတွင် စိုက်ပျိုးကြပြီး ယခုအချိန်တွင် ပဲတီစိမ်းများ စတင်ထွက်ရှိနေပြီ ဖြစ်သည်။ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၀-၁၂ တင်းခန့် ထွက်ရှိကြောင်း၊ ပဲတီစိမ်းဈေးနှုန်းအနေဖြင့် ကျောက်ဆည်ပွဲရုံများ၌ ပဲတီစိမ်း တစ်တင်းလျှင် ကျပ် ၄၈၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်နေပြီး တစ်ဧက အကျိုးအမြတ်အနေဖြင့် ကျပ် ၂၁၀၀၀၀ ဝန်းကျင်ခန့်ရရှိကြောင်း ကျောက်ဆည်မြို့နယ် သံချပ်ကုန်းကျေးရွာရှိ တောင်သူတစ်ဦး၏ ပြောပြချက်အရ သိရှိရသည်။

**ကြည်ကြည်ဝင်း (ကျောက်ဆည်)**

# မော်လမြိုင်ကုန်စည်ဒိုင်၌ ရော်ဘာ၊ ဆန်၊ ပဲမျိုးစုံနှင့် ရေထွက်ကုန်များ ဈေးတက်နေ

မေ ၃၁ ရက် မော်လမြိုင်ကုန်စည်ဒိုင်၏ ကုန်ဈေးနှုန်းပေါက်ဈေးများမှာ ရော်ဘာ R.S.S-3(နေလှန်းပြား)တစ်ပေါင် ကျပ် ၁၁၂၀၊ (မှိုင်းခံပြား)တစ်ပေါင် ကျပ် ၁၁၄၀ ၊ ၁၀၈ ပေါင် (ဆန်သား ၉၀ ရာခိုင်နှုန်း)ဆန်တစ်အိတ်ဈေးနှုန်းမှာ ဧည့်မထ ကျပ် ၃၄၅၀၀၊ ပေါ်ကျွဲ ကျပ် ၄၃၅၀၀၊ ပေါ်ဆန်း ကျပ် ၅၄၀၀၀၊ ၂၀ ပိဿာဝင် ပဲတစ်တင်း ဈေးနှုန်းများမှာ ပဲတီစိမ်း ကျပ် ၃၆၅၀၀၊ မတ်ပဲ ကျပ် ၄၇၀၀၀၊ ပဲလွမ်းဖြူ ကျပ် ၄၀၀၀၀၊ ဗိုလ်ကိတ် ကျပ် ၃၇၀၀၀၊ ပဲပုပ် ကျပ် ၅၀၀၀၀၊ မြေပဲ ၇၈၀၀၀ ကျပ်၊ ရေထွက်ကုန် (အလတ်စ) တစ်ပိဿာ ဈေးနှုန်းမှာ ငါးတန် ကျပ် ၂၇၀၀၊ ငါးသလောက်(အာနီ) ကျပ် ၁၄၀၀၀၊ ငါးမြစ်ချင်း ကျပ် ၃၇၀၀၊ ငါးပုဏ္ဏား ကျပ် ၁၂၂၀၀၊ တီလားဗီးရား ကျပ် ၅၅၀၀၊ ကင်းမွန်ကျပ် ၁၁၀၀၀၊ ကကတစ် ကျပ် ၁၃၀၀၀၊ ငါးကွန်းရှပ် ကျပ် ၉၅၀၀၊ ငါးပုတ်သင် ကျပ် ၅၀၀၀၊ ပုစွန်ပျော့ ကျပ် ၁၀၀၀၀ မှ ၁၄၀၀၀၊ ရေချိုပုစွန်တုပ်(စိမ်း) ကျပ် ၂၁၅၀၀ မှ ၅၂၀၀၀ အသီးသီး ဖြစ်ပေါ်နေကြောင်း သိရှိရသည်။

မေ ၁၈ ရက် ဈေးနှုန်းနှိုင်းယှဉ်ပါက ရော်ဘာ R.S.S-3 (နေလှန်းပြား) တစ်ပေါင်လျှင် ၆၀ ကျပ်၊ မှိုင်းခံပြားတစ်ပေါင် ၆၀ ကျပ်၊ ဆန်ဈေးနှုန်းတွင် ဧည့်မထ နှင့် ပေါ်ဆန်းတစ်အိတ် ၁၀၀၀ ကျပ်၊ ပဲမျိုးစုံမှ ပဲတီစိမ်း ၅၀၀ ကျပ်၊ မတ်ပဲ ၁၀၀၀ ကျပ်၊ ပဲလွမ်းဖြူ ၂၀၀၀ ကျပ် ၊ ဗိုလ်ကိတ် ၁၀၀၀ ကျပ်၊ မြေပဲ ကျပ် ၈၀၀၀ နှင့် ရေထွက်ကုန်အများစု ဈေးနှုန်းမြင့်တက်နေကြောင်း မော်လမြိုင်ကုန်စည်ဒိုင်မှ သိရှိရသည်။

**ဝင်းမြတ် (ရာမညကုန်သွယ်မှုဗဟိုဌာန)**

# ပြည်ပဲဈေးကွက်၌ မတ်ပဲနှင့် ပဲစင်းငုံ ပုံမှန်အရောင်းအဝယ်ဖြစ်

ပြည်ပဲမျိုးစုံ ဈေးကွက်အတွင်း ပဲမျိုးစုံဈေးနှုန်းများမှာ ပြည်ပဝယ်လိုအားများသော ပဲများထက် ပြည်တွင်းဝယ်လိုအားရှိသော ပဲသီးနှံများ ဈေးမြင့်လာခဲ့ကြောင်း သိရှိရသည်။ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပြည်ပဝယ်လက်အဓိကရှိသော ပဲများတွင် ပဲတီစိမ်းနှင့် ပဲစင်းငုံသီးနှံမှာ ပဲအဝင်လုံးဝမရှိတော့ဘဲ မတ်ပဲသီးနှံသာ ဝင်ရောက်မှုအနည်းငယ် ရှိနေခဲ့သည်။

အရောင်းအဝယ်ဖြစ်မှု ပမာဏအနေဖြင့် မတ်ပဲသီးနှံ အိတ်ရေ ၁၀၀၊ ၂၀၀ ကျော် ပုံမှန် အရောင်းအဝယ်ဖြစ်ခဲ့ကာ ပိဿာ ၂၀ တစ်တင်း ကျပ် ၄၇၅၀၀ ဖြင့် ယခင်ရက်များကထက် ဈေးလျှော့မသွားသော်လည်း သိသိသာသာ ဈေးမြင့်တက်ခဲ့ခြင်းမျိုး မရှိခဲ့ပေ။ ယခင်နှစ် ဇွန်လဆန်းတွင် တစ်တင်း ကျပ် ၃၄၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည့်အတွက် ယခုနှစ်ဈေးကတော့ တစ်တင်း ကျပ်တစ်သောင်းကျော် ဈေးမြင့်တက်လျက်ရှိပြီး လှောင်သမားတောင်သူများအနေဖြင့် ငွေလို၍ထုတ်ရောင်းချမှု အနည်းငယ်သာရှိခဲ့ကြသည်ကို တွေ့ရသည်။

ပဲစင်းငုံသီးနှံမှာ ပဲအဝင်မရှိသော်လည်း လှောင်ပဲလက်ကျန် ရှိခြင်းကြောင့် ရန်ကုန်ဝယ်လက် ဝယ်ယူမှုရသည့်ရက်တွင် အိတ် ၁၀၀၊ ၂၀၀ခန့် အရောင်းအဝယ်ဖြစ်ပြီး ပဲစင်းငုံသီးနှံဈေး တစ်တင်း ကျပ် ၄၄၅၀၀ ဖြင့် ယခုနှစ်ဈေးထက် ကျပ်နှစ်သောင်းနီးပါး မြင့်တက်ခဲ့ကြောင်း သိရသည်။ ယခင်နှစ်က ဇွန်လအတွင်း ပဲစင်းငုံဈေးမှာ တစ်တင်း ကျပ် ၂၉၀၀၀ ဖြင့် ကျပ် သုံးသောင်းအောက် လျှော့နည်းခဲ့သည့်အတွက် ယခုနှစ် ပဲစင်းငုံသီးနှံ ပဲအသစ်ပေါ်စမှစ၍ ဈေးကောင်းရရှိနေသော သီးနှံဖြစ်ကြောင်း သိရသည်။

**ခင်ဆွေဝင်း (ပြည်)**

# (၁၅) ကြိမ်မြောက် အာဆီယံနှင့် အရှေ့အာရှ စီးပွားရေး သုတေသနဌာနအုပ်ချုပ်မှုဘုတ်အဖွဲ့ အစည်းအဝေးကျင်းပ

ဇွန် ၂ ရက် နံနက် ၁၁ နာရီခွဲမှ မွန်းလွဲ ၁ နာရီခွဲအထိ Video Conferencing စနစ်ဖြင့်ကျင်းပသည့် (၁၅)ကြိမ်မြောက် အာဆီယံနှင့် အရှေ့အာရှ စီးပွားရေးသုတေသနဌာန (ERIA) အုပ်ချုပ်မှု ဘုတ်အဖွဲ့အစည်းအဝေးသို့ မြန်မာနိုင်ငံ၏ အီးအာရ်အိုင်အေ အုပ်ချုပ်မှုဘုတ်အဖွဲ့ဝင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်သည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) မှ ပါဝင်တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ဖိလစ်ပိုင်နိုင်ငံ Ateneo de Manila University ၏ စီးပွားရေး ပါမောက္ခ Dr. Cielito F. Habito က အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အီးအာရ်အိုင်အေ အုပ်ချုပ်မှုဘုတ်အဖွဲ့ဝင်များဖြစ်သည့် အာဆီယံနိုင်ငံများနှင့် ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ နယူးဇီလန်နိုင်ငံတို့က ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ကျွမ်းကျင်ပညာရှင်များ၊ အီးအာရ်အိုင်အေ အကြံပေးကောင်စီ အဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေး၌ အီးအာရ်အိုင်အေ အုပ်ချုပ်မှုဘုတ်အဖွဲ့ အစည်းအဝေး သဘာပတိ ပါမောက္ခ Dr. Cielito F. Habito၊ အီးအာရ်အိုင်အေ၏ဥက္ကဋ္ဌဖြစ်သူ ပါမောက္ခ Hidetoshi Nishimura နှင့် အာဆီယံအတွင်းရေးမှူးချုပ် Dato Paduka Lim Jock Hoi တို့က အမှာစကားများ ပြောကြားခဲ့သည်။

ဆက်လက်၍ အီးအာရ်အိုင်အေ၏ Chief Economist၊ ပါမောက္ခ Fukunari Kimura က ကမ္ဘာ့လက်ရှိဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများက အာဆီယံနှင့် အရှေ့အာရှဒေသအပေါ် အကျိုးသက်ရောက်မှုများကို လည်းကောင်း၊ အကြီးတန်းမူဝါဒရေးရာအဖွဲ့ဝင် ပါမောက္ခ Jun Arima က အရှေ့အာရှနိုင်ငံများအတွက် ဆောင်ရွက်သည့် စွမ်းအင်မူဝါဒဆိုင်ရာ လေ့လာမှုလမ်းပြမြေပုံ ၂၀၂၂-၂၀၂၃ ကို လည်းကောင်း ရှင်းလင်းတင်ပြသည်။ ထို့နောက် အာဆီယံ အတွင်းရေးမှူးချုပ်နှင့် အီးအာရ်အိုင်အေ အုပ်ချုပ်မှုဘုတ်အဖွဲ့ဝင်များက အာဆီယံနှင့် အရှေ့ အာရှဒေသအပေါ် ကမ္ဘာ့တိုးတက်မှု အကျိုးသက်ရောက်မှုများနှင့် အီးအာရ်အိုင်အေက အာဆီယံနှင့်အရှေ့အာရှဒေသတွင်ဆောင်ရွက်ရမည့် သုတေသနအစီအစဉ်သစ်များကို အဆိုပြု ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အီးအာရ်အိုင်အေ၏ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အတွက် ဆောင်ရွက်သည့် သုတေသနလုပ်ငန်းအစီအစဉ်များကို အသိအမှတ်ပြုကြောင်း၊ ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) သဘောတူစာချုပ်တွင် မြန်မာနိုင်ငံသည် ကျန်အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံနှင့် နှစ်နိုင်ငံအကြား အသက်ဝင်ပြီးဖြစ်ကြောင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့်၊ မြန်မာနိုင်ငံတို့က RCEP ၏ အချို့သဘောတူညီချက်များကို လိုက်ပါအကောင်အထည်ဖော်ရန်အတွက် ကြားကာလ ကူးပြောင်းချိန်များ ရရှိထားကြောင်း၊ အဆိုပါကာလအတွင်း မြန်မာနိုင်ငံအနေဖြင့်လည်း RCEP စာချုပ်ကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်သည့် အဖွဲ့အစည်းတည်ဆောက်မှုနှင့် ဥပဒေဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များကို ဆောင်ရွက်ပေးစေလိုပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးနှင့်အတူ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ အရာရှိများလည်း ပါဝင်တက်ရောက်ခဲ့သည်။

**DICA**

## မြန်မာ့ဆိပ်ကမ်းတွင် ၃ .၆ . ၂၀၂၂ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း(၁) | ITT LEOPARD | Pulses ၃၀၀၀ တင်ဆဲ |
| အေးရှားဝေါလ်အမှတ်(၂)ဆိပ်ကမ်း | KOTA HIDAYAH | ကုန်သေတ္တာ ၇၉၈ တင်ဆဲ ၄၈၈ ချဆဲ |
| အလုံဆိပ်ကမ်းအမှတ်(၁) | ASHICO VICTORIA | ဆန်တန်ချိန် ၈၅၀၀ တန်တင်ဆဲ |
| အလုံဆိပ်ကမ်းအမှတ်(၃) | FU XING HA | ဆန်တန်ချိန် ၇၅၀၀ တန်တင်ဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၂) | SINAR BINTAN | ကုန်သေတ္တာ ၈၂၃ တင်ဆဲ ၇၂၂ ချဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၃) | MAERSK NESNA | ကုန်သေတ္တာ ၁၂၆၂ တင်ဆဲ ၄၅၄ ချဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၄) | B TRADER | ကုန်သေတ္တာ ၁၂၇၇ တင်ဆဲ ၁၀၁၃ ချဆဲ |
| ဆူးလေအမှတ်(၂)ဆိပ်ကမ်း | HANDY PERTH | ဆန်(In Bulk) ၂၇၀၀၀ တန်တင်ဆဲ |
| ဆူးလေအမှတ်(၄)ဆိပ်ကမ်း | TARSUS M | ဆန်(In Bulk) ၃၃၀၀၀ တန်တင်ဆဲ |
| ဆူးလေအမှတ်(၆)ဆိပ်ကမ်း | VINASHIP DIAMOND | Urea ၂၀၀၀၀ တန်တင်ဆဲ |
| ဆူးလေအမှတ်(၇)ဆိပ်ကမ်း | COHIBA | ဆန်(In Bulk) ၂၄၅၀၀ တန်တင်ဆဲ |
| သီလဝါဆိပ်ခံတံတား | PAZHE WISDOM | Fertilizerတန် ၁၃၀၀၀ ချဆဲ |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(၅) | GOLDEN STAR | Fertilizerတန် ၁၇၀၀၀ ချဆဲ |
| သီလဝါစက်မှုဆိပ်ကမ်း(၁) | AAL KOBE | G/C တန် ၃၈၃၉ချဆဲ |
| IBTT | MCL 19 | Y'Maize ၂၆၅၀ တန်တင် ဂျုံ ၂၇၅၀၀ တန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| MAC DAILAN | D'BAR ၃၆၈၉ တန်ချရန် | - | ၂.၆.၂၀၂၂ |
| NORSE SAVNNA | Wheat, ၂၇၅၀ တန်တင်ရန် | - | ၃.၆.၂၀၂၂ |
| PIONEER ELITE | Pulses,၉၀၀၀ တန်တင်ရန် | INDIA | ၃.၆.၂၀၂၂ |
| YENGZE VENUS | MT,MASCHINE, ၁၁၀ တန်ချရန် | SINGAPORE | ၃.၆.၂၀၂၂ |
| TAY SON 4 | Y' Maize, 12400 တန်တင်ရန် | PHILIPPINES | ၃.၆.၂၀၂၂ |
| TT PUMA | Pulses, ၁၉၅၀ တန်တင်ရန် | INDIA | ၃.၆.၂၀၂၂ |
| SUN SHINE | Cement, 3700 တန်ချရန် | THAILAND | ၃.၆.၂၀၂၂ |
| HENG TA HONG | Steel and Equipment, 19300 တန်ချရန် | CHINA | ၃.၆.၂၀၂၂ |
| BBC DOLPHIN | MTS(12)UNTS , RAILS COACH WAGONS ၄၆၀ ချရန် | JAPAN | ၃.၆.၂၀၂၂ |
| CUI HUA | Steel , 2200 တန်ချရန် | CHINA | ၄.၆.၂၀၂၂ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| KENG TUNG | PORTKELANG | စက်မှုဆိပ်ကမ်း | ၁.၆.၂၀၂၂ |
| ISEACO WISDOM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၆.၂၀၂၂ |
| RESOLUTION | SINGAPORE | စက်မှုဆိပ်ကမ်း | ၂.၆.၂၀၂၂ |
| AEGEAN EXPRESS | SINGAPORE | စက်မှုဆိပ်ကမ်း | ၂.၆.၂၀၂၂ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၆.၂၀၂၂ |
| ASIATIC KING | SINGAPORE | စက်မှုဆိပ်ကမ်း | ၆.၆.၂၀၂၂ |
| KOTA HIDAYAH | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၆.၂၀၂၂ |
| PROGRESS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၆.၂၀၂၂ |
| VENUS C | PORTKELANG | စက်မှုဆိပ်ကမ်း | ၆.၆.၂၀၂၂ |
| TCI SURYA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၆.၂၀၂၂ |
| CHATTANOOGA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၆.၂၀၂၂ |
| NAKSKOV MAERSK | PORTKELANG | သီလဝါ/စက်မှုဆိပ်ကမ်း | ၆.၆.၂၀၂၂ |
| XETHA BHUM | SINGAPORE | သီလဝါဆိပ်ကမ်း | ၆.၆.၂၀၂၂ |
| UNI ACCORD | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၆.၂၀၂၂ |
| MAERSK NESNA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၉.၆.၂၀၂၂ |
| HANSA BREITENBU | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၀.၆.၂၀၂၂ |
| SINAR SOLO | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၀.၆.၂၀၂၂ |
| FILOTIMO | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၀.၆.၂၀၂၂ |
| MAERSK NESNA | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၀.၆.၂၀၂၂ |
| NORDAGER MAERSK | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၀.၆.၂၀၂၂ |
| X PRESS MEGHNA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၂.၆.၂၀၂၂ |
| ZIM AUSTRALIA | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၂.၆.၂၀၂၂ |
| BLPL FAITH | PORTKELANG | သီလဝါဆိပ်ကမ်း | ၁၂.၆.၂၀၂၂ |
| GREEN ACE | PORTKELANG | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၂.၆.၂၀၂၂ |
| ASIATIC NEPTUNE | PORTKELANG | စက်မှုဆိပ်ကမ်း | ၁၂.၆.၂၀၂၂ |
| NEGAR | PORTKELANG | သီလဝါဆိပ်ကမ်း | ၂၃.၆.၂၀၂၂ |
| ALVAN | PORTKELANG | သီလဝါဆိပ်ကမ်း | ၂၅.၆.၂၀၂၂ |

စားအုန်းဆီ၊ ဒီဇယ်၊ ဓာတ်ဆီ ကုန်သင်္ဘောအဝင်စာရင်းထုတ်ပြန်ခြင်း မရှိတော့ပါ။

# မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ကရင်ပြည်နယ်အသင်းခွဲ အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပ

၂၀၂၂-၂၀၂၅ သက်တမ်းကာလအတွက် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း(ကရင်ပြည်နယ်အသင်းခွဲ)၏ ဆန်စက်လုပ်ငန်းရှင်များအသင်း ပြန်လည်ဖွဲ့စည်းခြင်း အခမ်းအနားကို ကရင်ပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၌ ဇွန် ၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ကရင်ပြည်နယ်ဦးစီမှူးရုံးမှ ပြည်နယ်ဦးစီးမှူး ဦးစိန်လွင်က အဖွင့်အမှာစကား ပြောကြားသည်။ ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းအေးက စိုက်ပျိုးရေးနှင့်ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းပြီး မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဖွဲ့ကပင် ကုန်သွယ်မှုဗဟိုဌာန တာဝန်ခံ ဦးခင်မောင်မောင်အုန်းက မိမိဌာနသည် ဒေသထွက်ကုန်များနှင့် ပတ်သက်၍ ဈေးကွက်ရရှိရေး ချိတ်ဆက် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် မိမိဌာန၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းဦးက ကရင်ပြည်နယ် ဆန်စက်လုပ်ငန်းရှင်များအသင်း ပြန်လည်ဖွဲ့စည်းရသည့် အကြောင်းအရာများအား ရှင်းလင်းပြီး ရွေးချယ်တင်မြှောက်မည့်အစီအစဉ်များ၊ အသင်း၏ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသူများက ၂၀၂၂-၂၀၂၅ သက်တမ်းကာလ ကရင်ပြည်နယ်ဆန်စက်လုပ်ငန်းရှင်များအသင်းအတွက် အမှုဆောင်သစ်များအား အဆိုပြုခြင်း၊ ထောက်ခံခြင်းစနစ်ဖြင့် ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် ၁၇ ဦးအား ရွေးချယ်တင်မြှောက်ခဲ့ကြပြီး ရွေးချယ်ခံ ကရင်ပြည်နယ် ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ(သစ်) ဦးအောင်ဇော်ထက်က နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**ဇာခြည်အောင်**
**(DOCA kayin)**

# လုံးတီးဆန် ကြိတ်ခွဲမှုကြောင့် ဖွဲနုဈေးမြင့်တက်

ပြည်တွင်းမွေးမြူရေးလုပ်ငန်းအတွက် အဓိက အစာကုန်ကြမ်းဖြစ်သည့် ဖွဲနု (Rice Bran) ဈေးနှုန်းသည် ယခုနှစ်အတွင်း မြင့်တက်လျက်ရှိကြောင်း သိရှိရသည်။

စပါးဘေးထွက်ပစ္စည်းဖြစ်သည့် ဖွဲနုသည် ယခင်နှစ်တွင် တစ်ပေါင်လျှင် ကျပ် ၁၀၅-၁၁၀ တစ်အိတ် (ပေါင် ၇၀) လျှင် ကျပ် ၇၃၀၀-၇၇၀၀ သာရှိပြီး လက်ရှိအချိန်တွင် တစ်ပေါင်လျှင် ၁၉၅-၂၀၀ ကျပ်၊ တစ်အိတ် (ပေါင်၇၀) လျှင် ၁၃၀၀၀-၁၄၀၀၀ ကျပ်အထိ ရှိနေကာ ဖွဲနုကုန်ကြမ်း အခြေခံပြီး ကျွေးသည့် မွေးမြူရေးလုပ်ငန်းများတွင် အခက်အခဲများရှိကြောင်း သိရသည်။

ဆန်စက်များတွင် လုံးတီးဆန်များ ကြိတ်ခွဲခြင်းကြောင့် ဖွဲနု အထွက်နည်းပါး၍ ဖွဲနုဈေးနှုန်း မြင့်တက်ခဲ့ခြင်းဖြစ်ပြီး ဆန်စက်များအနေဖြင့် လုံးတီးဆန် ကြိတ်ခွဲရခြင်းမှာ လျှပ်စစ်မီး ပြတ်တောက်မှု များပြားလာသည့် အခြေအနေတွင် Generator Engine အသုံးပြု လည်ပတ်ရာ၌ ဆန်စက်၏ စက်ယူနစ်အားလုံး လည်ပတ်ကြိတ်ခွဲနိုင်ခြင်း မပြုနိုင်သည့်အတွက် လုံးတီးဆန်များသာ ကြိတ်ခွဲထုတ်လုပ်ကြကြောင်း သိရှိရသည်။

**သူရိန်ကောင်း (ပဲခူး)**

## ကြက်သွန်

### မိတ္ထီလာမှ ကြက်သွန်နီ မြဝတီသို့တင်ပို့

ကြက်သွန်နီပိုလျှံမှုရှိသော မိတ္ထီလာခရိုင်အနေဖြင့် အခြားဒေသများသို့ တင်ပို့မှုရှိရာ ယခုနောက်ပိုင်း ရန်ကုန် ဝယ်ဈေးနိမ့်ခြင်းကြောင့် တင်ပို့မှုမရှိသလောက်နည်းလာပြီး တွက်ခြေကိုက်မှုရှိသော မြဝတီသို့ တင်ပို့မှုရှိကြောင်းသိရှိရသည်။ မြဝတီဝယ်လက်အနေဖြင့် အလတ်စ မှာယူမှုများပြီး အသေးစကိုလည်း အနည်းငယ် ဝယ်ယူမှုရှိကာ အဝယ်လိုက်သဖြင့် ဈေးမြင့်လာသည်။

ဒေသတွင်းလက်ရှိ ကြက်သွန်နီဈေးမှာ လက်ကားဈေး တစ်ပိဿာလျှင် အလတ်စ ကျပ် ၈၅၀ နှင့် အသေးစ ကျပ် ၆၀၀ ဈေးရှိ သည်။ ယခုရက်ပိုင်းအတွင်း မိတ္ထီလာမှ မြဝတီသို့ တင်ပို့ရန်စီစဉ်နေပြီး မလှိုင်မှ မြဝတီသို့ တွဲကားနှစ်စီး တင်ပို့ပြီးကြောင်း သိရသည်။ ကုန်တင်ခမှာ ၁၂ ဘီးကား တစ်စီးလျှင် ကျပ် ၁၆ သိန်း ၁၇ သိန်းနှင့် တွဲကားတစ်စီးလျှင် ကျပ် ၂၇ သိန်းရှိကြောင်း ကြက်သွန်နီ တင်ပို့ရောင်းချနေသော ကုန်သည်များထံမှ သိရသည်။

**သင်းသင်းမြတ်(မိတ္ထီလာ)**

### ပြည်ကြက်သွန်နီဈေးကွက်သို့ နယ်စုံမှဝင်ရောက်လျက်ရှိ

ယခုတစ်ပတ် ပြည်ဈေးကွက်သို့ တောင်တွင်း၊ ဆိပ်ဖြူ၊ အောင်လံဘက်မှ ကြက်သွန်နီများအပြင် မုံရွာနှင့် ပြည်မြို့ အနောက်ဘက်ကမ်း မင်းတုန်း၊ ကံမဘက်မှ ကြက်သွန်နီများပါ ဝင်ရောက်မှုရှိနေသည်။ ပုံမှန်ဝင်ရောက်မှုမှာ ပိဿာ ၃၀ ဝင် အိတ် ၃၀၀ခန့် နေ့စဉ်အဝင်ရှိပြီး မုံရွာနှင့် ပြည်မြို့ အနောက်ဘက်ကမ်း မင်းတုန်း၊ ကံမဘက်မှ ကြက်သွန်နီများပါ ဝင်ရောက်မှုရှိနေသည်။ ပုံမှန်ဝင်ရောက်မှုမှာ ပိဿာ ၃၀ ဝင် အိတ် ၃၀၀ ခန့် နေ့စဉ်အဝင်ရှိပြီး မုံရွာနှင့် မင်းတုန်း၊ ကံမဘက်မှ အိတ် ၁၈၀- ၂၀၀ ခန့်ကို ဈေးကွက်သို့ ရက်ခြားဝင်ရောက်မှုရှိနေကြောင်း သိရသည်။

အရောင်းအဝယ်အနေဖြင့် သာယာဝတီခရိုင် ပန်းတောင်း (ဥသျှစ်ပင်) နှင့် ဇရာဝတီတိုင်း ကြံခင်းဘက်သို့ စီးဆင်းမှုများ ရှိနေပြီး ပုံမှန်အရောင်းဝယ်မှုဖြစ်နေကြောင်းသိရသည်။ ဈေးနှုန်းမှာ ပွဲရုံ လက်ကားဈေးတစ်ပိဿာ ကြီး/လတ်/သေး ကျပ် ၁၀၅၀/ ၉၅၀/ ၈၅၀ ပျမ်းမျှဈေးရှိပြီး လက်လီဈေးအသေးများတွင် ကျပ် ၁၃၀၀-၁၂၅၀/၁၂၀၀-၁၁၀၀/၁၀၀၀-၉၀၀ နှုန်းတိုးဖြင့် ရောင်းဝယ်မှုရှိနေသည်။

**ဝင်လဲ့ဝါ (ပြည်)**

### ကြက်သွန်နီနှင့် ကြက်သွန်ဖြူ ဈေးအနည်းငယ်ပို

ရန်ကုန် ဘုရင့်နောင်ကုန်စည်ဒိုင်၌ မေ ၂၀ ရက်မှ ဇွန် ၂ ရက်အတွင်း ကြက်သွန်နီနှင့် ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြက်သွန်နီ ဆိတ်ဖြူရှယ်(သစ်) ကျပ် ၈၂၅၊ ဆိတ်ဖြူ လတ်ကြီး ကျပ် ၈၂၅၊ ဆိတ်ဖြူလတ်သန့် ကျပ် ၇၇၅ နှင့် ဆိတ်ဖြူ လတ်ချော ကျပ် ၅၂၅ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိတ်ဖြူရှယ် (သစ်)ကျပ်၇၅၊ ဆိတ်ဖြူလတ်ကြီး ကျပ် ၁၄၇၊ ဆိတ်ဖြူလတ်သန့် ကျပ် ၅၀၊ ဆိတ်ဖြူလတ်ချော ကျပ် ၇၅ ဈေးမြင့်တက်ခဲ့သည်။

ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၃၂၀၀၊ အောင်ပန်းထူး-၂ ကျပ် ၁၇၀၀၊ အောင်ပန်းထူး-၃ ကျပ် ၂၃၀၀၊ အောင်ပန်း ထူး-၄ ကျပ် ၂၉၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၃၃၀၀ အသီးသီး ဈေးဖြစ် ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၂၀၀ ဈေးကျဆင်းခဲ့ပြီး အောင်ပန်းထူး-၂ ကျပ် ၁၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၀၀ နှင့် အောင်ပန်းထူး-၄ ကျပ်၁၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၂၀၀ ဈေးမြင့်တက်ခဲ့သည်။

**SSMaw Domestic(Ygn) MITC**

### ကသာ ကြက်သွန်နီ ဈေးနှုန်း တည်ငြိမ်လျက်ရှိ

ကသာခရိုင်တွင် ကြက်သွန်နီ ဝင်ရောက်မှုအနေဖြင့် မန္တလေး-မုံရွာဘက်မှ အဝင်များပြီး ခင်ဦး၊ ရေဦးဘက်မှလည်း အဝင်ရှိကြောင်း သိရှိရသည်။ ယခုတစ်ပတ်အတွင်း လက်လီဈေးနှုန်းအနေဖြင့် ကြက်သွန်နီ တစ်ပိဿာလျှင် အသေး၊ အလတ်၊ အကြီး ပေါ်မူတည်၍ ၁၀၀၀၊ ၁၂၀၀၊ ၁၄၀၀ ကျပ်ခန့်ထိရှိပြီး လက်ကားဈေးနှုန်းအနေဖြင့် ၉၀၀၊ ၁၀၀၀၊ ၁၁၀၀ ကျပ်နှုန်းခန့် ရောင်းချလျက်ရှိကာ ယခင်အပတ်များနှင့် ဈေးနှုန်းနှိုင်းယှဉ်ပါက အတက်/အကျမရှိဘဲ ဈေးနှုန်း တည်ငြိမ်လျက်ရှိကြောင်း သိရှိရသည်။

**ယဉ်ယဉ်မြင့်(ကသာ)**

## နှမ်း

### ဈေးပြန်မြင့်လာသည့် ပြည်နှမ်း

ပြည်ဈေးကွက်၌ ဇွန်လပထမပတ်တွင် နှမ်းနက်နှင့် စမုံနက်နှမ်းကို မကွေးနှင့် အောင်လံ ဝယ်လက်များက အဝယ်ပြန်ရှိလာသဖြင့် မေလနောက်ဆုံးပတ်ထက်စာလျှင် ဈေးပြန်မြင့်လာသည်ကို တွေ့ရသည်။ မိုးကြိုနှမ်းများ စိုက်ပျိုးချိန်ဖြစ်သဖြင့် ဈေးကွက်သို့ နှမ်းဝင်ရောက်မှုမများသော်လည်း ယခင်က ဈေးကွက်တွင်ကျန်ရှိနေသော လှော်နှမ်းများဖြင့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

အရောင်းအဝယ်မှာ နေ့စဉ် မဖြစ်သော်လည်း ရက်ခြား အိတ် ၁၀၀၊ ၂၀၀ ခန့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။ ယခု ဇွန်လပထမပတ်တွင် နှမ်းနီ သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀ ဖြင့် ယခင် မေလ နောက်ဆုံးပတ်ဈေးအတိုင်း ငြိမ်နေပြီး နှမ်းနက် သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၆၅၀၀၀၊ စမုံနက်နှမ်း သုံးတင်း တစ်အိတ်လျှင် ကျပ် ၂၂၀၀၀၀ ဖြင့် မေလနောက်ဆုံးပတ်ထက်စာလျှင် ဈေးမြင့်လာကြောင်းသိရသည်။

**ဝေဝေမင်း (ပြည်)**

## ချင်း

### ပြည်ချင်း ဒေသတွင်းသာ အရောင်းအဝယ်ဖြစ်နေ

ပြည်ပွဲရုံများသို့ အောင်ပန်းမှ ချင်း ၁၀ ပိဿာအိတ် တစ်ရက်လျှင် ၄၀၊ ၅၀ခန့် ပုံမှန် အဝင်ရှိနေသော်လည်း နယ်များတွင် မိုးများ ဆက်တိုက်ရွာသွန်းနေခြင်းကြောင့် အရောင်းအဝယ်အေးနေကြောင်း ပွဲရုံပိုင်ရှင်တစ်ဦးထံမှ သိရသည်။ ခရိုင်အတွင်း လက်လီသမားတို့သာ အရောင်းအဝယ်ဖြစ်နေသည်။ ယခုတစ်ပတ် ချင်းဈေး(ပွဲရုံဈေး) တစ်ပိဿာလျှင် ကျပ် ၉၀၀-၁၀၀၀ ဖြစ်ပြီး (လက်လီ)ဈေးမှာ ကျပ် ၁၅၀၀-၁၈၀၀ ဈေးဖြစ်သည်။ ခားလှီးချင်းဖတ် တစ်ပိဿာလျှင် ကျပ် ၁၇၀၀ ဈေးတို့ဖြင့် ရောင်းချလျက်ရှိသည်။

**ဝင်ဝင်းခိုင် (ပြည်)**

## အာလူး

### ရန်ကုန်ဈေးကွက်တွင် မန်ကျည်းနှင့်အာလူး ဈေးမြင့်တက်

ရန်ကုန် ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မေ ၂၀ ရက်မှ ဇွန် ၂ ရက်အတွင်း ဖြစ်ပေါ်ခဲ့ သော မန်ကျည်းသီး တစ်ပိဿာ ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၂၂၀၀ နှင့် မန်ကျည်း အသား (သစ်) ကျပ် ၃၂၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီး ပွင့်ကပ်(သစ်) ကျပ် ၁၀၀ နှင့် မန်ကျည်း အသား (သစ်) ကျပ် ၃၀၀ ဈေးမြင့်တက်ခဲ့ကြောင်း သိရသည်။

အာလူး တစ်ပိဿာ ဈေးနှုန်းများမှာ အောင်ပန်း A1 ကျပ် ၁၁၀၀၊ အောင်ပန်း OK ကျပ် ၁၄၅၀၊ အောင်ပန်း S1 ကျပ် ၁၅၅၀ နှင့် အောင်ပန်း S2 ကျပ် ၁၅၅၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အောင်ပန်း A1 ကျပ် ၂၀၀ နှင့် အောင်ပန်း OK ကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့သည်။ ကျန်အမျိုးအစားများ ဈေးငြိမ်လျက်ရှိသည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ အာလူးကားစီးရေ ၁၀၃ ( ၆၁၈၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**SSMaw Domestic(Ygn) MITC**



### ပြည်ဈေးကွက်တွင် အာလူးဈေး အနည်းငယ်ကျ

ပြည်အာလူးပွဲရုံများသို့ ရှမ်းပြည်နယ် အောင်ပန်းမှ တစ်အိတ် ပိဿာ ၃၀ ဝင်ဆံ့ အိတ် ၅၀၊ ၁၀၀ အဝင်ရှိသကဲ့သို့ မန္တလေးဘက်မှ တရုတ်အာလူးများ တစ်ရက်လျှင် အိတ် ၂၀၀ အတွင်း အဝင်ရှိနေသည့်အတွက် တစ်ရက်ကို အာလူးအိတ် ၃၀၀ ဝန်းကျင်ခန့် အဝင်ရှိနေ ကြောင်းသိရသည်။ တစ်ပတ်လျှင် လေးရက်ခန့် အဝင်ရှိသည်။ မိုးဦးကာလဖြစ်နေသည့်အတွက် အရောင်းအေးကာ ပြည်မြို့နယ်အတွင်းရှိ လက်လီဝယ်ယူသူများနှင့် လုပ်ငန်းရှင်များကလည်း အဝယ်ပါးလျက်ရှိကြောင်း သိရသည်။

ယခုတစ်ပတ်တွင် ယခင်တစ်ပတ်ထက် အာလူးအဝင်များနေခြင်းကြောင့် ပွဲရုံလက် ကျန်များသည့်အတွက် အာလူးဈေး အနည်းငယ်လျော့နည်း နေသည်။ ယခင်တစ်ပတ်က ပွဲရုံဈေး တစ်ပိဿာလျှင် ကျပ် ၂၀၀၀-၂၁၀၀ ဈေးရှိပြီး ယခုတစ်ပတ်မှာ ကျပ် ၁၈၀၀- ၂၀၀၀၊ လက်လီဈေး ယခင်တစ်ပတ်က တစ်ပိဿာလျှင် ကျပ် ၂၂၀၀-၂၈၀၀ ဈေးရှိခဲ့ပြီး ယခုတစ်ပတ်တွင် ကျပ် ၂၄၀၀ဈေးရှိသည်။

**ဆုမွန်ဆွေ (ပြည်)**

## ရော်ဘာ

### ယခုတစ်ပတ် ရော်ဘာတန်ချိန် ၄၀၀၀ ကျော်တင်ပို့

မေ ၂၁ ရက် မှ ၂၇ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်းမှ ရော်ဘာ တန်ချိန် ၄၂၀၀ ကျော် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅၀၃ သန်း ရရှိခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံမှ တင်ပို့မှုအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရော်ဘာတန်ချိန် ၂၇၀၀ ကျော်၊ မလေးရှားနိုင်ငံသို့ ရော်ဘာတန်ချိန် ၁၃၀၀ ခန့်၊ အိန္ဒိယနိုင်ငံသို့ ရော်ဘာတန်ချိန် ၂၀၀ ခန့် တင်ပို့ခဲ့သည်။

ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက ရော်ဘာတန်ချိန် ၄၈၀ ကျော် ပိုမိုခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၅ သန်းခန့် ပိုမိုရရှိခဲ့ကြောင်း သိရသည်။

**အေးအေးသန့် (DOT)**

### ပြည်တွင်းဆီဈေးနှုန်းများ (၃-၆-၂၀၂၂)

*ကျပ်/ပိဿာ*

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၉၅၀၀ | ၉၅၀၀ | □ | ၉၀၀၀ | ၉၀၀၀ | □ | ၆၈၀၀ | ၇၀၀၀ | △ |
| ရန်ကုန် | ၉၅၀၀ | ၉၅၀၀ | □ | ၉၀၀၀ | ၈၅၀၀ | ▽ | ၆၈၀၀ | ၇၀၀၀ | △ |
| မန္တလေး | ၈၅၀၀ | ၉၀၀၀ | △ | ၈၀၀၀ | ၈၀၀၀ | □ | ၇၁၀၀ | ၇၅၀၀ | △ |
| ပဲခူး | ၉၅၀၀ | ၁၀၀၀၀ | △ | ၈၀၀၀ | ၈၃၀၀ | □ | ၆၄၀၀ | ၇၂၀၀ | △ |
| မကွေး | ၈၅၀၀ | ၈၅၀၀ | □ | ၈၅၀၀ | ၈၅၀၀ | □ | ၇၀၀၀ | ၇၇၀၀ | △ |
| မုံရွာ | ၈၅၀၀ | ၈၅၀၀ | □ | ၈၀၀၀ | ၇၂၀၀ | ▽ | ၇၁၀၀ | ၇၈၀၀ | △ |
| စစ်တွေ | ၉၀၀၀ | ၉၀၀၀ | □ | - | - | - | ၈၀၀၀ | ၈၀၀၀ | □ |

# မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ယခင်တစ်ပတ်ထက် ကုန်သွယ်မှုပိုမို

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မေ ၂၁ ရက်မှ ၂၇ ရက်အထိ ရက်သတ္တပတ်အတွင်း ပို့ကုန် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇၁၆ သန်း၊ သွင်းကုန် အမေရိကန် ဒေါ်လာ ၅ ဒသမ ၄၉၁ သန်းဖိုး ဆောင်ရွက်ခဲ့သဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၂၀၇ သန်း ရရှိခဲ့သည်။ အနီးစပ်ဆုံး ယခင်တစ်ပတ်ထက် ပို့ကုန် ၄ ဒသမ ၇၀၅ သန်းနှင့် သွင်းကုန် သုည ဒသမ ၉၄၆ သန်း ပိုမိုခဲ့သဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၅၁ သန်း ပိုမိုခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ် ပို့ကုန်တင်ပို့မှုတွင် ပဲနီကြား၊ ပဲလွမ်းဖြူ၊ ပဲကြီး၊ ဖရဲသီး၊ ကြက်သွန်နီ၊ သရက်ပြားခြောက်၊ လက်ဖက်ခြောက်တို့ တင်ပို့မှုလျော့နည်းခဲ့သော်လည်း ဆန်၊ ဆန်ကွဲ၊ ရော်ဘာ၊ ပဲတီစိမ်း (အခွံချွတ်/ခွဲခြမ်း)၊ မတ်ပဲ၊ မြေထောက်ပဲ၊ ပဲယင်း၊ နှမ်းနက်တို့ ပိုမိုတင်ပို့ခဲ့သဖြင့် ယခင်တစ်ပတ်ထက် ပို့ကုန် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၀၅ သန်း ပိုမိုခဲ့ခြင်းဖြစ်သည်။

ယခုတစ်ပတ် သွင်းကုန်တင်သွင်းမှုတွင် တယ်လီဖုန်းနှင့် ဆက်သွယ်ရေးပစ္စည်းကိရိယာများ၊ သံနှင့် သံမဏိပစ္စည်းများ၊ စက်နှင့် စက်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ် အပိုပစ္စည်းများ၊ တွင်းထွက်ပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ လယ်ထွန်စက်များ၊ ဓာတုဗေဒပစ္စည်းများ၊ လျှပ်စစ်ဓာတ်ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ၊ ချုပ်ပြီး အဝတ်အထည်များ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ အင်ဂျင်များ ပိုမိုတင်သွင်းခဲ့သဖြင့် ယခင်တစ်ပတ် သွင်းကုန်တန်ဖိုးထက် အမေရိကန်ဒေါ်လာ သုည ဒသမ ၉၄၆ သန်း ပိုမိုခဲ့ခြင်းဖြစ်သည်။

ယခုတစ်ပတ် မန္တလေး-မူဆယ် ကုန်သယ်ယူခ နှုန်းထားများမှာ ပြောင်း၊ ဆန်၊ ပဲတီစိမ်း၊ နှမ်း၊ ရော်ဘာတို့မှာ တစ်ပိဿာလျှင် ၂၀၀ ကျပ်ဖြစ်ပြီး သယ်ယူခနှုန်းထားများ တည်ငြိမ်လျက်ရှိသည်။ အလားတူ သွင်းကုန်ပစ္စည်း မြေဆီ သယ်ယူခမှာတစ်ပိဿာလျှင် ၇၅-၁၀၀ ကျပ်ဖြစ်၍ ယခင်တစ်ပတ်အတိုင်း သယ်ယူခနှုန်းထားများ တည်ငြိမ်နေကြောင်း သိရှိရသည်။

**CJ**

# ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုပမာဏ ယခင်တစ်ပတ်ထက်ပိုမို

မြန်မာ-ထိုင်း နယ်စပ်ရှိ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ မေ ၂၁ ရက်မှ ၂၇ ရက်အထိ ကာလအတွင်း ပို့ကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၅၇၇ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၉၉၄ သန်းဖိုး ဆောင်ရွက်နိုင်သဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၁ ဒသမ ၅၇၁ သန်း ရရှိခဲ့သည်။

ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် အမေရိကန် ဒေါ်လာ သုည ဒသမ ၀၃၈ သန်း လျော့နည်းခဲ့ပြီး သွင်းကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၇၇၈ သန်း ပိုမိုခဲ့သဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၇၄၀ သန်းပိုမိုကြောင်း သိရသည်။

ယခုတစ်ပတ် ပို့ကုန်ပိုင်းတွင် သီဟိုဠ်စေ့တင်ပို့မှု မရှိခြင်း၊ ပုစွန်၊ ကင်းမွန်တို့ တင်ပို့မှုပိုမိုခဲ့သော်လည်း ငါးမျိုးစုံ၊ ကဏန်းနှင့် အခြား ရေထွက်ပစ္စည်းများ တင်ပို့မှုလျော့နည်းခဲ့သဖြင့် ယခင်တစ်ပတ်ထက် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၈ သန်း လျော့နည်းခဲ့ကြောင်း သိရသည်။

သွင်းကုန်ပိုင်းတွင် ယခင်တစ်ပတ်က တင်သွင်းမှုမရှိသော ရေနံထွက်ပစ္စည်းများ၊ သွပ်ပြားများ တင်သွင်းနိုင်ခဲ့သည့်အပြင် ဓာတုဗေဒပစ္စည်းများ တင်သွင်းမှုပိုမိုခြင်း၊ အခြားပစ္စည်းများ တင်သွင်းမှု ပိုမိုသဖြင့် သွင်းကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၇၇၈ သန်း ပိုမိုသည်ကို တွေ့ရသည်။

ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၇၄၀ သန်း ပိုမိုခဲ့သည်ကို သိရသည်။

**အေးအေးသန့် (DOT)**




# မြဝတီကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅၇ သန်းကျော်ရှိ

မေ ၂၁ ရက်မှ ၂၇ ရက်ထိ ကာလအတွင်း မြဝတီကုန်သွယ်ရေးဇုန်မှ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၀၆၀ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၁ဒသမ ၇၀၂ သန်း ဆောင်ရွက်ခဲ့သဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅၇ ဒသမ ၇၆၂ သန်းဖိုး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခင်တစ်ပတ် ဆောင်ရွက်မှုနှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၆၆ သန်း လျော့နည်းခဲ့ပြီး သွင်းကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာ ၄ဒသမ ၄၃၈ သန်း ပိုမိုခဲ့သောကြောင့် ကုန်သွယ်မှုပမာဏ ၁ဒသမ ၄၂၈ ဒေါ်လာသန်း လျော့နည်း ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ်တွင် ပို့ကုန် သစ်တောထွက်ပစ္စည်းများမှ တန်ဖိုး အမေ ရိကန်ဒေါ်လာ သုည ဒသမ ၂၁၂သန်း ပိုမိုတင်ပို့နိုင်ခဲ့သော်လည်း လယ်ယာထွက်ကုန်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ စက်မှုကုန်ချောပစ္စည်း နှင့်အခြားပစ္စည်းများ တင်ပို့ မှု လျော့နည်းခဲ့ခြင်းကြောင့် ယခင်တစ်ပတ်ထက် ပို့ကုန်ပိုင်းတွင် လျော့နည်းခြင်းဖြစ်ကြောင်း သိရသည်။

သွင်းကုန်ပိုင်းအနေဖြင့် ယခုတစ်ပတ်တွင် ရင်းနှီးမြှုပ်နှံမှုပစ္စည်းများတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၄၇၈ သန်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းအုပ်စုတွင် အမေရိကန်ဒေါ်လာ သုညဒသမ ၉၈၃ သန်းနှင့် လူသုံးကုန်ပစ္စည်းတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၇၇ သန်း ပိုမိုခဲ့ခြင်းကြောင့် ယခင်တစ်ပတ်ထက် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၃၈ သန်း ပိုမိုခဲ့ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှ မတ်လထိ ကုန်သွယ်မှုပမာဏ လျာထားချက်အပေါ် ပြည့်မီကျော်လွန်ရေးနှင့် ကုန်သွယ်မှု တိုးမြှင့်နိုင်ရေးတို့အတွက် မြဝတီကုန်သွယ်ရေးဇုန်မှ ပို့ကုန်၊ သွင်းကုန်လိုင်စင်များ အချိန်နှင့်တစ်ပြေးညီ ခွင့်ပြုပေးနေခြင်း၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ OSS အဖွဲ့ဝင်ဌာနများ၊ ဆက်စပ်ဌာနများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ပြီး ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်လာစေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း မြဝတီကုန်သွယ်ရေးဇုန်မှ သိရသည်။

**အိမ့် (DOT)**

# တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ယမန်နှစ်ကာလတူထက် ကုန်သွယ်မှုပိုမို

မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ မေ ၂၁ ရက်မှ ၂၇ ရက်အထိ သီတင်းတစ်ပတ်အတွင်း ပို့ကုန် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၉၀ သန်းဖိုး တင်ပို့၍ သွင်းကုန် အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၈၆ သန်းဖိုး တင်သွင်းခဲ့သဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၇၆ သန်းဖိုး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အနီးစပ်ဆုံး ယခင်တစ်ပတ်ဆောင်ရွက်မှုနှင့် နှိုင်းယှဉ်ပါက ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၂၉၆ သန်း လျော့နည်းခဲ့ပြီး သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၁၅၃ သန်း ပိုမိုခြင်းကြောင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၄၃ သန်း လျော့နည်းခဲ့သည်။

ပို့ကုန်တင်ပို့မှု လျော့နည်းရခြင်းမှာ ကော်ဖီစေ့၊ ရော်ဘာစေး၊ လက်ဖက်ခြောက်၊ ချင်းခြောက်နှင့် အခြားပစ္စည်းများတင်ပို့မှု လျော့နည်းခဲ့ခြင်းကြောင့်ဖြစ်ပြီး သွင်းကုန်တင်ပို့မှု ပိုမိုရခြင်းမှာ သတ္တုကုန်ချော ဆောက်လုပ်ရေးပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ၊ ရေနံထွက်ပစ္စည်းများ၊ သွပ်ပြား၊ တာယာနှင့် ကျွတ်များ တင်သွင်းမှု ပိုမိုခဲ့ခြင်းတို့ကြောင့် ဖြစ်သည်။

ယမန်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၈၆ သန်းနှင့် သွင်းကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၁ ဒသမ ၉၁၀ သန်းဖိုး ပိုမိုဆောင်ရွက်ခဲ့သဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၉၆ သန်းဖိုး ပိုမိုခဲ့ကြောင်း တာချီလိတ်ကုန်သွယ်ရေးစခန်းမှ သိရှိရသည်။

**CJ**

# စပျစ်စိုက်ပျိုး ရောင်းချခြင်းဖြင့် မိသားစုဝင်ငွေရရှိနေ

စားသုံးသူဈေးကွက်တွင် လူကြိုက်များလာသည့် စပျစ်စိုက်ပျိုး ခြင်းကို နတ်မောက်မြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးလျက် မိသားစုဝင်ငွေရရှိနေကြောင်း သိရှိရသည်။ နတ်မောက်မြို့နှင့် နှစ်မိုင်ခန့်ဝေးကွာသည့် အနောက်လက္ခုပ္ပင်ကျေးရွာတွင်လည်း စပျစ်စိုက်ပျိုးလျက်ရှိ၍ နတ်မောက်မြို့ပေါ်သို့ ဈေးကွက်တင်ပို့ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

စပျစ်များကို စတင်စိုက်ပျိုးလာသည်မှာ သုံးနှစ်ရှိပြီဖြစ်ကြောင်း၊ စိုက်ပျိုးပြီးရှင်သန် ဖြစ်ထွန်းနေသော စပျစ်ပင်များကို ဇန်နဝါရီလတွင် ကိုင်းဖြတ်ပြီး ခြောက်လအကြာ မေလတွင် စပျစ်သီးများကို ခူးဆွတ်ရောင်းချ၍ ရပြီဖြစ်ကြောင်း၊ တစ်ပိဿာ လက်ကားဈေး ကျပ် ၃၅၀၀၊ လက်လီဈေး ကျပ် ၄၀၀၀ ရောင်းချရကြောင်း၊ ယခုနှစ်တွင် စိန်တလုံး သရက်သီးများ လှိုင်လှိုင်ပေါ်နေသည့်အတွက် စပျစ်သီး ရောင်းအားနည်းသည်ဟု အနောက်လက္ခုပ္ပင်ကျေးရွာမှ စပျစ်ပိုင်ရှင် ဦးဝေယံစိုးထံမှ သိရှိရသည်။

စပျစ်အမျိုးအစား အမျိုးမျိုးရှိပြီး ဘလက်ကွင်း၊ သီးချွန်၊ ရွှေနီ၊ သခွားမွှေး၊ ဘောဘလက်၊ အာဂျီ(ပန်းရောင်) တို့အနက် စားသုံးသူ ဈေးကွက်အကြိုက် အမျိုးအစားများကို ရွေးချယ်စိုက်ပျိုးရပြီး ဘလက်ကွင်းနှင့် ဘောဘလက်၊ စပျစ်မျိုးတို့ကို အများဆုံးစိုက်ပျိုးကြကြောင်း သိရှိရသည်။

**ရဲမင်းသာ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးဦးစီးဌာန**

**ပို့ကုန်၊သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ**

**သတင်းလွှာ( ၇ /၂၀၂၂)**

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ မေလ ၂၃ ရက်

အကြောင်းအရာ။ **ပြည်ပသို့ တင်ပို့သော ကုန်စည်လိုင်းများနှင့်စပ်လျဉ်း၍ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် စားဆီတို့အား ပို့ကုန်လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများအဖြစ် သတ်မှတ်ထုတ်ပြန်ခြင်း**

၁။ ပြည်ပသို့တင်ပို့သည့် ကုန်စည်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်လုံခြုံရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို ကာကွယ်ရေးအစရှိသည့်ရည်ရွယ်ချက်များဖြင့် ပို့ကုန်လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများအဖြစ် 2017 Customs Tariff of Myanmar အရ H.S Code 6 digit ဖြင့် ကုန်စည် (၇၈၉)လိုင်း၊ H.S Code 10 digit ဖြင့် ကုန်စည် (၁၂၃၆)လိုင်းကို အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၂၀)နှင့် ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ (၃/၂၀၂၂) တို့ဖြင့် ထုတ်ပြန်သတ်မှတ်ထားပါသည်။

၂။ ယခုအခါ ကုန်သွယ်ဖက်နိုင်ငံနှင့်ချုပ်ဆိုထားသော စာချုပ်များအရ ပြည်ပသို့ တင်ပို့ရာတွင် စနစ်တကျတင်ပို့နိုင်ရန်လည်းကောင်း၊ နိုင်ငံတကာစားသုံးဆီရောင်းလိုအားနည်းခြင်းကြောင့် ပြည်တွင်းဈေးနှုန်းအပေါ် သက်ရောက်မှုလျော့ကျစေရေးနှင့် ပြည်တွင်းစားသုံးဆီဖူလုံစေရေးတို့အတွက် ဆီထွက်သီးနှံနှင့် စားဆီတင်ပို့မှုများအား ထိန်းညှိနိုင်ရန်လည်းကောင်း ပူးတွဲပါ 2017 Customs Tariff of Myanmar အရ ပဲမျိုးစုံအကျုံးဝင်သည့် H.S Code 6 digit ဖြင့် ကုန်စည်(၁၅ )လိုင်း သို့မဟုတ် H.S Code 10 digit ဖြင့် ကုန်စည် (၅၃) လိုင်း၊ ဆီထွက်သီးနှံ အကျုံးဝင်သည့် H.S Code 6 digit ဖြင့် ကုန်စည်(၁၄) လိုင်း သို့မဟုတ် H.S Code 10 digit ဖြင့် ကုန်စည် (၁၈) လိုင်းနှင့် စားဆီအကျုံးဝင်သည့် H.S Code 6 digit ဖြင့် ကုန်စည်(၂၄)လိုင်း သို့မဟုတ် H.S Code 10 digit ဖြင့် ကုန်စည် (၁၁၀) လိုင်း၊ စုစုပေါင်း H.S Code 10 digit ဖြင့် ကုန်စည်(၁၈၁)လိုင်းကို ပို့ကုန်လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများအဖြစ် သတ်မှတ်လိုက်သည်။

၃။ သို့ဖြစ်၍ အထက်အပိုဒ် ၂ ပါ ပို့ကုန်လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများအနက် မည်သည့်ကုန်စည်ကိုမဆို ပြည်ပသို့ ပင်လယ်ရေကြောင်း၊ လေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်ပို့ရာတွင် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့မှ စတင်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ပို့ကုန်လိုင်စင်လျှောက်ထားရယူပြီးမှသာ တင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်လိုက်သည်။

**ကုန်သွယ်ရေးဦးစီးဌာန**

ပို့ကုန်လိုင်စင်လျှောက်ထားရန်လိုအပ်သည့် ကုန်စည်အဖြစ် ထပ်တိုးသတ်မှတ်သည့် ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် စားဆီကုန်စည်စာရင်း အခြေပြဇယား

| Chapter No. | 2017 Version HS Code စုစုပေါင်းလိုင်း အရေအတွက် | အမိန့်ကြော်ငြာစာ ၅၁/၂၀၂၀ အရ လိုင်စင်လျှောက်ထားရန် လိုသည့် ကုန်စည်လိုင်း အရေအတွက် | ပို့ကုန်လိုင်စင် လျှောက်ထားရန် ထပ်တိုးသတ်မှတ် သည့် ပဲမျိုးစုံ၊ ဆီထွက်သီးနှံ နှင့် စားဆီကုန်စည်လိုင်း အရေအတွက် | စုစုပေါင်း လိုင်စင်လျှောက် ထားရန် လိုအပ်သည့် ကုန်စည်လိုင်း အရေအတွက် | လိုင်စင်လျှောက်ထားရန်လိုသည့် ပစ္စည်းအမျိုးအစားများ | လိုင်စင်လျှောက် ထားရန် မလိုသော ကုန်စည်လိုင်း အရေအတွက် | လိုင်စင်လျှောက်ထားရန်မလိုသည့် ပစ္စည်းအမျိုးအစားများ |
|---|---|---|---|---|---|---|---|
| 7 | 172 | 36 | 53 | 89 | ပဲမျိုးစုံနှင့် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ကြက်သွန်မိတ် | 83 | အာလူး၊ ခရမ်းချဉ်သီးအပါအဝင် ဟင်းသီးဟင်းရွက်များ |
| 12 | 84 | 2 | 18 | 20 | မြေပဲ ၊နှမ်း၊ ပဲပုတ်စေ့၊ နေကြာစေ့ ၊ မုန်ညင်းစေ့နှင့် ဆီထွက်သီးနှံ အစေ့အဆံများ၊ | 64 | အုန်းသီးဆံ၊ နှမ်းကြိတ်စေ့၊ ဖရုံစေ့နှင့် ဆီကြိတ်ဖတ်များ |
| 15 | 194 | - | 110 | 110 | ဆီအမျိုးမျိုး (ပဲပုတ်ဆီ၊ သံလွင်ဆီ၊ ဆီအုန်း၊ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ မုန်ညင်းဆီနှင့် ဟင်းသီးဟင်း ရွက်အဆီများ) | 84 | တိရစ္ဆာန်ထွက်ဆီများ၊ ဖယောင်းများ |
| **Total** | **450** | **38** | **181** | **219** | | **231** | |

## ကမ္ဘာ့ရွှေဈေးနှုန်း ကျဆင်းသည်နှင့် ပြည်တွင်းသို့ ရွှေတင်သွင်းရန် လုပ်ဆောင်သွားမည်

ကမ္ဘာ့ရွှေဈေးနှုန်း ကျဆင်းသည်နှင့် ပြည်တွင်းသို့ ရွှေတင်သွင်းရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA) ဥက္ကဋ္ဌ ဦးမျိုးမြင့်က ဇွန် ၂ ရက်တွင် ပြောသည်။

"ပြည်တွင်းကို ရွှေတင်သွင်းဖို့အတွက် ကမ္ဘာ့ဈေးအကျကို စောင့်နေကြတယ်။ ကမ္ဘာ့ဈေးလည်း ကျတော့ကျလာပါပြီ။ ရွှေဈေးက ၁၈၀၀ အောက်လောက် ရောက်တာနဲ့ စကြမှာပါ။ အခုက ၁၈၃၅ လောက်ဆိုတော့ စောင့်နေကြတာ"ဟု ၎င်းကပြောသည်။

YGEA အနေဖြင့် ဇွန်လအပါအဝင် လာမည့်သုံးလအတွင်း ပြည်တွင်း၌ ရွှေကုန်ကြမ်း လုံလောက်မှုရှိစေရန်အတွက် ပြည်ပကနေ ရွှေတင်သွင်းသွားရန် ပြီးခဲ့သည့် မေလမှစတင်ကာ အစည်းအဝေးတစ်ရပ်ပြုလုပ်ပြီး စီစဉ်ထားခဲ့ခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

"ဈေးကွက်ထဲမှာကလည်း ရွှေက လုံလောက်သွားတဲ့သဘောမှာ ရှိတယ်။ အရင်လို နယ်စပ်ဖြတ်ကျော်တွေ မရှိတော့ဘူး၊ လမ်းဘေးပလက်ဖောင်းပေါ်မှာ ဈေးကစားတဲ့သူတွေ မရှိတော့ဘူး၊ ပုံမှန်ဖြစ်သွားတဲ့အခါ ကျတော့ ဈေးကွက်ထဲ ပစ္စည်းက အဲလောက်မလိုတော့ဘူး။ ကမ္ဘာ့ဈေးအကျကိုပဲစောင့်ပြီး ရွှေတင်သွင်းမယ့်သူတွေက တင်သွင်းသွားမှာပါ။ ရွှေတင်သွင်းမယ့်သူတွေက အသင်းမှာလည်း အရောင်းအဝယ်လုပ်သလို ဆိုင်တွေကုမ္ပဏီတွေလည်း ရှိရမှာပါ"ဟု ၎င်းကပြောသည်။ လက်ရှိ ပြည်တွင်းရွှေဈေးကွက်မှာ ဈေးအမြင့်ပိုင်းတွင်သာရှိနေပြီး ယခုကာလသည် ကျောင်းအပ်နှံချိန်ဖြစ်သည့်အတွက် ဈေးကွက်အေးနေကာ ဝယ်လိုအားနည်း၍ ရောင်းလိုအား အနည်းငယ်များသည့် အခြေအနေမျိုးဖြစ်ကြောင်း သိရသည်။

"ဒီတစ်ပတ်အတွင်းကတော့ ရွှေဈေးက သိန်းနှစ်ဆယ်လေးသောင်း၊ ငါးသောင်းဝန်းကျင်မှာပဲ ဆက်ရှိနိုင်ပါတယ်။ အခု ဈေးကွက်ထဲမှာ ဈေးကစားမှု၊ မှောင်ခိုလုပ်တာတွေထိန်းနိုင်ဖို့ လိုင်စင်တွေ လုပ်ခိုင်းထားတာလည်းရှိတော့ အခုဆိုရင် လုပ်ငန်းရှင် ၅၀ လောက်က လာရောက် လျှောက်ထားတာတွေ ရှိနေပါပြီ"ဟု ဦးမျိုးမြင့်က ဆက်လက်ပြောဆိုသည်။

အဆိုပါ YGEA အနေဖြင့် မီးလင်းရွှေ အတုံးအခဲ အရောင်းအဝယ်ပြုလုပ်သူများအား လိုင်စင်ပြုလုပ်ထားကြရန် ပြီးခဲ့သည့် မေ ၁၈ ရက်က အသိပေးကြော်ငြာထားပြီး လိုင်စင်မရှိသည့် ရွှေဆိုင်များကိုလည်း ရွှေအရောင်းအဝယ်လိုင်စင် ပြုလုပ်ကြရန် ထုတ်ပြန်ကြေညာထားသည်။ **ပန်းဆု**

## ရန်ကုန်စတော့အိပ်ချိန်းမှ စာရင်းဝင်အကြိုဈေးကွက် တည်ထောင်ရန် စီစဉ်နေ

ရန်ကုန်စတော့အိပ်ချိန်း (YSX) အနေဖြင့် လက်ရှိဆောင်ရွက်နေသည့် စာရင်းဝင်ဈေးကွက် (Main Board) အပြင် စာရင်းဝင်အကြိုဈေးကွက် Pre Listing Board (PLB) ကို မကြာမီကာလအတွင်း တည်ထောင်သွားရန် စီစဉ်နေကြောင်း သိရသည်။

စာရင်းဝင်အကြိုဈေးကွက် Pre Listing Board (PLB) ဆိုသည်မှာ ရန်ကုန်စတော့အိပ်ချိန်း၏ လက်ရှိရောင်းဝယ်နေသည့် စာရင်းဝင်ဈေးကွက် (Main Board) အပြင် စာရင်းဝင် စံသတ်မှတ်ချက် ၁၇ ချက်နှင့် ကိုက်ညီမှုမရှိသေးသည့် အများပိုင်ကုမ္ပဏီများအတွက် အရောင်းအဝယ် ပြုလုပ်နိုင်ရန် ဆောင်ရွက်ထားသည့် ဒုတိယဈေးကွက်တစ်ခုဖြစ်ကြောင်း ရန်ကုန်စတော့အိပ်ချိန်း၏ အကြီးတန်းအရာရှိတစ်ဦးက ဇွန် ၂ ရက်တွင် ပြောသည်။

"ဒီ Pre Listing Board ဟု ရန်ကုန်စတော့အိပ်ချိန်းရဲ့ ဒုတိယဈေးကွက် Second Board လို့လည်းခေါ် လို့ရပါတယ်။ ဒီ Pre Listing Board ကို တည်ထောင်ခြင်းရဲ့ ရည်ရွယ်ချက်တွေကတော့ မြန်မာနိုင်ငံရဲ့ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ပြီးတော့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေ အထောက်အကူဖြစ်စေဖို့ အများနဲ့သက်ဆိုင်တဲ့ ကုမ္ပဏီတွေအနေနဲ့ အများပြည်သူကို ရှယ်ယာတွေထုတ်ဝေရောင်းချပြီးတော့ စတော့ဈေးကွက်ကို အလွယ်တကူဝင်ရောက်လာစေဖို့၊ ရန်ကုန်စတော့အိပ်ချိန်းရဲ့ စာရင်းဝင်စံတွေနဲ့ ပြည့်စုံနေတဲ့ ကုမ္ပဏီတွေအနေနဲ့ ဈေးကွက်ထဲကိုဝင်ရောက်ပြီးတော့ ရောင်းဝယ်ဖောက်ကားနိုင်ဖို့နဲ့ ရင်းနှီးမြှုပ်နှံသူတွေကို အကာအကွယ်ပေးနိုင်ဖို့ပဲ ဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

ကုမ္ပဏီများအနေဖြင့် Pre Listing Board တွင် register ပြုလုပ် ထားမည်ဆိုပါက မိမိကုမ္ပဏီ၏ ရှယ်ယာများကို ရင်းနှီးမြှုပ်နှံသူများက ရန်ကုန်စတော့အိပ်ချိန်း၏ trading platform ကနေတစ်ဆင့် အဆင်ပြေလွယ်ကူစွာ အရောင်းအဝယ် ပြုလုပ်နိုင်မည် ဖြစ်သည့်အပြင် နောင်တစ်ချိန်တွင် ရန်ကုန်စတော့အိပ်ချိန်း၏ Main Board တွင် စာရင်းဝင်ကုမ္ပဏီ ဖြစ်လာရေးအတွက်လည်း စာရင်းစစ်၊ စာရင်းကိုင်စံများ၊ သတင်းအချက်အလက် ဖွင့်ဟကြေညာမှုစနစ်များနှင့် ကောင်းမွန်သည့် ကော်ပိုရိတ် စီမံခန့်ခွဲမှုစနစ်များကို လေ့ကျင့်ပြင်ဆင်ပြီးသား ဖြစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ပန်းဆု**

## ဓာတ်မြေဩဇာ

# ယခုတစ်ပတ်အတွင်း ပင်လယ်ရေကြောင်းမှ ဓာတ်မြေဩဇာ အဝင်မြင့်တက်

မေ ၂၁ ရက်မှ ၂၇ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၇၆၉ သန်း တန်ဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၄၈၀၀၀ ကျော်အား တင်သွင်းနိုင်ခဲ့သည်။ ယခုတစ်ပတ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၂၂၀၀၀ ကျော်၊ ဘရူနိုင်းနိုင်ငံမှ တန်ချိန် ၂၀၀၀၀ ခန့်၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံမှ တန်ချိန် ၁၈၀၀ ကျော်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၁၇၀၀ ကျော်၊ ရုရှားနိုင်ငံမှ တန်ချိန် ၁၅၀၀ ကျော်၊ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၅၀၀ ကျော်နှင့် အစ္စရေးနိုင်ငံမှ တန်ချိန် ၁၂၀ကျော် အသီးသီး တင်သွင်းခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဓာတ်မြေဩဇာ အများဆုံး တင်သွင်းခဲ့ကြောင်း သိရသည်။ ယခင်တစ်ပတ်တင်သွင်းမှုဖြင့် နှိုင်းယှဉ်ပါက ဓာတ်မြေဩဇာ တန်ချိန် ၃၀၀၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်မှုမှ ယခုတစ်ပတ်အတွင်း အမေရိကန် ဒေါ်လာ ၁ ဒသမ ၀၇၀ သန်းတန်ဖိုးရှိ ဓာတ်မြေဩဇာ တန်ချိန် ၂၃၀၀ ကျော်အား တင်သွင်းခဲ့သည်။ ထိုင်းနိုင်ငံမှ တန်ချိန် ၁၉၀၀ ကျော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၄၅၀ကျော် တင်သွင်းခဲ့ပြီး ထိုင်းနိုင်ငံမှ အများဆုံးတင်သွင်းခဲ့ကြောင်း သိရှိရသည်။ ယခင်တစ်ပတ် တင်သွင်းမှုဖြင့် နှိုင်းယှဉ်ပါက နယ်စပ်မှ ဓာတ်မြေဩဇာ တန်ချိန် ၅၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။ **အိမ့် (DOT)**

# တည်းကုန်းဈေးကြီး၌ ရက်သတ္တပတ်အတွင်းရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

အင်းစိန်မြို့နယ်ရှိ တည်းကုန်းလက်ကားဈေးကြီး၌ မေ ၂၇ ရက်မှ ဇွန် ၂ ရက်အတွင်း ညောင်တုန်း၊ မော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော်၊ တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွ၊ ပြည်၊ လက်ပံတန်း၊ မင်းလှ၊ ဝါးနက်ချောင်း၊ မော်လမြိုင်၊ မန္တလေး၊ အုတ်ဖိုနှင့် ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များ အများဆုံးဝင်ရောက် ရောင်းချနေကြောင်း သိရှိရသည်။

ထိုသို့ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီး ထိုင်ဝမ် (ပိဿာ)ကျပ် ၈၀၀ မှ ၁၂၀၀ အတွင်း၊ ဂေါ်ဖီထုပ်(တစ်ထုပ်)ကျပ် ၅၀၀ မှ ၈၀၀ အတွင်း၊ ပန်းဂေါ်ဖီ(ထုပ်)ကျပ် ၃၀၀ မှ ၉၀၀ အတွင်း၊ အာလူး(ပိဿာ)ကျပ် ၁၀၀၀ မှ ၁၇၀၀ အတွင်း၊ မုန်လာဥနီ(ပိဿာ) ကျပ် ၁၀၀၀ မှ ၂၀၀၀ အတွင်း၊ ရွှေဖရုံသီး(လုံး)ကျပ် ၁၀၀၀ မှ ၄၀၀၀ အတွင်း၊ ဘူးသီး(လုံး) ကျပ် ၆၀၀ မှ ၁၅၀၀ အတွင်း၊ မုန်ညင်း(ထုပ်)(ပိဿာ) ကျပ် ၈၀၀ မှ ၁၃၀၀ အတွင်း၊ ကြက်သွန်နီ (ဆိပ်ဖြူ)ကျပ် ၅၀၀ မှ ၉၀၀ အတွင်း၊ ကြက်သွန်ဖြူ(ရှမ်း)(ပိဿာ) ၁၅၀၀ မှ ၃၆၀၀ အတွင်း၊ ကြက်သွန်ဖြူ(ကြူကုတ်)(ပိဿာ) ကျပ် ၃၀၀၀ မှ ၄၅၀၀ အတွင်း၊ ချင်း(ပိဿာ)ကျပ် ၈၀၀ မှ ၁၀၀၀ အတွင်း၊ ချဉ်ပေါင်ရွက်(စီး) ကျပ် ၅၀ မှ ၁၀၀ အတွင်း၊ ခရမ်းသီး(ရှည်)(ပိဿာ) ကျပ် ၁၀၀၀ မှ ၁၅၀၀ အတွင်း၊ သံပရာသီး(လုံး)ကျပ် ၂၀ မှ ၁၀၀ အတွင်း၊ ငရုတ်သီးစိမ်း (ကျောက်စိမ်း) (ပိဿာ) ၁၀၀၀ မှ ၁၄၀၀ အတွင်း၊ ဖရဲသီး (အကြီး၊ အလတ်၊ အသေး)ကျပ် ၂၅၀၀ မှ ၃၅၀၀ အတွင်းဖြစ်ကြောင်း သိရှိရသည်။ **မြင့်မြင့်စန်း (ရန်ကုန်)**

# တနင်္သာရီတိုင်းဒေသကြီး ကွမ်းသီးဈေးနှင့် သီဟိုဠ်ဈေး တည်ငြိမ်လျက်ရှိ

ကွမ်းသီးနှင့် သီဟိုဠ်များသည် မြန်မာနိုင်ငံ တောင်ပိုင်း တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် အများဆုံး စိုက်ပျိုးလျက်ရှိသည်။ ကွမ်းသီးတွင် ကွမ်းသီးအလုံးဈေးနှင့် ကွမ်းသီးခွဲခြမ်းဈေးဟူ၍ ဈေးနှုန်းနှစ်မျိုးရှိပြီး သီဟိုဠ်စေ့တွင် အခွံမချွတ်ရသေးသော အပင်မှ ဆွတ်ခူးသော အသီးအကြမ်း ဈေးနှင့် အခြောက်လှန်း သန့်စင်ပြီး အချောဈေးဟူ၍ဈေးနှုန်း နှစ်မျိုးရှိကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ပေါ်ရှိ ယခုဖြစ်ပေါ်လျက်ရှိသော ကွမ်းသီးဈေးမှာ ဇွန် ၂ ရက်တွင် ကွမ်းသီး အလုံး(အခွံမပါ) တစ်ပိဿာလျှင် ကျေးရွာအတွင်း ဝယ်ယူသောဈေးမှာ ကျပ် ၅၀၀၀ နှုန်းရှိပြီး နေလှန်းအခြောက်ခံ သန့်စင်ထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့သော ရောင်းဈေးမှာ တစ်ပိဿာလျှင် ကျပ် ၅၈၀၀ နှုန်း ဈေးရနေပြီး ကွမ်းသီးခွဲခြမ်း တစ်ပိဿာလျှင် ကျပ် ၅၅၀၀ နှုန်း ပေါက်ဈေး ရှိကြောင်း သိရှိရသည်။ သီဟိုဠ်ဈေးနှုန်းမှာ သီဟိုဠ်စေ့အကြမ်း တစ်ပိဿာလျှင် ကျပ် ၃၄၀၀ ရှိပြီး သီဟိုဠ်စေ့အချော တစ်ပိဿာလျှင် ကျပ် ၂၂၇၀၀ ရှိကြောင်း သိရှိရသည်။

ကွမ်းသီးဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် ယခုတစ်ပတ် နှိုင်းယှဉ်လျှင် ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိပြီး သီဟိုဠ်စေ့ ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် ယခုတစ်ပတ် နှိုင်းယှဉ်လျှင် ဈေးနှုန်းအနည်းငယ် မြင့်တက်လျက်ရှိကြောင်းနှင့် အရောင်း အဝယ်မှာ ပုံမှန်လည်ပတ်လျက်ရှိကြောင်း စုံစမ်းသိရှိရသည်။

**ဝင့်ဝါခိုင်(ထားဝယ်)**

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
(၃၀.၅.၂၀၂၂)ရက်နေ့မှ (၅.၆.၂၀၂၂)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန်
ငွေလဲနှုန်းအပေါ် မူတည်၍ ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်ပုံ

| | |
|---|---|
| Quantity (MT) | 1000 |
| CIF Price (USD/MT) | 1747 |
| ငွေလဲနှုန်း | 1853 |
| Customs ငွေလဲနှုန်း | 1850 |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 50,000 | 0.08 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ငွေလဲနှုန်း x 0.125% | 4,046,489 | 6.61 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 0.5% x CIF x ငွေလဲနှုန်း | 16,185,955 | 26.43 |
| ၄ | ဆီကန်သိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 8 | 4,899,120 | 8.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 161,597,500 | 263.88 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 300 | 300,000 | 0.49 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ငွေလဲနှုန်း | 5,836,950 | 9.53 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 200 | 200,000 | 0.33 |
| | Local cost | | **193,556,014** | **316.07** |
| ၁၀ | CIF Cost (1000 MT x CIF Price x ငွေလဲနှုန်း) | | 3,237,191,000 | 5,286.16 |
| | **စရိတ်စုစုပေါင်း** | | **3,430,747,014** | **5,602.23** |

## နို့ဆီ/နို့စိမ်း

# ယခုတစ်ပတ်အတွင်း ပင်လယ်ရေကြောင်းမှ နို့ဆီနှင့် နို့မှုန့် အဝင်မြင့်တက်

မေ ၂၁ ရက်မှ ၂၇ ရက်ထိကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၇၈၇ သန်းတန်ဖိုးရှိ နို့ဆီတန်ချိန် ၆၀၀ ကျော်အား ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းကြောင်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ်အတွင်း မလေးရှားနိုင်ငံမှ တန်ချိန် ၃၀၀ကျော်၊ စင်ကာပူနိုင်ငံမှ တန်ချိန် ၂၂၀ခန့်နှင့် ထိုင်းနိုင်ငံမှ ၇၃ တန်ကျော်တင်သွင်းခဲ့ပြီး တင်သွင်းခဲ့သည့် အမျိုးအစားများမှာ Hawk Brand OK Brand တို့ဖြစ်ကြောင်း သိရသည်။ ယခင်တစ်ပတ် တင်သွင်းမှုနှင့် နှိုင်းယှဉ်ပါက နို့ဆီ တန်ချိန် ၅၀၀ ကျော် တင်သွင်းမှု ပိုမိုခဲ့ကြောင်း သိရသည်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၅၂ သန်း တန်ဖိုးရှိ နို့မှုန့် တန်ချိန် ၃၆၀ ကျော်အား တင်သွင်းခဲ့ကြောင်း သိရသည်။ တင်သွင်းမှုများအနေဖြင့် နယူးဇီလန်နိုင်ငံမှ တန်ချိန် ၃၃၀ ခန့်နှင့် ဘယ်လ်ဂျီယံနိုင်ငံမှ ၂၅ တန်ကျော် အသီးသီး တင်သွင်းခဲ့ကြောင်း သိရှိရသည်။ ယခင်တစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်ပါက နို့မှုန့်တန်ချိန် ၃၀၀ ခန့် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ်အတွင်း နယ်စပ်မှ နို့ဆီနှင့်နို့မှုန့် တင်သွင်းမှုမရှိကြောင်း သိရသည်။

**အိမ့် (DOT)**

## ဘိလပ်မြေ

# ယခုတစ်ပတ်အတွင်း ဘိလပ်မြေအဝင် တန်ချိန် ၅၀၀၀ ခန့်လျော့နည်း

မေ ၂၁ ရက်မှ ၂၇ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၀၆ သန်းတန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၃၀၀၀ ခန့်အား တင်သွင်းခဲ့ကြောင်းသိရသည်။ တင်သွင်းမှုများအနေဖြင့် ထိုင်းနိုင်ငံမှ တန်ချိန် ၂၃၀၀ ကျော်၊ မလေးရှားနိုင်ငံမှ တန်ချိန် ၆၀၀ ကျော်နှင့် အင်္ဂလန်နိုင်ငံမှ တန်ချိန် ၂၀ကျော် တင်သွင်းခဲ့ပြီး ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံမှ ဘိလပ်မြေ အများဆုံး တင်သွင်းခဲ့ကြောင်း သိရသည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့် ဘိလပ်မြေ တန်ချိန် ၄၂၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၄၂ သန်း တန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၆၈၀၀ ကျော်အား ထိုင်းနိုင်ငံမှ တင်သွင်းခဲ့ကြောင်း သိရှိရသည်။ ယခင်တစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်ပါက ဘိလပ်မြေတန်ချိန် ၅၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။ **အိမ့် (DOT)**

**၁၉-၅-၂၀၂၂မှ ၁-၆-၂၀၂၂ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း**

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 463 | 12 | - | - | - | 475 |
| | Form AANZ | 25 | 5 | - | - | - | 33 |
| | Form AHK | 7 | - | - | - | - | 7 |
| | Form AI | 190 | 3 | - | - | - | 193 |
| | Form AJ | 34 | - | - | - | - | 34 |
| | Form AK | 152 | 9 | - | - | - | 161 |
| | Form CHINA | - | - | - | - | - | 0 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 62 | 5 | - | - | 3 | 70 |
| | Form E | 632 | 32 | - | - | - | 664 |
| | Form Korea | 25 | 1 | - | - | - | 26 |
| | E Form D | 26 | - | - | - | - | 236 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | **Total** | **1829** | **67** | - | - | **3** | **1899** |

# မကွေးတိုင်းဒေသကြီးဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်

**အေးအေးမိုး**

မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံအလယ်ပိုင်း၌ တည်ရှိပြီး လူဦးရေ လေးသန်းကျော်ရှိ၍ ကျေးလက်နေလူဦးရေမှာ ၈၅ ရာခိုင်နှုန်းဖြစ်သည်။ ယခုအခါ နိုင်ငံတော်က စားသုံးသူပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီများ သုံးစွဲနိုင်ရေးအတွက် ပြည်ပမှ စားအုန်းဆီတင်သွင်းမှုကို ယခင်က တစ်လလျှင် တန်ချိန် ၈၀၀၀၀ ခန့် တင်သွင်းနေရာမှ ယခုအခါ တစ်လ တန်ချိန် ၅၀၀၀၀ အထိ လျှော့ချ၍တင်သွင်းလျက်ရှိရာ ပြည်တွင်း စားသုံးဆီသုံးစွဲမှု ဖူလုံစေရေးအတွက် ဆီအိုးကြီးတိုင်းဖြစ်သည့် မကွေးတိုင်းဒေသကြီးမှလည်း ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရန် စီမံချက်များ ချမှတ်ဆောင်ရွက်ရသည့် အခြေအနေသို့ ရောက်ရှိလာခဲ့သည်။ မကွေးတိုင်းဒေသကြီးအနေဖြင့် စားသုံးဆီထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန်၊ တစ်ဧကအထွက်နှုန်း တိုးတက်လာစေရန် ပြည်ပစားသုံးဆီသုံးစွဲမှု လျှော့ချလာစေရန်၊ ပြည်ထောင်စု၏ စားသုံးဆီဖူလုံမှုအား အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ စက်မှုကြီးကြပ်၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများပါဝင်သော ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေး လုပ်ငန်းကော်မတီကိုဖွဲ့စည်း၍ သက်ဆိုင်ရာဌာနများမှ တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်စေခြင်းဖြင့် စားသုံးဆီထုတ်လုပ်မှု တိုးမြင့်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

မကွေးတိုင်းဒေသကြီးမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မြေပဲ ၁၇၈၇၉၂ ဧက၊ နှမ်း ၁၄၅၈၈၈ ဧက၊ နေကြာ ၁၀၆၉၂ ဧက စိုက်ပျိုးခဲ့ပြီး စားသုံးဆီ ၁၅၉၇၀၃ မက်ထရစ်တန် ခန့်မှန်းထွက်ရှိခဲ့ကာ တိုင်းဒေသကြီး၏ ဆီဖူလုံမှု ၃၈၈ ရာခိုင်နှုန်းရှိခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ ကိန်းဂဏန်းများအရ သိရှိရသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး၏ ဆီဖူလုံမှု ၅၇၁ ရာခိုင်နှုန်း ရရှိရေးအတွက် မြေပဲ ၇၈၉၉၉၀ ဧက၊ နှမ်း ၁၂၄၂၃၅၆ ဧက၊ နေကြာ ၄၆၆၃၈၀ ဧက စိုက်ပျိုးသွားရန် စီမံကိန်းများရေးဆွဲ ဆောင်ရွက်လျက်ရှိပြီး နေကြာသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်းနေကြာ၊ မိုးနေကြာတို့ကို သီးထပ်သီးညှပ်စနစ်များဖြင့် စိုက်ပျိုးသွားရန် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နေကြာစိုက်ဧက တိုးမြှင့်ရေးနှင့် အထွက်နှုန်း တိုးတက်စေရေးအတွက် နေကြာမျိုးကောင်းမျိုးသန့် ရှာဖွေစုဆောင်းခြင်းလုပ်ငန်းများကို ၂၀၂၁-၂၀၂၂ မိုးဘတ်ဂျက်တွင် မျိုးတင်း ၅၀၀၀ ဝယ်ယူနိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေမှ ကျပ်သိန်း ၂၃၀၀ လျာထားဆောင်ရွက်ခဲ့ပြီး ၂၀၂၂-၂၀၂၃ မိုးရာသီတွင် (မျိုးသန့်)မျိုးစေ့ထုတ် ဧက ၈၀၀ နှင့် ဆောင်းတွင်ဧက ၃၀၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိသည်။ စုဆောင်းထားရှိသည့် နေကြာမျိုးများမှာ သီးညှပ်စိုက်ဧကများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တစ်ဧက (တစ်ပြည်)နှုန်း အခမဲ့ ဖြန့်ဖြူးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နေကြာမျိုး တင်း ၅၀၀၀ ကို တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေမှ ဝယ်ယူရာတွင် မကွေးခရိုင်၌ ၂၂၀၀ တင်း ကျပ်သိန်း ၁၀၀၀၊ မင်းဘူးခရိုင်၌ ၁၉၅၀ တင်းကျပ် သိန်း ၉၀၀၊ ပခုက္ကူခရိုင်၌ ၆၅၀ တင်း ကျပ်သိန်း ၃၀၀ နှင့် သရက်ခရိုင်၌ တင်း ၂၀၀ ကျပ်သိန်း ၁၀၀ ဖိုး ခွဲဝေချထားပေးပြီး ကျခံသုံးစွဲသွားမည်ဖြစ်ကြောင်း သိရှိရသည်။ သီးသန့်စိုက်ဧကများအတွက် မျိုးစေ့လိုအပ်ချက်အား ယခုနှစ် ဆောင်းရာသီ စိုက်ပျိုးထားသော ဧရိယာများမှ ထွက်ရှိလာသည့် မျိုးစေ့များအား တိုင်ဒေသကြီးရန်ပုံငွေမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နေကြာမျိုးစေ့များ ထောက်ပံ့နိုင်ရေးကို နေကြာသီးနှံစိုက်ပျိုးမည့် တောင်သူများအား တိတိကျကျတာဝန်ပေး၍ သက်ဆိုင်ရာ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများမှတစ်ဆင့် မျိုးစေ့များ ထုတ်ပေးနိုင်ရေးနှင့် အမှန်တကယ် စိုက်ပျိုးမှု ရှိ၊ မရှိ စိစစ်ကြပ်မတ်သွားရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်းသိရှိရသည်။

ပြည်ထောင်စု၏ စားသုံးဆီဖူလုံမှုအား အထောက်အကူပြုနိုင်စေရန်အတွက် ဆီထွက်သီးနှံများသာမက ဆီထွက်သီးနှံ အုပ်စုဝင်အဖြစ် သတ်မှတ်ထားခြင်းမရှိသည့် စပါးမှ ဆန်သားဖြစ်လာစေရန် ကြိတ်ခွဲမှုဖြစ်စဉ်တွင် ဘေးထွက်ပစ္စည်းအဖြစ် ရရှိသည့် ဖွဲနုမှ စားသုံးဆီထုတ်ယူသွားရန်နှင့် စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ဝါမှ စားသုံးဆီထုတ်လုပ်သွားရန်လည်း စီမံချက်ချ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ဖွဲနုမှ ထုတ်ယူရရှိသော ဖွဲနုဆီသည် ပြည့်ဝအဆီ (အက်စစ်) ပါဝင်မှုရာခိုင်နှုန်း အလွန်နည်းခြင်း၊ မကောင်းသောကိုလက်စထရောမြင့်တက်မှုကို ကာကွယ်ပေးနိုင်၍ နှလုံးကျန်းမာရေးကို အထောက်အကူပြုကြောင်း ပညာရှင်များက ထောက်ခံထားသည့်အတွက် တိုင်းဒေသကြီးအတွင်း ဖွဲနုဆီထုတ်လုပ်သည့် စက်ရုံတစ်ရုံ တည်ဆောက်နိုင်ပါက နိုင်ငံတော်၏ စားသုံးဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည့်အတွက် ဆီထွက်သီးနှံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်သောစိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းအစရှိသည့် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂလိကအသင်းအဖွဲ့၊ ကုမ္ပဏီများ ရရှိရေးကိုလည်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ချိတ်ဆက်ဆောင်ရွက်သွားရန် စီမံချက်များ ချမှတ်လျက်ရှိကြောင်း သိရှိရသည်။ မြန်မာနိုင်ငံတွင် ၁၉၆၂ ခုနှစ်မှ ၂၀၀၈-၂၀၀၉ အထိ ဖွဲနုဆီထုတ်လုပ်ခြင်းလုပ်ငန်းကို နိုင်ငံပိုင်အဖွဲ့အစည်းဖြစ်သည့် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးမှ တာဝန်ယူဆောင်ရွက်ခဲ့ရာ ဖွဲနုဆီစက်ရုံ တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ နည်းပညာနှင့် အတွေ့အကြုံများရှိသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သွားရန် တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ပေးထားပါကြောင်း လေ့လာသိရှိရသည်။

စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့်ဝါကို မကွေးတိုင်းဒေသကြီးတွင် ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ် ၁၄၁၁၆၂ ဧက စိုက်ပျိုးခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၁၈၄၀၀၀ ဧက စိုက်ပျိုးသွားရန် လျာထားလျက်ရှိပြီး ထွက်ရှိလာသောဝါကို ကြိတ်ခွဲကာ ဝါစေ့ဆီထုတ်လုပ်၍ ပြည်တွင်းစားသုံးဆီ လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်သွားရန် စီစဉ်လျက်ရှိသည်။

ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် မကွေးတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံစိုက်ဧက တိုးတက်ရေးဆောင်ရွက်မှုနှင့်အတူ တိုင်းဒေသကြီးအတွင်းရှိ ဆီစက်များ၏ ဆီကြိတ်အထွက်နှုန်း တိုးတက်ရေးအတွက် ဆီစက်များအား အဆင့်မြှင့်တင်နိုင်ရေးကိုလည်း စက်မှုကြီးကြပ်၊ အသေးစား စက်မှုလက်မှုလုပ်ငန်းများမှ ဆီစက်များ၏ ကြိတ်ခွဲမှု၊ ထုတ်လုပ်မှု၊ ပဲဖတ်၊ နှမ်းဖတ်များတွင် ဆီကျန်ရှိမှုရာနှုန်း၊ ဆီစက်လုပ်ငန်းရှင်များနှင့် ကန်ထရိုက်လယ်ယာစနစ် ဖော်ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်သွားရန် တာဝန်ခွဲဝေ ချထားပေးထားကြောင်း သိရှိရသည်။

မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်းတွင် တည်ရှိ၍ မိုးရေချိန် ပျမ်းမျှလက်မ ၄၀ ခန့်သာ ရရှိသည်။ တစ်နှစ်ပျမ်းမျှ မိုးရွာရက်မှာလည်း ရက် ၅၀ ခန့်သာရှိပြီး မိုးရေကိုသာ အဓိထား၍ စိုက်ပျိုးကြသည်။ ရာသီဉတုဖောက်ပြန်သည့် နှစ်များတွင် သီးနှံအထွက်နည်း၍ တောင်သူများ အရှုံးနှင့် ရင်ဆိုင်ရသည့်အခြေအနေမျိုး ကြုံတွေ့ရကြောင်း၊ တိုင်းဒေသကြီး စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ဧကများ တိုးတက်လာရေးဆောင်ရွက်သည့်နည်းတူ သီးနှံရေလိုအပ်ချိန်တွင် ရေရရှိရေး မြစ်ရေတင်စီမံကိန်း ဧရိယာများအတွင်း ဆီထွက်သီးနှံ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးသွားရန်နှင့် မျိုးစေ့ထုတ်ဇုန်များကို ရေပေးဝေမှုနှင့် ပတ်သက်၍ လိုအပ်သည့် စီမံခန့်ခွဲမှုများကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားရန် တာဝန်များ ခွဲဝေသတ်မှတ်ထားကြောင်း သိရှိရသည်။

တိုင်းဒေသကြီး ဆီထွက်သီးနှံ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် ကုန်ထုတ်သမအသင်းများ ဖွဲ့စည်းရေး၊ အကျိုးတူကန်ထရိုက်လယ်ယာစနစ် ဖော်ဆောင်ခြင်းနှင့် မျိုးစေ့ထုတ် သမအသင်းများ တောင်သူအစုအဖွဲ့များ ဖွဲ့စည်းလာရေးနှင့် ဆီစက်များ အဆင့် မြှင့်တင်ခြင်း လုပ်ငန်းများကို သမဝါယမဦးစီးဌာနအား တာဝန်ယူဆောင်ရွက်သွားရန် လုပ်ငန်းတာဝန်များခွဲဝေပေးထားကြောင်း သိရှိရသည်။

ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် တိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေးနှင့် ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာဌာနများမှ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တိုင်းဒေသကြီးအတွင်း စားသုံးဆီထုတ်လုပ်မှု တိုးတက်မြင့်မားလာမည်ဖြစ်ပြီး ပြည်ပမှ စားသုံးဆီတင်သွင်းမှု လျှော့ချနိုင်ကာ နိုင်ငံခြားငွေ သုံးစွဲမှုကို ခြိုးခြံနိုင်မည်ဖြစ်ပါကြောင်း မကွေးတိုင်းဒေသကြီး၏ ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု အခြေအနေအား ရေးသားတင်ပြလိုက်ရပါသည်။

**ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာဌာနများမှ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တိုင်းဒေသကြီးအတွင်း စားသုံးဆီထုတ်လုပ်မှု တိုးတက်မြင့်မားလာမည်ဖြစ်**

## စားသုံးသူရေးရာဦးစီးဌာန စစ်ဆေးရေးမှူးများ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူပြည်သူများ ဘေးကင်းလုံခြုံသော ကုန်စည်နှင့် ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် စစ်ဆေးရေးမှူးများ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အမှတ်စဉ် (၂/ ၂၀၂၂)ကို ၂၀၂၂ ခုနှစ် မေ ၂၃ ရက်မှ ၂၇ ရက်ထိ သင်တန်းသား ၄၇ ဦးဖြင့် ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ဌာနတွင်း ဘာသာရပ်များဖြစ်သော စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များ၊ စားသုံးသူကာကွယ်ရေးဥပဒေ/နည်းဥပဒေ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှု လုပ်ငန်းစဉ်၊ Methodology of Risk Assessment ၊ ကုန်အညွှန်းအမှတ်အသားများ စိစစ်ခြင်း၊ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း၊ ဘေးအန္တရာယ်ရှိ ကုန်စည်များ ပြန်လည်သိမ်းဆည်းခြင်း/တားမြစ်ခြင်း၊ သတင်းအချက်အလက် နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေး၊ စားသုံးသူတိုင်ကြားမှု ဖြေရှင်းခြင်းနှင့် စားသုံးသူပညာပေးခြင်း ဘာသာရပ် ၁၀ ခုတို့အား ဆွေးနွေးခဲ့ကြသည်။

ပြင်ပဘာသာရပ်များအနေဖြင့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးကော်မတီ စသည့် ဘာသာရပ် ခုနစ်ခုတို့အားလည်း သက်ဆိုင်ရာဘာသာရပ် ကျွမ်းကျင်သူများက လာရောက်ဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲများကို ၂၀၁၉ ခုနှစ်မှစ၍ ၂၀၂၂ မေလအထိ ခြောက်ကြိမ် ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲ**

# မြန်မာ့ကော်ဖီအကြောင်း တစေ့တစောင်း

စောသန်းထိုက်ကျော် (တောင်ငူ)



နံနက်မိုးလင်းလာပြီးသည်နှင့် နံနက်စာစားပြီး ကော်ဖီပူပူလေးသောက်ကာ လုပ်ငန်းခွင်သို့ဝင်ရောက်ကြသည်။ အချို့ကလည်း မိုးအေးအေးတွင် ကော်ဖီပူပူလေးသောက်ပြီး ဇိမ်ယူတတ်ကြပါသည်။ ကော်ဖီသည် လူအတော်များများ နှစ်သက်စွာ စွဲလမ်းသောက်ကြသည့် သောက်စရာတစ်ခုဖြစ်ပါသည်။ တချို့ဆို တစ်နေ့ကို ကော်ဖီတစ်ခွက်မှ မသောက်ရရင် တစ်ခုခုလိုနေသလိုမျိုး ကော်ဖီစွဲနေကြတဲ့ သူတွေလည်း ရှိကြပါသည်။ ကော်ဖီကြိုက်သူများကတော့ ကော်ဖီသည် ကျန်းမာရေးအတွက် ကောင်းသည်ဟု ပြောကြသလို တချို့ကလည်း ကော်ဖီသည် ကျန်းမာရေးကို ထိခိုက်စေသည်ဟု ဆိုသူလည်းရှိပါသည်။ မည်သည့်အစားအစာမဆို တန်လျှင်ဆေး လွန်လျှင်ဘေး ဆိုသကဲ့သို့ ကော်ဖီသည်လည်း အတန်အသင့် သောက်သုံးပါက ကျန်းမာရေးအတွက် အထောက်အကူပြုမည်ဖြစ်သကဲ့သို့ အလွန်အကျွံ သောက်သုံးပါကလည်း ကျန်းမာရေးကို ထိခိုက်စေမည်မှာ ဓမ္မတာပင် ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် ကော်ဖီကို အေဒီ ၈ ရာစုက အီသီယိုးပီးယားမှ ဆိတ်ကျောင်းသားများက စတင်တွေ့ရှိခဲ့ကြောင်း၊ ဆိတ်များက ကော်ဖီသီးများကို စားပြီးနောက် မြူးတူးပျော်ပါးကြသည်ကို တွေ့ရသဖြင့် ကော်ဖီသီးများသည် ဆိတ်များအပေါ်မှာ တစ်ခုခု သက်ရောက်မှုရှိသည်ကို ဆိတ်ကျောင်းသားတွေက သတိပြုမိခဲ့ကြကြောင်း၊ နောင်တွင် ထိုဒေသခံ ဘုန်းတော်ကြီးတစ်ပါးက ကော်ဖီသီးများကို အရည်ဖျော်သောက်ကြည့်သည့်အခါ တစ်ညလုံး မအိပ်ချင်ဘဲ နိုးနိုးကြားကြား ဖြစ်နေသည်ကို သတိပြုမိခဲ့ကြောင်း၊ ၎င်းကော်ဖီတစ်ခွက်သည် ကမ္ဘာ့ပထမဆုံးကော်ဖီဖြစ်မည်ဟု ယူဆရကြောင်း ဖတ်ရှုမှတ်သားခဲ့ဖူးသည်။

မြန်မာနိုင်ငံတွင် ၁၈၈၅ ခုနှစ်က ခရစ်ယာန်မစ်ရှင်အဖွဲ့သည် တနင်္သာရီဒေသ၌ ကော်ဖီစိုက်ပျိုးရေးကို စတင်ခဲ့ကြောင်း သိရပါသည်။ သစ်တောဦးစီးဌာနက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်နှင့် မြိတ်ခရိုင်များတွင် စမ်းသပ်ကော်ဖီခြံ နှစ်ခြံ တည်ထောင်ခဲ့ဖူးကြောင်း၊ တစ်ချိန်တည်းတွင် ကရင်ပြည်နယ် နန်ချိုဒေသတွင်လည်း ကော်ဖီခြံတစ်ခြံ တည်ထောင်ခဲ့ဖူးကြောင်း သိရသည်။ ထို့နောက် ကရင်ပြည်နယ် သံတောင်ကြီးဒေသတွင် ဒေသခံတိုင်းရင်းသားများက မိမိတို့၏ အိမ်ခြံဝင်းများတွင် ကော်ဖီစိုက်ပျိုးလာကြပါသည်။ သံတောင်ကြီးဒေသနှင့် အနီးဆုံးဖြစ်သော တောင်ငူမြို့တွင် အခြေစိုက်သည့် ရိုမန်ကက်သလစ်ခရစ်ယာန် သာသနာပြုအဖွဲ့များသည်လည်း ကော်ဖီစိုက်ပျိုးရန် အားပေးလှုံ့ဆော်မှုကြောင့် ကော်ဖီစိုက်ပျိုးသူ တိုးတက်များပြားလာပါသည်။ သံတောင်ကြီး တောင်ပေါ်ဒေသထွက် ကော်ဖီသည် သာသနာပြုအဖွဲ့အခြေစိုက်ရာလည်းဖြစ်၊ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်သည့် တောင်ငူမြို့တွင် အရောင်းအဝယ်ဖြစ်ထွန်းရာမှ တောင်ငူကော်ဖီဟု ထင်ရှားလာခဲ့သည်။

ယင်းဒေသများမှတစ်ဆင့် ရှမ်းပြည်နယ်တောင်ပိုင်း ကလော၊ အောင်ပန်း၊ ရွာငံ၊ ကချင်ပြည်နယ် မြစ်ကြီးနားနှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ဒေသများသို့ ကော်ဖီစိုက်ပျိုးခြင်းများ ပျံ့နှံ့ခဲ့ပါသည်။ ၁၉၃၀ ပြည့်နှစ်တွင် ရိုမန်ကက်သလစ်သာသနာပြုအဖွဲ့များသည် Arabica ကော်ဖီမျိုးများကို ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ဒေသများတွင် စတင်မိတ်ဆက် စိုက်ပျိုးစေခဲ့သည်။ ၁၉၃၀ ခုနှစ်မှ ၁၉၃၄ ခုနှစ်များတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၊ ချောင်းကွေ့ရွာအနီးတွင် စကော့လူမျိုး Mr.George Shand ဆိုသူက ဧက ၁၂၀ ရှိ Arabica ကော်ဖီခြံအား "Shan Mountain Coffee Estate" အမည်ဖြင့် တည်ထောင်စိုက်ပျိုးခဲ့ပြီး စီးပွားဖြစ် နိုင်ငံတကာအဆင့်မီကော်ဖီများ ထုတ်လုပ်ခဲ့ကြောင်း လေ့လာသိရှိခဲ့ရသည်။ ယခုအခါတွင် ဘိန်းအစားထိုးစီမံကိန်းအရ ကော်ဖီစိုက်ပျိုးရေးကို မြှင့်တင်ခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်များရှိ အိမ်ခြံဝန်းများတွင် ကော်ဖီစိုက်ပျိုးခြင်းကို တိုးချဲ့ဆောင်ရွက်ခဲ့သည်။

ကော်ဖီပင်များသည် နှစ်ရှည်ပင်များဖြစ်သည်။ တစ်ခါ စိုက်ပျိုးပြီး အပင်ဖြစ်ထွန်းပါက နှစ်ရှည်ဝင်ငွေရမည့် သီးနှံပင်ဖြစ်သည်။ သုံးနှစ်သားမှစတင်၍ ဖူးပွင့်ပြီး အသီးသီးပါသည်။ ငါးနှစ်သား၏ အထက်တွင် စတင်၍ အသီးအထွက်နှုန်းများ ကောင်းမွန်ပြီး ဝင်ငွေတိုးတက်ရရှိစေသည်။ ပေ ၂၅၀၀ အထက် တောင်ပေါ်ဒေသများတွင် Arabica ကုန်းမြင့် ကော်ဖီမျိုးများကို စိုက်ပျိုးနိုင်ပြီး ပေ ၂၅၀၀ အောက်နိမ့်သော ဒေသများတွင် Robusta မြေနိမ့် ကော်ဖီမျိုးများကို ရွေးချယ်စိုက်ပျိုးနိုင်သည်။ ကော်ဖီပင်များကို စိုက်ပျိုးကြရာတွင် အရည်အသွေးကောင်းမွန်သော ကော်ဖီများရရှိရေးတို့အတွက် မျိုးကောင်းမျိုးသန့်မိခင်အပင်များကို ရွေးချယ်၍ မျိုးစေ့ထုတ်လုပ်ခြင်းကို ဒီဇင်ဘာလ၊ ဇန်နဝါရီလများတွင် ဆောင်ရွက်ရပါမည်။ ကော်ဖီကို စိုက်ပျိုးရန် မြေမျက်နှာပြင် ညီညာပြီး မိုးသည်းထန်စွာ ရွာသွန်းချိန်တွင် ရေမဝပ်သည့် မြေနေရာကိုရွေးချယ်၍ ပျိုးခင်းပြုလုပ်ရပါမည်။ စိုက်ခင်းမြေကို ရွေးချယ်ရာတွင် မြေသားနက်၍ ရေစီးရေလာကောင်းမွန်သော၊ မြေစိုင်ဖွဲ့စည်းမှုကောင်းသော မြေမျိုးများကို ရွေးချယ်ရပါမည်။

ကော်ဖီပင်ကို မျိုးစေ့မှ မျိုးပွားနည်း၊ ပင်ပိုင်းမျိုးပွားနည်းနှင့် Tissue Culture နည်းဖြင့် မျိုးပွားနည်းဟူ၍ မျိုးပွားနည်းသုံးမျိုးရှိကြောင်း လေ့လာသိရှိရပါသည်။ မျိုးစေ့မှ မျိုးပွားနည်းတွင် မျိုးစေ့ခံယူရန် မိခင်ပင်သည် ရှစ်နှစ်မှ ၁၅ နှစ်သားအရွယ်ရှိပြီး ရောဂါပိုးမွှားကင်း၍ အသီးတင်မှုနှင့် ကော်ဖီအရည်အသွေးကောင်းသည့် အပင်ဖြစ်ရန် လိုအပ်ပါသည်။ မျိုးစေ့ရွေးချယ်ရာတွင် ပြည့်ပြည့် ဝဝ မှည့်နေသော အလယ်ကိုင်းများ၏ အလယ်ပိုင်းမှ အသီးကို ခူးဆွတ်ပြီး ရေစိမ်လိုက်ပါက ရေပေါ်မှာပေါ်သော အစေ့အဆံမအောင်သော အသီးများကို ဖယ်ရှားရပါမည်။ အခွံချွတ်၊ အကျိအချွဲဆေးရန် ၁၀ နာရီ ရေစိမ်၍ လေသလပ်အခြောက်ခံပြီး မကောင်းသော၊ မှိုတက်နေသော၊ အခြမ်းပဲ့နေသော အစေ့များအား ဖယ်ရှားကာ လေလုံအောင် အိတ်နှင့် သိမ်းဆည်းရပါမည်။

ကော်ဖီပင်များကို ပုံမှန်အားဖြင့် ဖေဖော်ဝါရီလတွင် ပျိုးထောင်ကြသည်။ ပျိုးဘောင်ကို အရိပ် ၇၀ ရာခိုင်နှုန်းရသောနေရာမှာ စနစ်တကျပြင်ဆင်ရပါမည်။ ကော်ဖီစေ့များကို မှောက်ခုံစိုက်ပြီး တန်းကြား လေးလက်မ၊ မျိုးစေ့ကြား တစ်လက်မနှင့် မြေအနက် သုညဒသမ ၅ လက်မထားပျိုး၍ အပေါ်မှ သဲနှင့် မြေအရော ဖုံးပြီး ထိုအပေါ်မှာ ကောက်ရိုးဖုံးပေးရပါသည်။ အပင်ပေါက်ရန် ရက် ၃၀ မှ ရက် ၅၀ ခန့်ကြာမြင့်ပါသည်။ ပျိုးသက် နှစ်လသားမှ သုံးလသားအရွယ် တွင် အမြစ်ကောက်၊ ပျိုးသက်ရင့်၊ ရောဂါကျနေသော အပင်များအား ဖယ်ပြီး ပျိုးအိတ်ထဲသို့ပြောင်းပေး၍ ပြုစုစောင့်ရှောက်မှုနှင့် နေရောင်ဒဏ်ခံနိုင်ဖို့ တစ်ဆင့်ချင်းစီ နေကျင့်ပေးထားပါသည်။ ပျိုးအိတ်အရွယ်အစား ၆ x ၈ လက်မ ကို သုံးရပါမည်။ ပျိုးအိတ်တွင် တောမြေဆွေး ၄ ဆ၊ နွားချေးမြေဆွေး တစ်ဆ ရောထည့်ရပါမည်။ ၂ လက်မအနက် ကျင်းဖောက်၍ ပျိုးပင်ကို တည့်တည့်စိုက်ပြီး မြေကို သေသေချာချာ ဖိသိပ်ပေးကာ ပျိုးဘောင်စနစ်တကျဖြင့် စီစီရီရီထားရပါမည်။ အပင်ပေါက်မှု ၉၅ရာခိုင်နှုန်းရှိနေစေရန် မျိုးစေ့ သက်တမ်း လေးလအတွင်း ပျိုးထောင်ရပါမည်။ ကော်ဖီစိုက်ပျိုးရာတွင် ပျိုးပင်၏သက်တမ်း တစ်နှစ်သားအရွက်စုံခြောက်စုံမှ ရှစ်စုံရှိနေချိန် စိုက်ခင်းထဲသို့ မြေချစိုက်ပျိုးရပါမည်။

ကော်ဖီပင်သည် အမြဲစိမ်းအပင်မျိုးဖြစ်ပြီး သဘာဝအတိုင်းထားပါက ပေ ၂၀ ကျော်အထိ မြင့်ပါသည်။ သို့ရာတွင် ကော်ဖီခြံများတွင် အသီးများအလွယ်တကူ ခူးဆွတ်နိုင်ရန် ကိုင်းများချိုင်ပေး ကြပါသည်။ အရွက်နှင့် အကိုင်းဆုံသည့် အရွက်ညှာခွများတွင် အလွန်မွှေးကြိုင်သည့် ပန်းဖြူများ အစုလိုက်ပွင့်ကြပါသည်။ ကော်ဖီတစ်ပင်သည် အနှစ် ၂၀ ကြာအောင် အသီးသီးပါသည်။ ကော်ဖီသီးများသည် ပထမတွင်အစိမ်းရောင်ဖြစ်၍ ထို့နောက်ဝါလာပြီး နောက်ဆုံးတွင် နီသွားပါသည်။ ရာသီဥတုကောင်းသော ဒေသများတွင် ကော်ဖီပင်သည် တစ်နှစ်လျှင် နှစ်ကြိမ် သုံးကြိမ်တိုင်အောင် ပွင့်နိုင်သီးနိုင်၍ တစ်ပင်တည်းမှာပင် အပွင့်နှင့် အစိမ်းသီး၊ အမှည့်သီးများ တွေ့ရတတ်ပါသည်။ ကော်ဖီသီးများ မှည့်သောအခါ အသီးများ ခူးဆွတ်၍ အခြောက်လှမ်းခြင်း၊ အစေ့ထုတ်ခြင်းများ ပြုလုပ်ကြပါသည်။

အနံ့၊ အရသာနှင့် ပြည့်စုံသော ကော်ဖီကို သောက်သုံးနိုင်ရန်အတွက် ကော်ဖီစေ့ အစိမ်းများကို ညိုဝါရောင်ရအောင် လှော်ပေးရပါသည်။ ရှေးက ကော်ဖီစေ့ကို အိမ်မှာပင်လှော်ယူကြသော်လည်း ယခုအခါတွင် အလုပ်ရုံကြီးများတွင် ခေတ်မီနည်းပညာများဖြင့် လှော်ကြပါသည်။ ကော်ဖီစေ့များကို လှော်ပြီးသောအခါ အမှုန့်ကြိတ်ရပါသည်။ ကော်ဖီကို အမှုန့်ကြိတ်ပြီးပြီးချင်း ဖျော်သောက်နိုင်လျှင် အကောင်းဆုံးဖြစ်သည်ကို သိရှိရပါသည်။ ကော်ဖီ ဖျော်သောက်ရာတွင် ရေဆူဆူဖြင့် နှပ်ပေးဖို့ အရေးကြီးပါသည်။ ကော်ဖီကို သူ့ချည်းသက်သက် သောက်သူရှိသလို နို့ဆီ၊ သကြားတို့နှင့်ဖြစ်စေ၊ ကြက်ဥအကာနှင့်ဖြစ်စေ ဖျော်သောက်သူများလည်း ရှိပါသည်။

ကော်ဖီတွင် ပါဝင်သော caffeine သည် ဦးနှောက်တွင်ရှိသော မောပန်းစေသည့် အာရုံကြောအချက်ပြစနစ်ကို ပိတ်လိုက်သောကြောင့် ကော်ဖီသောက်လျှင် လန်းဆန်းတက်ကြွစေပြီး အားအင်ပြည့်ဝစေပါတယ်။ caffeine ကြောင့် ဇီဝကမ္မဖြစ်စဉ်များ မြန်လာပြီး အဆီတွေကို လောင်ကျွမ်းစေပါသည်။ ကော်ဖီလည်းကြိုက်၊ ကိုယ်အလေးချိန်လည်း မတက်ချင်သူများအတွက် ဝမ်းသာစရာဖြစ်ပါသည်။ caffeine က လှုံ့ဆော်ပေး၍ ထွက်ရှိလာသော adrenaline ဟော်မုန်းသည် စိတ်ပျော်သွားစေခြင်း၊ တက်ကြွစေခြင်းကို ဖြစ်စေပါသည်။ caffeine သည် နာကျင်ရောင်ရမ်းခြင်းကိုလည်း လျှော့ချပေးနိုင်ပါသည်။ caffeine သည် ဦးနှောက်တွင်ရှိသော မှတ်ဉာဏ်ထိန်းသိမ်းရာနေရာကိုလည်း တိုက်ရိုက်သက်ရောက်မှုရှိပြီး မှတ်ဉာဏ်အားကောင်းစေအောင် လှုံ့ဆော်ပေးသဖြင့် အသက်ကြီးလာလျှင် ဖြစ်တတ်သော အတိတ်မေ့ရောဂါနှင့် မေ့လွယ်သည့်ရောဂါ ဖြစ်ပွားနှုန်းကိုလည်း လျှော့ချပေးပါသည်။ caffeine သည် Dopamine ထွက်အောင်လည်း လှုံ့ဆော်ပေးသဖြင့်စိတ်ကို ပျော်စေပါသည်။ သို့ဖြစ်ပါ၍ စိတ်ဓာတ်ကျနေသူများနှင့် စိတ်ရှုပ်နေသူများအတွက် ကော်ဖီသောက်လိုက်ခြင်းဖြင့် စိတ်ကို ပျော်ရွှင်စေမှာ ဖြစ်ပါသည်။ ကော်ဖီသည် ဆီးချိုဖြစ်ပွားမှုကို လျှော့ချပေးနိုင်သလို ကော်ဖီတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာပါရှိသဖြင့် ကင်ဆာရောဂါဖြစ်ပွားမှုနှုန်းကိုလည်း လျှော့ချပေးကြောင်း သိရှိရသည်။ ကော်ဖီတွင် Vitamin B Magnesium နှင့် Potassium သတ္တုဓာတ်များလည်း ကြွယ်ဝစွာ ပါဝင်သဖြင့် အာဟာရများစွာရရှိစေသည်။

ကိုယ်ခန္ဓာသည် ကော်ဖီကို လက်ခံနိုင်သောပမာဏ တစ်ဦးနှင့်တစ်ဦး မတူညီကြသဖြင့် မိမိခန္ဓာကိုယ်က လက်ခံနိုင်သည့် ပမာဏထက်ကျော်သွားသည့်အခါ ရင်တုန်ခြင်း၊ အားမရသလို ဖြစ်ခြင်းမျိုး ဖြစ်တတ်ပါသည်။ ကော်ဖီတွင်ပါဝင်သော caffeine သည် ညဘက်အိပ်မပျော်ခြင်းကို ဖြစ်စေတတ်ပါသည်။ ကော်ဖီက လူကို စွဲလမ်းစေတတ်ပါသည်။ မူးယစ်ဆေးကဲ့သို့ ကော်ဖီသည်လည်း သောက်တဲ့သူတိုင်းကို စွဲလမ်းစေတတ်သည့် အရာတစ်ခုဖြစ်ပါသည်။ ကိုယ်ဝန်ရှိချိန် ကော်ဖီကို တစ်ခွက်ထက် ပိုသောက်သုံးလျှင် ကလေးဆီသို့ caffeine ရောက်သွားပြီး အဆိပ်သင့်စေ၍ ကလေးပေါင်မပြည့်တာမျိုးတွေကို ဖြစ်စေတတ်ပါတယ်။ ကော်ဖီဟာ အစာရေမျိုပြွန်၏ ကြွက်သားများကို ပြေလျော့စေသဖြင့် အစာအိမ်ထဲက အက်ဆစ်များ ပြန်ဆန်တက်စေပြီး ရင်ပူခြင်းများကို ဖြစ်စေတတ်ကြောင်း သိရပါသည်။ သို့ဖြစ်၍ ကော်ဖီကို ဖြည့်စွက်အာဟာရအနေဖြင့် မသုံးဆောင်ထိုက်ကြောင်း သိရပါသည်။

မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ပျိုးမှုသည် ၂၀၂၀ ပြည့်နှစ်တွင် ဧက နှစ်သိန်းရှိမည်ဟု ခန့်မှန်းထားပြီး ခန့်မှန်းတွက်ချက်ထားသည့်အတိုင်း ကော်ဖီစိုက်ပျိုးမှုကို တိုးချဲ့ဆောင်ရွက်နိုင်ပါက ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၏ ကော်ဖီထုတ်လုပ်မှုသည် တန်ချိန် ခြောက်သောင်းအထိ ရှိလာမည်ဖြစ်ပါသည်။

**စာမျက်နှာ ၁၃ သို့**

စာမျက်နှာ ၁၃ သို့

# ကြက်သွန်နီ(အနံ့ယူ)မျိုးစေ့ စိုက်ပျိုးထွက်ရှိမှု အခြေအနေ

မြင့်မြင့်သန်း (ပခုက္ကူ)

ဆိပ်ဖြူမြို့နယ်သည် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်းတွင်ရှိပြီး ကြက်သွန်နီ ဆောင်းစိုက်ပင်စိုက်ကို စိုက်ဧက အများဆုံး စိုက်ပျိုးထုတ်လုပ်ပြီး ရောင်းဝယ်ဖောက်ကားလျက်ရှိသည်။ ကြက်သွန်နီစိုက် တောင်သူနှင့် စိုက်ဧကနှစ်စဉ်များပြားသော်လည်း ကြက်သွန်နီ(အနံ့ယူ)မျိုးစေ့စိုက်တောင်သူနည်းပါးပြီး စိုက်ဧကမှာလည်း နည်းပါးကြောင်း၊ ယခုနှစ် ဆိပ်ဖြူမြို့နယ် ရွာသစ်ကျေးရွာတွင် ကြက်သွန်(အနံ့ယူ) စိုက် တောင်သူ ၂၅ ဦးခန့်ရှိပြီး ငါးဧကခန့် စိုက်ပျိုးထားရှိကြောင်း၊ ရွှေဖလား(ထိပ်မောက်) အခွံထူ(ဒေသမျိုး)ကိုသာစိုက်ပျိုးပြီး ကိုင်းကျွန်းမြေမာများတွင် အများဆုံးစိုက်ပျိုးကြောင်း တောင်သူမှတစ်ဆင့် သိရှိရသည်။

ကြက်သွန်နီ(အနံ့ယူ)တစ်ဧက စိုက်ပျိုးလျှင် ကြက်သွန်နီ အလတ်စတစ်ပိဿာ ၃၅၀ ကျပ်ခန့် ဝယ်ယူစိုက်ပျိုးရကြောင်း၊ ယခုနှစ်တွင် တစ်ပိဿာလျှင် ၂၀၀ ကျပ်ခန့် ဝယ်ယူစိုက်ပျိုးခဲ့ရကြောင်း၊ ဒီဇင်ဘာလတွင် စတင်စိုက်ပျိုးပြီး မတ်လတွင် ပွင့်နှံများကို ဆွတ်ခူးရိတ်သိမ်းကြောင်း၊ ကိုင်းကျွန်းမြေသား အမာများတွင် စိုက်ပျိုးခြင်းဖြစ်၍ ရေသွင်းစိုက်ပျိုးရသော သီးနှံတစ်မျိုးဖြစ်ကြောင်း၊ စိုက်ပျိုးချိန်မှစတင်ပြီး ရိတ်သိမ်းချိန်အထိ ရေငါးကြိမ်ခန့် သွင်းရကြောင်း၊ ရေသွင်းအကြိမ်ရေတိုင်းတွင် ရေမသွင်းခင် ရှေ့တွင် မိုဆေး၊ ပိုးသတ်ဆေး၊ အားဆေးများ ပက်ဖျန်းခြင်း၊ သွင်းအားစုအနေဖြင့် နွားချေးမှုန့်၊ နှမ်းဖတ်၊ ပဲဖတ်အမှုန့်များကို ပက်ဖျန်းခြင်းဖြင့် အပင်ကြီးထွားပြီး မျိုးစေ့အထွက်နှုန်း ကောင်းမွန်စေရန်အတွက် စိုက်ခင်းတွင် သုံးစွဲကြောင်း သိရှိရသည်။

စိုက်ပျိုးထွက်ရှိမှုမှာ ကြက်သွန်နီ(အနံ့ယူ)တစ်ဧကလျှင် ကြက်သွန်နီ ပိဿာ ၃၅၀ ခန့် စိုက်ပျိုးကြောင်း၊ တစ်ပိဿာစိုက်ပျိုးလျှင် မျိုးစေ့နှစ်ဘူးခန့်ထွက်ရှိကြောင်း၊ တစ်ဧကစိုက်ပျိုးလျှင် မျိုးစေ့ငါးတင်းခန့်ထွက်ရှိကြောင်း သိရသည်။

ပြန်လည်ရောင်းချဖြန့်ဖြူးရာတွင် ဆိပ်ဖြူမြို့နယ်ဒေသတွင်းရှိကြက်သွန်နီချောင်းစိုက်၊ ပင်စိုက်၊ လယ်ကွက်မြေသားပင်စိုက်၊ မျိုးစေ့ကြဲပက်တောင်သူများ၊ ကြက်သွန်စိုက် ကုန်သည်ပွဲစားများမှ ဝယ်ယူကြောင်း၊ စလင်းမြို့နယ်ဒေသတွင်းနှင့် နီးစပ်ရာမြို့နယ်များမှ ပွဲစားများ လာရောက်ဝယ်ယူကြောင်း သိရှိရသည်။

ဈေးနှုန်းဈေးကွက်အနေဖြင့် ကြက်သွန်နီဈေးနှုန်း အနိမ့် အမြင့်ပေါ်တွင် မူတည်ပြီး မျိုးစေ့ဈေးကွက်မှာလည်း ပြောင်းလဲမှုရှိကြောင်း၊ ယခင်နှစ်များတွင် ကြက်သွန်နီမျိုးစေ့ တစ်ပြည်လျှင် ကျပ်သုံးသောင်းခွဲမှ နှစ်သောင်းခွဲကျပ်အထိ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး မျိုးစေ့ တစ်တင်းလျှင် ကျပ်လေးသိန်းဝန်းကျင်ခန့် ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကြက်သွန်နီမျိုးစေ့ တစ်ပြည် တစ်သောင်းကျပ်၊ တစ်တင်း တစ်သိန်းခြောက်သောင်းကျပ်ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း၊ မျိုးစေ့ဈေးနှုန်းများ ကျဆင်းသွားရခြင်းမှာ ယခင်နှစ်နှစ်ခန့်က ကြက်သွန်နီဈေးနှုန်းများ ကျပ် ၂၀၀ ထိ ဈေးနှုန်းကျဆင်းသွားခြင်းကြောင့် အရှုံးပေါ်မှုများ၍ စိုက်တောင်သူနှင့် စိုက်ဧကများ လျော့နည်းသွားကာ ကြက်သွန်နီမျိုးစေ့များ ဝယ်သူမရှိသလောက် နည်းပါးပြီး ဈေးနှုန်းများ ကျဆင်းသွားခြင်းဖြစ်ကြောင်း၊ ကြက်သွန်နီ အရောင်းအဝယ်ဖြစ်မှု ဈေးနှုန်း အတက်အကျပေါ် မူတည်ပြီး မျိုးစေ့ ဈေးကွက်မှာလည်း အပြောင်းအလဲရှိကြောင်း၊ ယခုနှစ်ကြက်သွန်နီ သီးနှံပေါ်ချိန် ဈေးနှုန်းဈေးကွက်ကောင်းပြီး ရောင်းဈေးနှုန်းများ မြင့်တက်လာပါက ကြက်သွန်နီမျိုးစေ့ဈေးနှုန်းလည်း ကောင်းလာမည်ဖြစ်ကြောင်း၊ ကြက်သွန်(အနံ့ယူ)စိုက်ခင်းများတွင် တစ်ဧကကြက်သွန်ဥ အထွက်နှုန်းမှာ မျိုးစေ့ကို အဓိကထားယူသောစိုက်ခင်းဖြစ်၍ အလေအလွင့်များပြီး ကြက်သွန်ဥတွင် အနံ့အူတိုင်များပါရှိပြီး ကျစ်လျစ်သိပ်သည်းမှုမရှိ၍ အလေးချိန်လျော့နည်းခြင်းကြောင့် ကြက်သွန်နီ ပိဿာ တစ်ထောင်ဝန်းကျင်ခန့်သာ ထွက်ရှိကြောင်း၊ အနံ့များကို ဆွတ်ခူးပြီး ကျန်ရှိသော ကြက်သွန်ဥများကို ပြန်လည်တူးဖော်ရာတွင် ဝင်ငွေနှင့် ကုန်ကျစရိတ် မမျှတမှုကြောင့် တောင်သူမှ တူးဖော်ခြင်းမရှိဘဲ အလုပ်သမားများမှ တူးဖော်ယူပြီး ကြက်သွန်ဥများကို ဒေသတွင်းရှိကြက်သွန်ကြော်လုပ်ငန်း အကြော်ဖိုနှင့် အသုပ်မျိုးစုံဆိုင်များသို့ တစ်ပိဿာလျှင် ကျပ် ၂၀၀ ဖြင့် ပေးသွင်းရောင်းချရကြောင်း သိရှိရသည်။

ကြက်သွန်နီ(အနံ့ယူ)မျိုးစေ့ တစ်ဧက စိုက်ပျိုးလျှင် မျိုးဥ ဝယ်ယူခ၊ မြေပြုပြင်ခ၊ သွင်းအားစုအမျိုးမျိုး ဝယ်ယူခ၊ အလုပ်သမား ငှားရမ်းခ၊ စုစုပေါင်း ခုနစ်သိန်းကျပ်ခန့် ကုန်ကျကြောင်း၊ မျိုးဥ ဝယ်ယူခဈေးနှုန်းပေါ် မူတည်ပြီး ကုန်ကျစရိတ်ကွာခြားမှုရှိကြောင်း၊ ယခုနှစ်တွင် မျိုးစေ့တစ်ပြည် ကျပ် ၂၅၀၀၀၊ တစ်တင်းလျှင် လေးသိန်းကျပ်ဖြင့်ရောင်းချရပါက တစ်ဧကဝင်ငွေမှာ ကျပ်သိန်း ၂၀ ခန့်ရရှိ၍ အကျိုးအမြတ်အနေဖြင့် ကျပ် ၁၃ သိန်းခန့်ရရှိကြောင်း သိရှိရသည်။

တောင်သူများအနေဖြင့် ကြက်သွန်နီ (အနံ့ယူ)စိုက်ခင်းများကို တစ်ပိုင်တစ်နိုင်သာ စိုက်ပျိုးကြပြီး ဈေးကွက်စီးပွားဖြစ် ဧကအများအပြား စိုက်ပျိုးမှုနည်းရခြင်းမှာ မျိုးစေ့ပေါ်ချိန်ဦးသော်လည်း ပြန်လည်ရောင်းချချိန် နောက်ကျ၍ ငွေပေါ်ချိန်နောက်ကျခြင်းကြောင့် တောင်သူများမှာ စိုက်ပျိုးမှုနည်းပါးကြောင်း၊ ယခုနှစ်တွင် ကြက်သွန်နီ ဈေးကွက်အသစ် တစ်ပိဿာ ကျပ် ၇၀၀ ဝန်းကျင်ခန့် ဈေးနှုန်းရှိ၍ ယခင်နှစ်ထက် သိသိသာသာ ဈေးနှုန်းမြင့်တက်လာ၍ ကြက်သွန်နီမျိုးစေ့ ဈေးနှုန်းများလည်း မြင့်တက်လာနိုင်မည်ဟု တောင်သူမှ ပြောကြားကြောင်း၊ ယခုနှစ်တွင် ကြက်သွန်နီမျိုးစေ့ ဝယ်လိုအားကောင်း၍ ဈေးကွက်ကောင်းလျှင် စိုက်တောင်သူများအနေဖြင့် ယခင်နှစ်များထက် တိုးချဲ့စိုက်ပျိုးလာနိုင်မည်ဟု စိုက်တောင်သူ ကုန်သည်လုပ်ငန်းရှင်တစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

## စာမျက်နှာ (၁၂) မြန်မာ့ကော်ဖီအကြောင်း တစေ့တစောင်း . . . မှအဆက်

မြန်မာနိုင်ငံထွက် ကော်ဖီကို အမေရိကန်၊ ဥရောပ၊ ဂျပန်၊ တောင်ကိုးရီးယား၊ ထိုင်း၊ တရုတ်နှင့် ထိုင်ဝမ်နိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု၏ ထက်ဝက်ခန့်ကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

နိုင်ငံပိုင် ကော်ဖီနည်းပညာ ဖွံ့ဖြိုးရေးခြံများသည် အစိုးရနှင့် ပုဂ္ဂလိကပိုင်းဆိုင်ရာ စီးပွားဖြစ် ကော်ဖီထုတ်လုပ်ရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ပြီး ပြည်ပသို့တင်ပို့ရောင်းချရန်နှင့် ပြည်တွင်းစားသုံးမှု ဖြည့်ဆည်းရန်အတွက် ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့်အပြင် မျိုးကောင်းမျိုးသန့်၊ မျိုးစေ့နှင့် ပျိုးပင်များ ဖြန့်ဖြူးပေးခြင်း၊ နည်းပညာများ ပို့ချပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံပိုင်ခြံများ၏ စုစုပေါင်း စိုက်ပျိုးထုတ်လုပ်မှု ဧရိယာမှာ ၃၂၆ ဟက်တာရှိကြောင်း၊ ပင်အို ပင်ဟောင်းများကို အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်းမျိုးများဖြင့် အစားထိုးလဲလှယ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ယခုအခါ ကော်ဖီဈေးကွက်မှာ မြင့်မားလာနေပြီး ကုန်ကြမ်းအဖြစ်သာမက တန်ဖိုးမြှင့် ကော်ဖီထုတ်ကုန်များအဖြစ် ရောင်းချပေးနိုင်ပါက ဈေးကွက်ပိုမိုကောင်းမွန်လာမည် ဖြစ်ပါသည်။ မြန်မာ့ကော်ဖီများကို ကမ္ဘာ့နိုင်ငံများကပင် စိတ်ဝင်စားလာလျက်ရှိနေရာ ကော်ဖီ စိုက်ပျိုးသူ တောင်သူကြီးများသည် အရည်အသွေးနှင့် အဆင့်အတန်းမီသော ကော်ဖီမျိုးကောင်းမျိုးသန့်များကို ရွေးချယ်၍ စိုက်ပျိုးထုတ်လုပ်ခြင်း၊ ကော်ဖီလုပ်ငန်းရှင်များက တန်ဖိုးမြှင့်ကော်ဖီများ ထုတ်လုပ်ခြင်းဖြင့် ကမ္ဘာ့ကော်ဖီဈေးကွက်ကို ထိုးဖောက်သွားနိုင်မည်လည်းဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**Source - စိမ်းရောင်လန်း Facebook Page**

## ပြည်ပဆန်ဈေးနှုန်းများ

၁-၆-၂၀၂၂ မှ ၇-၆-၂၀၂၂ ထိ ပြည်ပဆန်ဈေးနှုန်း FOB-YGN

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 385 - 390 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 380 - 385 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 375 - 380 | |
| 4 | Myanmar Long Grain White Rice 20% Broken (Well Milled Double Polished Sortexed) | 370 - 375 | |
| 5 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 365 - 370 | |
| 6 | Myanmar Long Grain White Rice 5% Broken (Reasonable Well Milled) | 355 - 360 | |
| 7 | Myanmar Long Grain White Rice 15% Broken (Reasonable Well Milled) | 345 - 350 | |
| 8 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 325 - 330 | |
| 9 | Myanmar Long Grain White Rice (Emata) 25% Broken (Reasonable Well Milled)( For Africa) | 320 - 325 | |
| 10 | Myanmar Long Grain Brown Rice 5% Broken | 340 - 350 | |
| 11 | Myanmar Long Grain Brown Rice 10% Broken | 335 - 340 | |
| 12 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 385 - 390 | |
| 13 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 380 - 385 | |
| 14 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 375 - 380 | |
| 15 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 370 - 375 | |
| 16 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 385 - 390 | |
| 17 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 380 - 385 | |
| 18 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 375 - 380 | |
| 19 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 370 - 375 | |
| 20 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 390 - 395 | |
| 21 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 385 - 390 | |
| 22 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 380 - 385 | |
| 23 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 375 - 380 | |
| 24 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 390 - 395 | |
| 25 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 385 - 390 | |
| 26 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 380 - 385 | |
| 27 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 375 - 380 | |
| 28 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 430 - 435 | |
| 29 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 425 - 430 | |
| 30 | Myanmar Long Grain Parboiled Brown Rice 5% Broken | 395 - 405 | |
| 31 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 430 - 435 | |
| 32 | Myanmar Glutinous Rice 5% Broken | 380 - 400 | |
| 33 | Myanmar Glutinous Rice 10% Broken | 360 - 380 | |
| | Myanmar Glutinous Rice 15% Broken | 350 - 360 | |
| 34 | A-1 , 2 (Sortexed) | 325 - 335 | |
| 35 | B-1 , 2 (Sortexed) | 320 - 325 | |
| 36 | B-1,2 (Non-Sortexed) | 315 - 320 | |
| 37 | B-2,3,4 (Non-Sortexed) | 310 - 315 | |
| 38 | 100% Broken Rice Softexed Reject (Animal Feed) | 300 - 305 | |
| 39 | 100% Parboiled Broken Rice Sortexed Reject | 300 - 305 | |
| 40 | 100% Parboiled Broken (B-1,2) | 300 - 305 | |
| 41 | 100% Brown Rice Broken (B-1,2) | 300 - 305 | |
| 42 | Parboiled Rice Reject (Grade 2) | 305 - 315 | |
| 43 | Glutinous Broken Rice (Sortexed) | 330 - 340 | |
| 44 | Paw San 5% Broken | 575 | |
| 45 | Paw San 10% Broken | 560 | |
| 46 | Paw San 15% Broken | 550 | |
| 47 | Paw San 100% Broken | 325 - 330 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေကို လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၂၂ ခုနှစ် မေ ၃၀ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၃၇ နိုင်ငံအနက် တောင်အာဖရိကနိုင်ငံသည် ယခင်တစ်ပတ် ဈေးနှုန်းထက် ၁၁ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး မောရစ်ရှနိုင်ငံတွင် ၉ ဒသမ ၉၀ ရာခိုင်နှုန်း၊ လက်ဘနွန်နှင့် နော်ဝေနိုင်ငံတို့တွင် ၈ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၈ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ အိန္ဒိယ၊ နီပေါ၊ ပါကစ္စတန်၊ ဘူလ်တန်၊ အီဂျစ်၊ အစ္စရေး၊ ကင်ညာ၊ မိုနာကို၊ နယ်သာလန်၊ နယူးဇီလန်၊ နိုင်ဂျီးရီးယား၊ စပိန်၊ ဆွာဇီလန်၊ ဆူဒန်၊ တူရကီ၊ ယီမင်နှင့် ဇင်ဘာဘွေ စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၈၉ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်နေလျက်ရှိကြောင်း တွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဂျပန်၊ ဘရာဇီး၊ ဖင်လန်၊ ကနေဒါ၊ ဂျော်ဂျီယာ၊ မွန်တီနီဂရိုးနှင့် အာဂျင်တီးနား အပါအဝင် နိုင်ငံပေါင်း ၁၀ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၆ ဒသမ ၉၀ ရာခိုင်နှုန်းထိ ဈေးနှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၂ ခုနှစ် မေ ၃၀ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် အင်ဒိုနီးရှားနိုင်ငံတွင် ၅ ဒသမ ၂၀ ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံတွင် သုည ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်လျက်ရှိပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိ ရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၂၂ ခုနှစ် မေ ၃၀ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၃၇ နိုင်ငံအနက် ဂါနာနိုင်ငံသည် ယခင်တစ်ပတ် ဈေးနှုန်းထက် ၁၀ ဒသမ ၉၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး မောရစ်ရှ နိုင်ငံတွင် ၁၀ ရာခိုင်နှုန်း၊ မြန်မာနှင့် နော်ဝေနိုင်ငံတို့တွင် ၈ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၄ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ အိန္ဒိယ၊ နီပေါ၊ ဩစတြေးလျ၊ ဘယ်လ်ဂျီယံ၊ အစ္စရေး၊ ကင်ညာ၊ မိုနာကို၊ နယ်သာလန်၊ နယူးဇီလန်၊ စပိန်၊ ဆူဒန်၊ ဆွစ်ဇာလန်၊ တူရကီ၊ ယီမင်နှင့် ဇင်ဘာဘွေ စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၈၅ နိုင်ငံတို့တွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်လျက်ရှိကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဂျပန်၊ အီတလီ၊ ဘရာဇီး၊ အိုင်ယာလန်၊ ဖင်လန်၊ ပိုလန်၊ ကနေဒါ၊ အာဂျင်တီးနားနှင့် လက်ဘနွန် အပါအဝင် နိုင်ငံပေါင်း ၁၈ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၁၅ ဒသမ ၃၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၂ ခုနှစ် မေ ၃၀ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် ၈ ဒသမ ၁၀ ရာခိုင်နှုန်းနှင့် အင်ဒိုနီးရှားနိုင်ငံတွင် ၄ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၂၂ ခုနှစ် မေ ၃၀ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၁.၃၁ | ၁.၃၀ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၁.၂၀ | ၁.၃၄ |

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 31-May-22 | 19.61 cts/lb | 19.69 cts/lb | 561.25 $/T | 25.46 cts/lb |
| 30-May-22 | 0.00 cts/lb | 19.58 cts/lb | 565.70 $/T | 25.66 cts/lb |
| 27-May-22 | 19.79 cts/lb | 19.58 cts/lb | 559.40 $/T | 25.37 cts/lb |
| 26-May-22 | 19.74 cts/lb | 19.55 cts/lb | 556.70 $/T | 25.25 cts/lb |
| 25-May-22 | 19.87 cts/lb | 19.50 cts/lb | 556.05 $/T | 25.22 cts/lb |
| 24-May-22 | 19.94 cts/lb | 19.43 cts/lb | 548.75 $/T | 24.89 cts/lb |
| 23-May-22 | 19.97 cts/lb | 19.35 cts/lb | 545.00 $/T | 24.72 cts/lb |
| 20-May-22 | 20.10 cts/lb | 19.29 cts/lb | 549.85 $/T | 24.94 cts/lb |
| 19-May-22 | 19.93 cts/lb | 19.23 cts/lb | 544.30 $/T | 24.69 cts/lb |
| 18-May-22 | 19.99 cts/lb | 19.19 cts/lb | 546.05 $/T | 24.77 cts/lb |
| 17-May-22 | 20.11 cts/lb | 19.12 cts/lb | 547.50 $/T | 24.83 cts/lb |
| 16-May-22 | 19.82 cts/lb | 19.05 cts/lb | 542.00 $/T | 24.58 cts/lb |
| 13-May-22 | 19.30 cts/lb | 18.99 cts/lb | 529.40 $/T | 24.01 cts/lb |
| 12-May-22 | 18.81 cts/lb | 18.99 cts/lb | 514.90 $/T | 23.36 cts/lb |
| 11-May-22 | 18.74 cts/lb | 19.06 cts/lb | 510.40 $/T | 23.15 cts/lb |
| 10-May-22 | 18.72 cts/lb | 19.12 cts/lb | 513.15 $/T | 23.28 cts/lb |
| 9-May-22 | 18.85 cts/lb | 19.18 cts/lb | 516.35 $/T | 23.42 cts/lb |
| 6-May-22 | 19.31 cts/lb | 19.28 cts/lb | 526.60 $/T | 23.89 cts/lb |
| 5-May-22 | 18.97 cts/lb | 19.33 cts/lb | 517.75 $/T | 23.48 cts/lb |
| 4-May-22 | 18.83 cts/lb | 19.41 cts/lb | 512.35 $/T | 23.24 cts/lb |
| 3-May-22 | 18.83 cts/lb | 19.50 cts/lb | 514.55 $/T | 23.34 cts/lb |
| 29-Apr-22 | 19.25 cts/lb | 19.68 cts/lb | 524.70 $/T | 23.80 cts/lb |
| 28-Apr-22 | 19.31 cts/lb | 19.71 cts/lb | 523.10 $/T | 23.73 cts/lb |
| 27-Apr-22 | 18.97 cts/lb | 19.73 cts/lb | 519.70 $/T | 23.57 cts/lb |
| 26-Apr-22 | 18.98 cts/lb | 19.77 cts/lb | 516.90 $/T | 23.45 cts/lb |
| 25-Apr-22 | 18.94 cts/lb | 19.80 cts/lb | 518.05 $/T | 23.50 cts/lb |
| 22-Apr-22 | 19.26 cts/lb | 19.82 cts/lb | 526.95 $/T | 23.90 cts/lb |
| 21-Apr-22 | 19.87 cts/lb | 19.83 cts/lb | 538.05 $/T | 24.41 cts/lb |
| 20-Apr-22 | 19.62 cts/lb | 19.80 cts/lb | 533.75 $/T | 24.21 cts/lb |
| 19-Apr-22 | 19.74 cts/lb | 19.76 cts/lb | 535.10 $/T | 24.27 cts/lb |
| 14-Apr-22 | 20.08 cts/lb | 19.70 cts/lb | 559.25 $/T | 25.37 cts/lb |
| 13-Apr-22 | 20.13 cts/lb | 19.64 cts/lb | 565.85 $/T | 25.67 cts/lb |
| 12-Apr-22 | 20.23 cts/lb | 19.58 cts/lb | 556.10 $/T | 25.22 cts/lb |
| 11-Apr-22 | 20.25 cts/lb | 19.51 cts/lb | 554.10 $/T | 25.13 cts/lb |

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် ၁၁-၄-၂၀၂၂ ရက်တွင် အမေရိကန်ဒေါ်လာ ၅၅၄ ဒသမ ၁၀ ဒေါ်လာပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ၃၁-၅-၂၀၂၂ ရက်တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၆၁ ဒသမ ၂၅ ဒေါ်လာဖြစ်ပေါ်ခဲ့သည်ကို တစ်ဖက်ပါအတိုင်း တွေ့ရှိရသည်။

လက်ရှိ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ မေ ၂၇ ရက်အထိ (ယာယီ) စာရင်းများအရ သကြားတန်ချိန် တစ်သောင်းလေးထောင်ကျော်ကို ပင်လယ်ရေကြောင်းမှ ဗီယက်နမ်နိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိကြောင်း တွေ့ရှိရသည်။ ဗီယက်နမ် သကြားဈေးကွက်သို့ ထိုင်းနှင့် အခြားနိုင်ငံများမှ သကြားများဝင်ရောက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံ၏ စက်မှုဝန်ကြီးဌာနမှ ပြည်တွင်းလုပ်ငန်းများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ကာကွယ်ရန်အတွက် သကြားတင်သွင်းမှုများကို anti-dumping duty လုပ်ဆောင်လျက်ရှိပြီး မိမိနိုင်ငံမှ ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ပထမပတ်မှစ၍ သကြားတင်ပို့မှု ရပ်နားခဲ့သော်လည်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလ လကုန်ပတ်မှစ၍ ပင်လယ်ရေကြောင်းမှ သကြားပြန်လည်တင်ပို့မှုရှိနေကြောင်း တွေ့ရှိရ သည်။

၂၀၂၂ ခုနှစ် ဇွန်လ လဆန်းပိုင်းတွင် တရုတ်နိုင်ငံ၌ ဖြစ်ပေါ်ခဲ့သော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၉၃ ဒေါ်လာ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၃၉၀ ဒေါ်လာ၊ ပါကစ္စတန် နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၀၂-၄၇၂ ဒေါ်လာ၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၄၅၆-၅၅၁ ဒေါ်လာ ဖြစ်ပေါ်ခဲ့ပြီး ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက တရုတ်၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့တွင် သကြားဈေးနှုန်းမှာ မြင့်တက်နေခဲ့ပြီး အမေရိကန်နိုင်ငံတွင် သကြားဈေးနှုန်းမှာ ကျဆင်းနေခဲ့ ကြောင်း လေ့လာတွေ့ရှိရသည်။

၂၀၂၂ ခုနှစ် ဇွန်လ လဆန်းပိုင်းတွင် မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၄၃၀ ဒေါ်လာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၉၃ ဒေါ်လာ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၄၆၃ ဒေါ်လာ ဈေးနှုန်းကွာဟချက် ရှိပါသည်။ မြန်မာ-ထိုင်း နယ်စပ် မြဝတီမြို့ တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၀ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၄၇ ဝန်းကျင်ခန့် ရှိကြောင်း လေ့လာ သိရှိရသည်။

ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ် ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၄၀၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ဘားအံမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၂၀၀၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။ Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၂၂ ခုနှစ် ဇွန်လ လဆန်းပိုင်းတွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ၁ ဒသမ ၂၂ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၃ | ထိုင်း | လီတာ | ၁.၅၁ | ၀.၉၄ |
| ၄ | ဗီယက်နမ် | လီတာ | ၁.၃၅ | ၁.၁၁ |
| ၅ | စင်ကာပူ | လီတာ | ၂.၂၆ | ၂.၁၁ |
| ၆ | မလေးရှား | လီတာ | ၀.၄၇ | ၀.၄၉ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၄၉ | ၁.၄၆ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၃၉ | ၁.၃၆ |
| ၉ | လာအို | လီတာ | ၁.၆၅ | ၁.၃၃ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၂၂ ခုနှစ် မေ ၃၀ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၁ နှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၄ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ ၁ ဒသမ ၃၁ ဒေါ်လာနှုန်းဖြင့် ၇၄ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ ၁ ဒသမ ၃၀ ဒေါ်လာနှုန်းဖြင့် ၇၇ နိုင်ငံမြောက်တွင်ရှိနေကြောင်း တွေ့ရှိရသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ် ဈေးနှုန်း အနည်းဆုံး/အများဆုံး နိုင်ငံများစာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | လစ်ဗျား | လီတာ | ၀.၀၃ | ဟောင်ကောင် | လီတာ | ၂.၉၆ |
| ၂ | အီရန် | လီတာ | ၀.၀၅ | နော်ဝေ | လီတာ | ၂.၈၃ |
| ၃ | ဆီးရီးယား | လီတာ | ၀.၂၉ | ဒိန်းမတ် | လီတာ | ၂.၆၅ |
| ၄ | အယ်လ်ဂျီးရီးယား | လီတာ | ၀.၃၂ | ဖင်လန် | လီတာ | ၂.၅၅ |
| ၅ | ကူဝိတ် | လီတာ | ၀.၃၄ | အိုင်စလန် | လီတာ | ၂.၅၀ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၁ | ဟောင်ကောင် | လီတာ | ၂.၇၀ |
| ၂ | ဗင်နီဇွဲလား | လီတာ | ၀.၀၂ | နော်ဝေ | လီတာ | ၂.၅၁ |
| ၃ | လစ်ဗျား | လီတာ | ၀.၀၃ | မိုနာကို | လီတာ | ၂.၅၀ |
| ၄ | ဆီးရီးယား | လီတာ | ၀.၁၃ | အိုင်စလန် | လီတာ | ၂.၄၅ |
| ၅ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၇ | ဖင်လန် | လီတာ | ၂.၃၇ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယ နိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၄၀ | ၁.၂၆ |
| ၂ | ဂျပန် | လီတာ | ၁.၂၈ | ၁.၁၂ |
| ၃ | အိန္ဒိယ | လီတာ | ၁.၃၄ | ၁.၂၁ |

## DOT (P&S)

ဥရောပသမဂ္ဂ (EU) အဖွဲ့ဝင်နိုင်ငံများမှ လက်ရှိ ၂၀၂၂ ခုနှစ်ကုန်တွင် ရုရှားနိုင်ငံမှ ရေနံ ၉၀ ရာခိုင်နှုန်းကို တင်သွင်းမှု ရပ်တန့်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း ဥရောပသမဂ္ဂ (EU) ခေါင်းဆောင်များက ပြောကြားပြီးနောက် ဇွန် ၁ ရက်တွင် ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၁၅ ဒသမ ၂၆ သို့ ဈေးနှုန်းမြင့်တက်ခဲ့သည်ကို တွေ့ရှိရသည်။ Oil-Price.Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၂၆.၅.၂၀၂၂ | စည် | ၁၁၀.၃၃ |
| ၂ | ၂၇.၅.၂၀၂၂ | စည် | ၁၁၄.၀၉ |
| ၃ | ၃၀.၅.၂၀၂၂ | စည် | ၁၁၅.၀၇ |
| ၄ | ၃၁.၅.၂၀၂၂ | စည် | ၁၁၄.၆၇ |
| ၅ | ၁.၆.၂၀၂၂ | စည် | ၁၁၅.၂၆ |

source : http://www.oil-price.net/

**စာမျက်နှာ ၁၈ သို့**

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် ကိုဗစ်(၁၉) ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးသည် ၂၀၂၂ ခုနှစ် မေ ၂၆ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၄၈ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ ဇွန် ၁ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၃၃ ဒေါ်လာဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။ ပြည်တွင်းရွှေဈေးသည်လည်း ၂၀၂၂ ခုနှစ် မေ ၂၆ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၂၀၅၀၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ ဇွန် ၁ ရက်တွင် ကျပ် ၂၀၄၅၀၀၀ သို့ အတက်အကျ ဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရှိရ သည်။

၂၀၂၂ ခုနှစ် ဧပြီ ၁၉ ရက်မှ ဇွန် ၁ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေး အခြေအနေတို့ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိ ရသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | ကျပ် | ဒေါ်လာ |
| ၁ | ၁၉.၄.၂၀၂၂ | ၂၀၅၅၀၀၀ | ၁၉၇၇ |
| ၂ | ၂၀.၄.၂၀၂၂ | ၂၀၇၈၀၀၀ | ၁၉၄၁ |
| ၃ | ၂၁.၄.၂၀၂၂ | ၂၀၈၂၀၀၀ | ၁၉၄၇ |
| ၄ | ၂၂.၄.၂၀၂၂ | ၂၀၉၅၀၀၀ | ၁၉၃၀ |
| ၅ | ၂၅.၄.၂၀၂၂ | ၂၀၅၃၀၀၀ | ၁၉၁၈ |
| ၆ | ၂၆.၄.၂၀၂၂ | ၂၀၅၃၀၀၀ | ၁၉၀၅ |
| ၇ | ၂၇.၄.၂၀၂၂ | ၂၀၅၀၀၀၀ | ၁၈၉၉ |
| ၈ | ၂၉.၄.၂၀၂၂ | ၂၀၇၈၀၀၀ | ၁၈၉၄ |
| ၉ | ၂.၅.၂၀၂၂ | ၂၀၃၀၀၀၀ | ၁၈၈၅ |
| ၁၀ | ၃.၅.၂၀၂၂ | ၂၀၀၀၀၀၀ | ၁၈၆၃ |
| ၁၁ | ၄.၅.၂၀၂၂ | ၁၉၉၅၀၀၀ | ၁၈၆၉ |
| ၁၂ | ၅.၅.၂၀၂၂ | ၂၀၂၆၇၀၀ | ၁၉၀၁ |
| ၁၃ | ၆.၅.၂၀၂၂ | ၂၀၀၅၀၀၀ | ၁၈၇၇ |
| ၁၄ | ၉.၅.၂၀၂၂ | ၂၀၀၅၀၀၀ | ၁၈၈၄ |
| ၁၅ | ၁၀.၅.၂၀၂၂ | ၁၉၈၃၀၀၀ | ၁၈၅၄ |

**စာမျက်နှာ ၁၈ သို့**

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၂ ခုနှစ် မေ ၃၀ ရက်တွင် International Rice Market Website ၌ ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၈ ဒေါ်လာဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၂ ဒေါ်လာဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကိုသိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၂ ဒေါ်လာဖြင့် လည်းကောင်း၊ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၇ ဒေါ်လာဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၄ ဒေါ်လာဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၂ ဒေါ်လာဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ ရာခိုင်နှုန်းတစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၁၈ ဒေါ်လာဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၈ ဒေါ်လာဖြင့်လည်းကောင်း ရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၃ ဒေါ်လာဖြင့်လည်းကောင်း အသီးသီး ရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ Thai Rice Exporter Association တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံ၌ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန်၊ ဧည့်မထ ၅ ရာခိုင်နှုန်း ဆန်၊ ဧည့်မထ ၂၅ ရာခိုင်နှုန်းနှင့် ပါကစ္စတန်နိုင်ငံတို့တွင် ဆန်ဈေးနှုန်းများမှာ မြင့်တက်လျက်ရှိပြီး ဗီယက်နမ်နှင့် အိန္ဒိယနိုင်ငံတို့တွင် ဆန်ဈေးနှုန်းများမှာ တည်ငြိမ်လျက်ရှိသည်ကို သိရှိရသည်။

ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် အိန္ဒိယနိုင်ငံတွင် ပြည်တွင်းဆန်စပါး ပေါများနေပြီး ရူပီးငွေတန်ဖိုးသည်လည်း ကျဆင်းနေခြင်းကြောင့် ယခုတစ်ပတ်တွင် ပို့ကုန်ဆန်ဈေးနှုန်းသည် ငါးနှစ်ကျော်အတွင်း အနိမ့်ဆုံးကျဆင်းနေ ကြောင်း သိရှိရသည်။ ဆန်အဝယ်ရှိသော်လည်း ဆန်ရောင်းအားသည် များပြားနေပြီး ဝယ်လက်များက တိရစ္ဆာန်အစာအတွက် ဝယ်ယူရာမှာ ဈေးကြီးသည့် ပြောင်းဆန်နေရာကို အစားထိုးရန် ဆန်ကွဲကိုသာ လိုချင်နေကြကြောင်း အိန္ဒိယနိုင်ငံ ဆန်တင်ပို့သူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။ အိန္ဒိယ ရူပီးငွေသည်လည်း အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်လျှင် စံချိန်တင် ကျဆင်းနေခြင်းကြောင့် ပြည်ပကို ဆန်တင်ပို့သူများ အကျိုးအမြတ်ပိုရနေကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံ၏ ၅ ရာခိုင်နှုန်း ဆန်ဈေးသည် ယခုတစ်ပတ်တွင် ဈေးနှုန်း မြင့်တက်လာခဲ့ကြောင်း သိရှိရသည်။ ဘတ်ငွေတန်ဖိုး မြင့်မားနေပြီး ဓာတ်မြေဩဇာဈေးနှုန်းနှင့် ထုတ်လုပ်မှု စရိတ်သည်လည်း မြင့်မားနေသဖြင့် ဆန်ဈေးနှုန်း မြင့်တက်လာရခြင်းဖြစ်ကြောင်း သိရှိရသည်။ ဆန်စပါး ရောင်းအားများနေသော်လည်း ဆန်ဈေးမြင့်နေခြင်းကြောင့် ဆန်ဝယ်လက်များ အချိန်အတော်ကြာ အဝယ်ပျောက်နေကြောင်း ဘန်ကောက်အခြေစိုက် ဆန်ကုန်သည်တစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။ ဗီယက်နမ်နိုင်ငံတွင် ၅ ရာခိုင်နှုန်း ဆန်ဈေးသည် ယခင်တစ်ပတ် ပေါက်ဈေးအတိုင်း တည်ငြိမ်နေကြောင်း သိရှိရသည်။ ဖိလစ်ပိုင်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ အဓိက ဆန်ဝယ်လက်ဖြစ်သော်လည်း အီးယူနှင့် ဗီယက်နမ်နိုင်ငံကြား လွတ်လပ်သည့်ကုန်သွယ်မှု သဘောတူညီချက်အရ ဥရောပနိုင်ငံများသို့ ပိုမိုတင်ပို့နိုင်မည်ဟုမျှော်မှန်း ထားကြောင်း သိရှိရသည်။

လက်ရှိ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ မေ ၂၇ ရက်အထိ (ယာယီ) စာရင်းများအရ ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲတင်ပို့နိုင်မှုတွင် ဆန်တန်ချိန် ၂၅၀၅၂၉ ဒသမ ၆၅၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၈၈ ဒသမ ၈၉၅ သန်း၊ ဆန်ကွဲတန်ချိန် ၁၇၁၃၀၁ ဒသမ ၁၀၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၈၄၉ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၄၂၁၈၃၀ ဒသမ ၇၅၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၄၂ ဒသမ ၇၄၄ သန်း ရရှိထားပြီး၊ ယခင်နှစ်ကာလတူတွင် ဆန်တန်ချိန် ၁၆၆၇၉၄ ဒသမ ၂၀၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၇၀ ဒသမ ၀၃၀ သန်း၊ ဆန်ကွဲ တန်ချိန် ၁၄၁၈၈၁ ဒသမ ၈၃၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၈၁၉ သန်း၊ စုစုပေါင်း ဆန်နှင့် ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၃၀၈၆၇၆ ဒသမ ၀၃၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၁၆ ဒသမ ၈၄၉ သန်းဖြစ်ကြောင်း ကုန်သွယ်မှု စာရင်းများအရ သိရှိရသည်။

**စာမျက်နှာ ၁၈ သို့**



မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
“ မှန်သည် မြန်သည် မြဝတီ ”
Internet & Mobile Banking Services
Account Transfer
Mobile Topup ( Phone Bill )
Cardless ATM Withdrawl
Remittance
Credit Card Payment
Tax Payment
MPU
UnionPay
JCB
24 ~ (01) 2301421, 2317166 Phone No : (01) 2301367, 2301368, 2301452, 2301378





အရည်အသွေး
ကောင်းမွန်သောကားအမျိုးအစားစုံ
စိတ်ကြိုက်ရွေးချယ်ဖို့
JPM နဲ့ဆက်သွယ်စို့...
JPM
CAR SALE CENTER
jpmautocenter@gmail.com
www.jpmmotors.com
ကားပါမစ်ရရှိထားသော နိုင်ငံ့ဝန်ထမ်းများကိုလည်း လိုချင်သောမော်တော်ကားများဝယ်ယူရရှိပြီး
လက်တင်စီးနိုင်သည်အထိ(အထူး)ဝန်ဆောင်မှုပေးပါသည်။
HOT LINE : 09253008800
အမှတ်(၄၂-အေ)၊တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဗဟန်းမြို့နယ်၊ရန်ကုန်။ Ph: 09 44 888 2944,09 7 3333 555


ROYAL POWER
ELECTRICAL TRADING CO., LTD.
No. (173), Room (1), Lower Kyeemyindine Road, Ahlone Township, Yangon, Myanmar.
Ph: 01-228533, 01-2302115, 01-2302161, 09-5035858, 09-5060788, 09-5130408,
09-5160660, 09-8611226, 09-73146404 Fax:951-228533 Gmail: rpelectricaltrading@gmail.com


MAX
HSD
Ks / L
စစ်မှန်သော အရည်အသွေးဖြင့်
သင့်ကားရဲ့ စွမ်းဆောင်ရည်ကို
မြှင့်တင်ပါ

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) . . . မှအဆက်

၂၀၂၂ ခုနှစ် ဧပြီ ၄ ရက်မှ မေ ၃၀ ရက်အထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-




ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီဈေးနှုန်းများမှာ ၂၀၂၂ ခုနှစ် ဇွန် ၁ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ၂၂၄၀ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၂၃၃၀ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၄၅၀ ကျပ်နှင့် ပရီမီယံဒီဇယ် တစ်လီတာလျှင် ၂၂၈၀ ကျပ် အသီးသီး ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်း ဖြန့်ဖြူးရောင်းချရေးအသင်းတို့ ပူးပေါင်းစီစဉ်ကာ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲလှယ်နှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးရန် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းခဲ့သည့် စက်သုံးဆီများကို ၂၅-၉-၂၀၂၁ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီးတွင် အရောင်းဆိုင် ၇၂ ဆိုင်၊ မန္တလေးတိုင်းဒေသကြီးတွင် အရောင်းဆိုင် ၃၈ ဆိုင်နှင့် နေပြည်တော်တွင် အရောင်းဆိုင်ရှစ်ဆိုင်တို့တွင် သတ်မှတ်ဈေးနှုန်းများဖြင့် ရောင်းချဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ဟားခါးမြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ကျပ် ၃၀၁၀၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၃၀၇၀၊ လားရှိုးမြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ကျပ် ၂၇၃၀၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၂၆၂၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ရန်ကုန်မြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ကျပ် ၂၃၃၀၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၂၄၅၀၊ ပုသိမ်မြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ၂၃၉၀ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၂၃၆၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိမြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင် တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ယခင်တစ်ပတ်ထက် ဓာတ်ဆီတစ်လီတာလျှင် ၁၀ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၁၅၀ ကျပ်သို့ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။


## စာမျက်နှာ (၁၅) ဆန် ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် ဆန်တန်ချိန် ၈၃၇၃၅ ဒသမ ၄၅၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၈၆၅ သန်း၊ ဆန်ကွဲတင်ပို့မှုအနေဖြင့် ဆန်ကွဲတန်ချိန် ၂၉၄၁၉ ဒသမ ၂၇၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၇ ဒသမ ၀၃၀ သန်း ပိုမိုတင်ပို့နိုင်ခဲ့ သည်ကို သိရှိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၂ ခုနှစ် မေ ၃၁ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၂၇၉ ကျပ်နှုန်းရှိပြီး ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်အိတ်လျှင် ကျပ် ၃၂၀၈၅ မှ ၃၃၄၈၀ ကြား ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၂ ခုနှစ် မေ ၃၁ ရက်တွင်ဖြစ်ပေါ် နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၆၁ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ် ဖြစ်ပေါ် နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် ဟားခါးမြို့တွင် ၂၁၅၀ ကျပ်နှင့် မုံရွာမြို့တွင် ၁၇၅၀ ကျပ်ဖြင့် အမြင့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့ပြီး မကွေးနှင့် ပြည်မြို့တို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၁၂၅၀ ဖြင့် အနိမ့်ဆုံး ဈေးနှုန်းများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခု တစ်ပတ်တွင် ကမ္ဘာ့ဆန် ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၈၄ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းလျက်ရှိခဲ့ကြောင်း သိရှိရသည်။ ၂၀၂၂ ခုနှစ် ဇွန်လ လဆန်းပိုင်းတွင် နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်/အကျ ပြောင်းလဲမှုများ ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ် တင်ပြအပ်ပါသည်။




## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း . . . မှအဆက်

| | | | |
|---|---|---|---|
| ၁၆ | ၁၁.၅.၂၀၂၂ | ၁၉၅၉၅၀၀ | ၁၈၃၆ |
| ၁၇ | ၁၂.၅.၂၀၂၂ | ၁၉၇၆၅၀၀ | ၁၈၅၄ |
| ၁၈ | ၁၃.၅.၂၀၂၂ | ၁၉၄၆၇၀၀ | ၁၈၂၆ |
| ၁၉ | ၁၆.၅.၂၀၂၂ | ၂၀၃၅၀၀၀ | ၁၇၉၅ |
| ၂၀ | ၁၇.၅.၂၀၂၂ | ၂၀၄၀၀၀၀ | ၁၈၂၈ |
| ၂၁ | ၁၈.၅.၂၀၂၂ | ၂၀၃၀၀၀၀ | ၁၈၀၅ |
| ၂၂ | ၁၉.၅.၂၀၂၂ | ၂၀၃၄၀၀၀ | ၁၈၀၄ |
| ၂၃ | ၂၀.၅.၂၀၂၂ | ၂၀၄၅၀၀၀ | ၁၈၄၇ |
| ၂၄ | ၂၃.၅.၂၀၂၂ | ၂၀၅၀၀၀၀ | ၁၈၅၆ |
| ၂၅ | ၂၄.၅.၂၀၂၂ | ၂၀၄၆၀၀၀ | ၁၈၅၉ |
| ၂၆ | ၂၅.၅.၂၀၂၂ | ၂၀၅၃၀၀၀ | ၁၈၅၇ |
| ၂၇ | ၂၆.၅.၂၀၂၂ | ၂၀၅၀၀၀၀ | ၁၈၄၈ |
| ၂၈ | ၂၇.၅.၂၀၂၂ | ၂၀၅၂၅၀၀ | ၁၈၅၉ |
| ၂၉ | ၃၀.၅.၂၀၂၂ | ၂၀၄၉၀၀၀ | ၁၈၅၉ |
| ၃၀ | ၃၁.၅.၂၀၂၂ | ၂၀၄၅၅၀၀ | ၁၈၅၄ |
| ၃၁ | ၁.၆.၂၀၂၂ | ၂၀၄၅၀၀၀ | ၁၈၃၃ |

Source: estimate of world's exchange rate and gold price page

၂၀၂၁ ခုနှစ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၏ စက်တင်ဘာလ အစီရင်ခံစာ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ၆ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး GDP သည် ၁၈ ဒသမ ၄ ရာခိုင်နှုန်းဖြစ်ကြောင်း ဖော်ပြထားခဲ့ပြီး ၂၀၂၂ ခုနှစ်အတွက် GDP သည် သုည ဒသမ ၃ ရာခိုင်နှုန်း တိုးတက်နိုင်ကြောင်း၊ ငွေကြေးဖောင်းပွမှုနှုန်းသည် ၈ ရာခိုင်နှုန်းသို့ မြင့်တက်နိုင်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။

၂၀၂၂ ခုနှစ် မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ ရက်အလိုက် ဖြစ်ပေါ် ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ် ပါသည်-


တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၆-၅-၂၀၂၂ | ၂၇-၅-၂၀၂၂ | ၃၀-၅-၂၀၂၂ | ၃၁-၅-၂၀၂၂ | ၁-၆-၂၀၂၂ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၈၅၀.၀ | ၁၈၅၀.၀ | ၁၈၅၀.၀ | ၁၈၅၀.၀ | ၁၈၅၀.၀ | ၀.၀၀ | |
| ၂ | Thai Baht | THB | ၃၄.၂၂၅ | ၃၄.၁၆၀ | ၃၄.၀၆၀ | ၃၄.၁၇၅ | ၃၄.၃၃၅ | ၀.၃၂ | ↑ |
| ၃ | Singapore Dollar | SGD | ၁.၃၇၅ | ၁.၃၇၀ | ၁.၃၆၇ | ၁.၃၆၉ | ၁.၃၇၂ | -၀.၂၂ | ↓ |
| ၄ | Malaysian Ringgit | MYR | ၄.၃၉၈ | ၄.၃၇၉ | ၄.၃၇၁ | ၄.၃၈၀ | ၄.၃၈၉ | -၀.၂၀ | ↓ |
| ၅ | Indonesian Rupiah | IDR | ၁၄၆၃၃ | ၁၄၅၇၇ | ၁၄၅၅၉ | ၁၄၅၈၁ | ၁၄၅၈၁ | -၀.၃၅ | ↓ |
| ၆ | Chinese Yuan | CNY | ၆.၇၃၁ | ၆.၇၁၄ | ၆.၆၆၁ | ၆.၆၅၅ | ၆.၆၉၅ | -၀.၅၃ | ↓ |
| ၇ | Indian Rupee | INR | ၇၇.၆၀၄ | ၇၇.၆၅၀ | ၇၇.၅၅၂ | ၇၇.၆၇၆ | ၇၇.၅၄၅ | -၀.၀၈ | ↓ |
| ၈ | Japanese Yen | JPY | ၁၂၆.၇၈၂ | ၁၂၇.၀၈၇ | ၁၂၇.၂၈၈ | ၁၂၇.၇၅၄ | ၁၂၉.၄၁၆ | ၂.၀၈ | ↑ |
| ၉ | Australian Dollar | AUD | ၁.၄၁၁ | ၁.၄၀၀ | ၁.၃၉၂ | ၁.၃၉၀ | ၁.၃၉၃ | -၁.၂၈ | ↓ |
| ၁၀ | Euro | EUR | ၀.၉၃၆ | ၀.၉၃၂ | ၀.၉၃၀ | ၀.၉၃၁ | ၀.၉၃၂ | -၀.၄၃ | ↓ |
| ၁၁ | Pound Sterling | GBP | ၀.၇၉၅ | ၀.၇၉၃ | ၀.၇၉၂ | ၀.၇၉၂ | ၀.၇၉၄ | -၀.၁၃ | ↓ |

Source- Central Bank of Myanmar

ယခုတစ်ပတ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ အမေရိကန် တစ်ဒေါ်လာလျှင် ၁၈၅၀ ကျပ် ဖြစ်ပေါ်နေခဲ့သည်ကိုတွေ့ရှိရပြီး အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း တည်ငြိမ်နေခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ၂၀၂၂ ခုနှစ် မတ် ၂၂ ရက်မှ ဇွန် ၁ ရက်အထိ ရက်အလိုက် ဖြစ်ပေါ် ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်ကို လေ့လာရာတွင် ၂၀၂၂ ခုနှစ် မေ ၂၆ ရက်တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၂၀၉၀ ကျပ်၊ မေ ၂၇ ရက်တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၂၀၈၅ ကျပ်၊ မေ ၃၀ ရက်တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၂၀၈၀ ကျပ်၊ မေ ၃၁ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၂၀၇၅ ကျပ်နှင့် ဇွန် ၁ ရက် တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၂၀၈၀ ကျပ် ရှိနေကြောင်း လေ့လာသိရှိရသည်။

# ကြက်သွန်ဖြူ စိုက်ပျိုးထုတ်လုပ်မှု၊ အသုံးဝင်ပုံနှင့်ဈေးကွက်

တင်မာဝေ(မုံရွာ)

ကြက်သွန်ဖြူကို English အခေါ် garlic ရုက္ခဗေဒ အမည် Alliumativum ဖြစ်သည်။ ကြက်သွန်နီ Onion၏မိသားစု Alliaceae ထဲ၌ ပါဝင်သည့်မျိုးစိတ်တစ်ခုဖြစ်သည်။ အစိမ်းစားလျှင် ပူစပ်စပ်အရသာရှိသည့် ကြက်သွန်ဖြူသည် ချက်ပြုတ်လိုက်သည့်အခါ ချိုသောအရသာရှိသည်။

ကြက်သွန်ဖြူ၏အရွက်ဖြစ်သည့် ကြက်သွန်မိတ်နှင့် အဖူး၊ အပွင့်များကိုလည်း စားသုံး၍ရသည်။ ကြက်သွန်ဖြူအမြွှာများကို အစိမ်းသော်လည်းကောင်း၊ ချက်ပြုတ်၍သော်လည်းကောင်း စားသုံးလျှင် ဆေးဖက်ဝင်သည်။ မချက်ပြုတ်ထားသော ကြက်သွန်ဖြူအစိမ်းကို စားသုံးခြင်းဖြင့် သွေးကြောများအတွင်း သွေးခဲခြင်းနှင့် သာမန်ထက်ပိုသည့် သွေးပေါင်ချိန်ကို လျှော့ကျစေသော်လည်း အများအားဖြင့် ကြက်သွန်ဖြူကို ချက်ပြုတ်ပြီးမှသာ စားသုံးကြသည်။

ကြက်သွန်ဖြူအပင်သည် ပင်ပျော့ပင်ငယ်တစ်မျိုးဖြစ်သည်။ တစ်ပေခန့်ထိရှည်သည်။ ပင်စည်မှာ ဥ၏အောက်ခြေတွင်ရှိပြီး အနည်းငယ် မာကျော၍အဝိုင်းငယ်ပုံသဏ္ဍာန်ရှိသည်။ ၎င်းမှ အမြစ်များဖြာထွက်သည်။ အရွက်များ မြေပေါ်သို့ စုထွက်သည်။ ရှည်လျား သေးသွယ်၍ ပြားချပ်သော အကြောပြိုင်ရွက်များဖြစ်ပြီး စိမ်းပြာရောင်ရှိသည်။ အပွင့်ပန်းခိုင်မှာ လုံးဝိုင်းပြီး ပန်းပွင့်များ စုပေါင်းနေသည်။ ပြာသို/ တပို့တွဲတွင် ပွင့်သည်။ ဥအဖြူရောင်ရှိပြီး သေးငယ်သည်။ ကျယ်ပြန့်သော ဘဲဥပုံဖြစ်သည်။ တစ်ဥတည်း သို့မဟုတ် အတက်များဖြင့် စုပေါင်းနေပြီး အခွံပါးဖြင့် ဖုံးအုပ်ထားသည်။

ကြက်သွန်ဖြူကို စိုက်ခင်းမြေပြုပြင်ခြင်းတွင် ထယ်နှစ်စပ်ထိုး၍ မြေညက်သည်အထိ ထွန်မွှေပေးပြီးနောက် ၄၁/၂x၆ ပေရှိ ဘောင်အကန့်များ ပြုပြင်ရမည်။ မြေဩဇာကို တစ်ဧကလျှင် နွားချေးလှည်း ၁၀စီးခန့် မျှတစွာချသင့်သည်။ စိုက်ပျိုးရာတွင် မြေပြန့်တွင် သီတင်းကျွတ်လမှ တန်ဆောင်မုန်းလအတွင်း စိုက်၍တောင်ကုန်းဒေသတွင် တပို့တွဲမှ တပေါင်းလအတွင်း စိုက်ကြသည်။ စိုက်ပျိုးရာ၌ ဥမှ ခွဲယူရရှိသော ဖွံ့ဖြိုးသည့် အတက်ငယ်ကလေးများကို စိုက်ကွက်အကန့်များတွင် ထွန်ခြစ်ဖြင့် ခြောက်လက်မအကွာ မြောင်းကလေးများဆွဲ၍ တစ်ခုနှင့်တစ်ခု ၃-၄လက်မခြား စိုက်ရသည်။ အပင်ပြုစုရာတွင် စိုက်ပြီး ပထမ နှစ်လအတွင်း ၁၅ ရက်လျှင် တစ်ကြိမ် ရေပေးသွင်းရန်လိုပြီး လက်ပေါင်း နှစ်ကြိမ်မျှ လိုက်ပေးရမည်။ နောက်ပိုင်းတွင် ကြက်သွန်ဥများ စတင်ကြီးထွားပြီဖြစ်၍ တစ်ပတ် သို့မဟုတ် ၁၀ ရက်လျှင် တစ်ကြိမ်ခန့် ရေပေးသွင်းရမည်။ ရိတ်သိမ်းရာ၌ ရက်ပေါင်း ၁၂၀ ခန့်ရှိလျှင် ကြက်သွန်များ ရင့်မာစပြုပြီး ပန်းပွင့်များ ထွက်လာသည်။ သို့သော်လည်း ဥအထွက်ကို မထိခိုက်နိုင်ချေ။ ကြက်သွန်များ မဖော်မီမြေပွအောင်ရေသွင်းပေးရမည်။ တူးဖော်ပြီးနောက် အစည်းများ စုပုံထားရသည်။ ထို့နောက် ဆေးကြော၍ အမြစ်ပိုင်းနှင့် အဖျားပိုင်းများ ဖြတ်တောက်က အရိပ်၌ ညီညာစွာဖြန့်၍ အခြောက်ခံထားရသည်။ ကြက်သွန်ဖြူ တစ်ဧက စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်မှာ ကျပ် ၁၉၆၂၀၀၀ခန့် ကုန်ကျသည်။

ကြက်သွန်ဖြူကို ကမ္ဘာတစ်ဝန်းတွင် ဟင်းခတ်အမွှေးအကြိုင်အဖြစ်၊ ဟင်းအနှစ်အဖြစ် ချက်ပြုတ် စားသောက်ကြသည်။ ချက်ပြုတ်သည့် နည်းပေါ်မူတည်ပြီး အနံ့ပြောင်းလဲသွားတတ်သည်။ ကြက်သွန်ဖြူနုနုများကို သကြား၊ ဆား၊ ဟင်းခပ်အမွှေးအကြိုင်များဖြင့် ရောနှောကာ သုံးပတ်မှခြောက်ပတ်ကြာအောင် အချဉ်တည်ကာ ကြက်သွန်ဖြူသနပ်အဖြစ်လည်း ပြင်ဆင်စားသုံးကြသည်။ မြန်မာလူမျိုးများသည် ကြက်သွန်ဖြူကြော်ထားသည့် ကြက်သွန်ကြော်ကို လက်ဖက်နှင့် တွဲဖက် စားသုံးကြသလို ဟင်းများတွင် ဖြူးကာလည်း စားကြသည်။ ကြက်သွန်ဖြူအစိမ်းကို ခေါက်ဆွဲသုပ်၊ ကြာဆံသုပ်၊ ထမင်းသုပ်၊ လက်သုပ်စုံများဖြင့် တွဲဖက်စားသုံးကြသည်။ ကြက်သွန်ဖြူကို စားသုံးပါက နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အအေးမိခြင်း ၊ ကင်ဆာရောဂါနှင့် ကိုလက်စထရောများခြင်းကို ကာကွယ်ပေးသည်။

ထို့ပြင် ကြက်သွန်ဖြူသည် သွေးထဲရှိ အချိုဓာတ်(သကြားဓာတ်)ကို ထိန်းညှိပေးတဲ့အတွက် ဆီးချိုသွေးချိုရောဂါများ ဖြစ်ပွားခြင်းကို လျော့နည်းစေနိုင်သည်။ အဆီကျစေသဖြင့် နေ့စဉ်မှန်မှန်စားသုံးပါက သွေးတိုးရောဂါမဖြစ်စေရန်နှင့် ဖြစ်ပွားနေသော သွေးတိုးရောဂါကို ပျောက်စေသည်။ အစာစားနေစဉ် အတူစားသုံး၍

**အစာလည်းဆေး၊ ဆေးလည်းအစာဖြစ်ခြင်းကြောင့် မည်သို့ပင်စားစား ကြက်သွန်ဖြူက ကျန်းမာရေးအတွက် အထူးကောင်းမွန်သည့် အစားအစာတစ်မျိုးဖြစ်သည်။ ကြက်သွန်ဖြူတွင်ပါဝင်သည့် ဆာလဖာဒြပ်ပေါင်းသည် အနံ့နှင့် အရသာကို ဖြစ်ပေါ်စေပြီး ကျန်းမာရေးကို အကျိုးပြုစေခြင်းကြောင့် ကြက်သွန်ဖြူကို စားသုံးသင့်ပါသည်။ သို့သော် ကြက်သွန်ဖြူက ဆေးဖက်ဝင်သော်လည်း ပမာဏများများ စားမိပါက ခံတွင်းနံ့ဆိုးခြင်း၊ ခံတွင်းပူခြင်း၊ ရင်ပူခြင်း၊ ပျို့အန်ခြင်း၊ ဝမ်းလျှောခြင်းများ ဖြစ်တတ်သည်။**

ဖြစ်စေ၊ အစာစားပြီး ဆေးအဖြစ် အမှုန့်ပြုစားသုံးလျှင် အစာကြေ၍ လေသက်စေနိုင်သည်။ ကလေးများ လေဆန်နာဖြစ်လျှင်ကြက်သွန်ဖြူဥတစ်လုံးကို မီးဖုတ်ကျွေးပါက ပျောက်ကင်းနိုင်သည်။ အဆုတ်နှင့်ဆိုင်သော အဆုတ်အအေးမိ၊ အဆုတ်ပွသောရောဂါများ ပျောက်ကင်းစေနိုင်သည်။ အအေးမိခြင်းနှင့် တုပ်ကွေးဖျားများကိုလည်း ပျောက်စေသည်။ ကြက်သွန်ဖြူကို အဆီထုတ်၍ တိုက်ကျွေးပါက ချောင်းဆိုးသလိပ်ကပ်ခြင်းတို့ကို ပျောက်ကင်းစေသည်။ ရောဂါပိုးများ သေစေနိုင်သဖြင့် မြစ်ခြောက်နာ (ခေါ်) အဆုတ်နာ(တီဘီ) ရောဂါများတွင် တိုက်ကျွေးနိုင်သည်။ လိမ်းဆေးအဆီအဖြစ် နှမ်းဆီနှင့်လေးညှင်းတို့နှင့်ရောစပ်၍ ကျိုချက်ပြီး လိမ်းလျှင် ကိုယ်လက်အကိုက်အခဲနှင့် နားကိုက်၊ နားပြည်ယိုခြင်းကို သက်သာပျောက်ကင်းနိုင်သည်။

နှလုံးနှင့်ပတ်သက်သော ရောဂါဝေဒနာရှင်များအတွက် ဆေးအနေဖြင့်သော်လည်းကောင်း၊ အစာအာဟာရအဖြစ်သော်လည်းကောင်း မှန်မှန်စားသုံးပါက ဖြစ်ပွားမှုနှုန်း နှေးကွေးပြီး တဖြည်းဖြည်း သက်သာစေနိုင်သည်။ ကြာရှည်စားသုံးလျှင် ဆံပင်ကို နက်စေ၍ သုတ်ကိုပွားစေသည်။ မြစ်ပွားနာ(ခေါ်)ကင်ဆာရောဂါ ဖြစ်ပွားမှုနှုန်းနည်းစေရန်အတွက် ကြိုတင်ကာကွယ် စားသုံးနိုင်သည်။ ကြက်သွန်ဖြူဥတစ်လုံးကို ကြေးချိတ်ဖြင့်ဖောက်၍ ပျားရည်တွင် စိမ်ထားပြီးစားသုံးပါက အိပ်ပျော်စားဝင် အင်အားပြည့်ဖြိုးစေနိုင်ပါသည်။ သွေးတွင်းတွင်ရှိသော Cholesterol ကို ကျစေသဖြင့် သွေးကြောကျဉ်း နှလုံးရောဂါများအတွက် လွန်စွာသင့်လျော်ပါသည်။

အစာလည်းဆေး၊ ဆေးလည်းအစာဖြစ်ခြင်းကြောင့် မည်သို့ပင်စားစား ကြက်သွန်ဖြူက ကျန်းမာရေးအတွက် အထူးကောင်းမွန်သည့် အစားအစာတစ်မျိုးဖြစ်သည်။ ကြက်သွန်ဖြူတွင် ပါဝင်သည့် ဆာလဖာဒြပ်ပေါင်းသည် အနံ့နှင့်အရသာကို ဖြစ်ပေါ်စေပြီး ကျန်းမာရေးကို အကျိုးပြုစေခြင်းကြောင့် ကြက်သွန်ဖြူကို စားသုံးသင့်ပါသည်။

သို့သော် ကြက်သွန်ဖြူက ဆေးဖက်ဝင်သော်လည်း ပမာဏများများ စားမိပါက ခံတွင်းနံ့ဆိုးခြင်း၊ ခံတွင်းပူခြင်း၊ ရင်ပူခြင်း၊ ပျို့အန်ခြင်း၊ ဝမ်းလျှောခြင်းများဖြစ်တတ်သည်။ ကြက်သွန်ဖြူက သွေးကျဲစေသည့် သတ္တိရှိပါသည်။ ထို့ကြောင့် သွေးမတိတ်ရောဂါရှိသူများ၊ သွေးကျဲဆေးသောက်နေသူများအနေဖြင့် ပမာဏများများစားခြင်းကို ရှောင်သင့်သည်။ ခွဲစိတ်မှုပြုလုပ်မည့်သူများသည် မခွဲမီ နှစ်ပတ်အလိုကတည်းက ကြက်သွန်ဖြူစားတာကို ရပ်ထားသင့်သည်။ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များသည်လည်း အလွန်အကျွံ စားခြင်းကို ဆင်ခြင်သင့်သည်။ အစာအိမ်ရောဂါရှိသူများအနေဖြင့်လည်း အစာအိမ်နာနေသည့် အချိန်တွင် ကြက်သွန်ဖြူစားခြင်းကို ရှောင့်သင့်ကြောင်း OnDoctor Healthcare App မှ လေ့လာသိရှိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ကြက်သွန်ဖြူစိုက်ဧက ၁၃၇၉၀ ရှိခဲ့သည်။ တစ်ဧက ကုန်ကျစရိတ် ကျပ် ၂၃၂၉၀၀၀ ခန့် ကုန်ကျပြီး တစ်ဧကလျှင် ၂၇၈၀ ပိဿာခန့် ထွက်ရှိသည်။ တစ်ပိဿာလျှင် ကျပ် ၂၅၀၀ ပေါက်ဈေးရှိသဖြင့် တစ်ဧကလျှင် ဝင်ငွေ ကျပ် ၆၉၅၀၀၀၀ ခန့်ရရှိပြီး အမြတ် ကျပ် ၄၆၂၁၀၀၀၀ ခန့် ရရှိသဖြင့် တောင်သူများ တွက်ခြေကိုက်သည့် သီးနှံတစ်ခုဖြစ်သည်။

ထွက်ရှိသော ကြက်သွန်ဖြူများကို မုံရွာမြို့ရှိ ကြက်သွန်ပွဲရုံများသို့ ရောင်းချသည်။ ဒေသတွင်း လုံလောက်မှုမရှိသဖြင့် ရှမ်းပြည်နယ်၊ ပခုက္ကူနယ်ဘက်မှ မှာယူသုံးစွဲရသည်။ ၂၀၂၂ခုနှစ် မေလ စတုတ္ထပတ်ဈေးနှုန်းအနေဖြင့် ဒေသတွင်းထွက်ရှိသော ကြက်သွန်ဖြူ တစ်ပိဿာလျှင် ကျပ် ၂၅၀၀ရှိပြီး ရှမ်းပြည်နယ်မှလာသော ကြက်သွန်ဖြူကြူကုတ် တစ်ပိဿာလျှင် ကျပ် ၄၈၀၀၊ ရှမ်းစတစ်ပိဿာလျှင် ကျပ် ၂၀၀၀ ဖြင့် အသီးသီးအရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

## ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူးရုံး၌ ဆွေးနွေးပွဲများ ကျင်းပ

ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ မေ ၂၆ ရက် နံနက် ၁၀ နာရီတွင် ကိုဗစ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုအပေါ် ကုစားရေးကော်မတီမှ လုပ်ငန်းထိခိုက်မှုရှိသော ကုမ္ပဏီ/ လုပ်ငန်းရှင်များအား ချေးငွေထုတ်ချေးမှုနှင့်ပတ်သက်၍ ချေးငွေများအကျိုးရှိစွာ အသုံးချမှုအပေါ် စိစစ်ကြပ်မတ်ရေးအဖွဲ့နှင့် မြို့ပေါ်ရှိ ချေးငွေရယူထားသောကုမ္ပဏီ/လုပ်ငန်းရှင် ၃၀ နှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ကိုဗစ်(၁၉)ချေးငွေဉက္ကဌ ဦးသက်ပိုင်က အဖွင့်အမှာစကား ပြောကြား၍ စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူးအတွင်းရေးမှူး ဦးစိုးအောင်က သတ်မှတ်ကာလအတွင်း အတိုး/ အရင်းချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကိစ္စရပ်များနှင့် ပုသိမ်မြို့ မြန်မာ့စီးပွားရေးဘဏ် ခရိုင်မန်နေဂျာကိုယ်စား ကြီးကြပ်ရေးမှူး ဦးဇော်ဇော်အောင်က ကိုဗစ်(၁၉)ချေးငွေနှင့်ပတ်သက်၍ဘဏ်လုပ်ငန်းညွှန်ကြားချက်များအား ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသောစီးပွားရေးလုပ်ငန်းရှင်များကလည်း သိလိုသည်များကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

ယင်းနေ့ မွန်းလွဲ ၁ နာရီတွင်လည်း ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနတိုင်းဦးစီးမှူးရုံးအစည်းအဝေးခန်းမတွင် တရားမဝင်ကုန်သွယ်မှုများ မရှိစေရေးလုပ်ငန်းရှင်များအား အသိပညာပေးဆွေးနွေးပွဲ ကျင်းပခဲ့သည်။

အခမ်းအနားသို့ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့ကိုယ်စားတွဲဖက်အတွင်းရေးမှူး(၁)တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြဝင်း၊အထူးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) တိုင်းဒေသကြီးစားသုံးသူရေးရာ ဦးစီးဌာနညွှန်ကြားရေးမှူးဦးစိုးအောင်၊အဖွဲ့ဝင်ဌာနဆိုင်ရာများဖြစ်သော ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ရေနံထွက်ပစ္စည်းကြီးကြပ်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ရေယာဉ်ပိုင်ရှင်များ၊ စက်သုံးဆီလုပ်ငန်းရှင်များ၊ သစ်ခွဲစက် လုပ်ငန်းရှင်များ၊ ကုန်တင်ယာဉ်ပိုင်ရှင်များအသင်း ဉက္ကဌနှင့် စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၃၀ ဦးခန့် တက်ရောက်ခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ကိုယ်စားတွဲဖက်အတွင်းရေးမှူး(၁) တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြဝင်းက စီးပွားရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တရားမဝင် ကုန်သွယ်မှု များသည် အဓိက အဟန့်အတားဖြစ်စေပြီး တရားမဝင် ကုန်သွယ်မှုများကြောင့် အဂတိလိုက်စားမှုများ ကြီးထွားလာခြင်း၊ ရသင့်ရထိုက်သည့် အခွန်အခများ ဆုံးရှုံးနိုင်ခြင်း စားသုံးသူပြည်သူများ ကျန်းမာရေးထိခိုက်မှုရှိနိုင်ခြင်းနှင့်ဆိုးကျိုးများဖြစ်ပေါ်နိုင်သည့်အတွက် တရားမဝင် ကုန်သွယ်မှုများမရှိစေရေးလုပ်ငန်းရှင်များအား အသိပညာပေးဆွေးနွေးပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသော ဌာနဆိုင်ရာအကြီးအကဲများက တရားမဝင် ကုန်သွယ်မှုများမရှိစေရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများကလည်း သိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်းသိရသည်။

**မင်းမင်းဦး(ပသ)**

# ရန်ကုန်တွင် ရေလယ်ကျွန်းအပန်းဖြေစခန်းဖွင့်လှစ်ရန် စီစဉ်နေ

ပြည်တွင်း ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးလာရန်အတွက် သဘာဝအခြေခံ အပန်းဖြေစခန်းတိုးချဲ့ဖွင့်လှစ်ရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအနီးတွင်ရှိသည့် ပဲခူးမြစ်ထဲတွင် အဆိုပါအပန်းဖြေစခန်းကို တည်ဆောက်မည်ဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများထံ ခွင့်ပြုချက် တောင်းခံထားကြောင်း သိရသည်။

တိုင်းရင်းသားကျေးရွာအနီး ပဲခူးမြစ်လယ်တွင် ကျွန်းတစ်ခုပုံစံဖြစ်နေသည့်အတွက် အဆိုပါနေရာမှ ရန်ကုန်မြို့ ညနေခင်းအလှ၊ သန်လျင်တံတားအလှနှင့် နေဝင်ချိန်အလှများ ကြည့်ရှုနိုင်ရန် ရေလယ်ကျွန်း အပန်းဖြေစခန်းကို စီစဉ်အကောင်အထည်ဖော်နေခြင်းဖြစ်ပြီး ယင်းစီမံကိန်းကို Best Myanmar National Tourism Public Co.,Ltd.က အကောင်အထည်ဖော်နိုင်ရန်ယခုနှစ် ဇန်နဝါရီလမှ စတင်ကာ သက်ဆိုင်ရာနှင့် ချိတ်ဆက်ဆောင်ရွက်နေခြင်းဖြစ်သည်။

စီမံကိန်းအောင်မြင်ပါက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာနှင့် ချိတ်ဆက်အပန်းဖြေနိုင်မည်ဖြစ်ပြီး ပန်းဆိုးတန်းဆိပ်ကမ်းမှနေ၍ အပျော်စီးသင်္ဘောများနှင့်ခရီးစဉ်များ ပြေးဆွဲလည်ပတ်နိုင်မည်ဖြစ်ကာ တိုင်းရင်းသား အစားအစာများကို မှာယူစားသုံးနိုင်သည့် စားသောက်ဆိုင်များ၊ သစ်ပင်ပန်းမန် အရောင်းဆိုင်များကိုပါထည့်သွင်းစီစဉ်ထားကြောင်း သိရသည်။

ထို့ပြင် သစ်၊ ဝါးတို့နှင့် ပြုလုပ်ထားသည့် မြန်မာမှုလက်ရာ နားနေဆောင်၊ စားသောက်ဆိုင်၊ ရှုခင်းများကို ကြည့်ရှုနိုင်မည့်နေရာ၊ ရာသီသီးနှံ စိုက်ခင်းများနှင့် ငါးမျှားနိုင်မည့်နေရာများလည်း ပါဝင်မည်ဖြစ်ပြီး ဒုတိယအဆင့်တွင် ရေလွှာလျှောစီးရေကန်၊ မြက်ခင်းတုများနှင့် မြင်းစီးကွင်းတို့လည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ တတိယအဆင့်တွင်တော့ ညအိပ်နိုင်မည့် အခန်း ၆၀ ပါ ဟိုတယ်၊ ရေကန်၊ စားသောက်ဆိုင်နှင့် ဘက်စုံသုံးအခန်းတို့လည်း ပါဝင်မည်ဖြစ်ကြောင်းသိရသည်။

# သီလဝါအထူးစီးပွားရေးဇုန်အတွင်း နိုင်ငံတကာမှ စက်ရုံပေါင်း ၁၁၃ ရုံ လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိ

သီလဝါ အထူးစီးပွားရေးဇုန်အတွင်း နိုင်ငံပေါင်း ၂၀ မှ စက်ရုံပေါင်း ၁၁၃ ရုံ လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။

အဆိုပါ စီးပွားရေးဇုန်အတွင်း လုပ်ငန်းလည်ပတ်နေသောစက်ရုံ၊ အလုပ်ရုံ ၉၃ ခုအနက် ၈၅ ရာခိုင်နှုန်းခန့် စက်ရုံများ ပုံမှန်နီးပါး လည်ပတ်လျက်ရှိကြောင်း သိရသည်။

အထူးစီးပွားရေးဇုန်များအတွင်း ရင်းနှီးမြှုပ်နှံမှုများ ခွင့်ပြုပေးရာတွင် အထူးစီးပွားရေးဇုန်ဥပဒေအရ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီက ခွင့်ပြုပေးခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် သီလဝါအထူးစီးပွားရေးဇုန် Aကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်နည်းတူ ဇုန် Bကိုလည်း အပိုင်းလိုက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာပြီးခဲ့သည့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလကုန်အထိ စက်ရုံပေါင်း ၁၂၂ခုနှင့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၁၄၉ သန်းကျော်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် သတ်မှတ်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားများကို အဆိုပြုလွှာ တင်ပြလာပါက ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သဖြင့် လုပ်ငန်းရှင်များအနေဖြင့် အဆိုပြုလွှာများတင်ပြနိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

ယင်းလုပ်ငန်းများမှာ ဓာတ်မြေဩဇာထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ဘိလပ်မြေထုတ်လုပ်ခြင်းလုပ်ငန်းများ၊ သံမဏိထုတ်လုပ်ခြင်းလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်း၊ အဆိုပါလုပ်ငန်းများနှင့် ဆက်စပ်သည့်လုပ်ငန်းများ၊ တန်ဖိုးမြင့် စားသောက်ကုန်များ ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ လျှပ်စစ်ယာဉ်များ ထုတ်လုပ်သည့်လုပ်ငန်းများ၊ ဆေးဝါးနှင့်ကျန်းမာရေးဆိုင်ရာပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ၊ အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဖြစ်သည်။ အထက်ပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကဏ္ဍများတွင် စိတ်ပါဝင်စားသူ ပြည်တွင်းပြည်ပလုပ်ငန်းရှင်များအနေဖြင့် အဆိုပြုလွှာများတင်ပြနိုင်ကြောင်း သိရသည်။



## ဧရာဝတီတိုင်းရှိ ကဏန်းပျော့ဈေးကွက်ဝယ်လိုအားကောင်းနေ

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်အတွင်းရှိ ကဏန်းပျော့ဈေးကွက်၌ ပြည်ပဝယ်လက်များကြောင့် အရောင်းအဝယ် တိုးတက်လျက်ရှိကြောင်း ဒေသခံမွေးမြူရေးလုပ်ငန်းရှင်တွေထံက သိရသည်။

အဆိုပါ ကဏန်းပျော့များကို တရုတ်၊ ထိုင်ဝမ်၊ ဂျပန်၊ စင်ကာပူ၊ မလေးရှားအပါအဝင် ဥရောပနိုင်ငံများသို့ပါ တင်ပို့နေခြင်းဖြစ်ပြီး တစ်ကီလိုကို အမေရိကန်ဒေါ်လာ ၁၀ မှ ၁၅ ဒေါ်လာကြား ရရှိကြောင်း သိရသည်။

လက်ရှိတွင် ဈေးကွက်လိုအပ်ချက်ကြောင့် ကဏန်းပျော့များကို ပိုမိုတိုးချဲ့မွေးမြူလာကြပြီး ယခင်ကမွေးမြူလုပ်ကိုင်သူ ၃၇ဦးခန့်ရှိရာမှ မေလအတွင်း ၅၅ ဦးခန့် ထပ်တိုးမွေးမြူလာကြကြောင်း သိရသည်။

ထိုကဏန်းပျော့ မွေးမြူရေးလုပ်ငန်းတွင် မွေးမြူသည့်ကန်တစ်ကန်၌ လုပ်သား အနည်းဆုံး ၂၀ မှ ၃၀အထိ ထားရှိပြီး လုပ်ငန်းရှင်များအနေနှင့် တစ်ကန်မှ ငါးကန်အထိ မွေးမြူကြခြင်းဖြစ်သည်။

ကဏန်းပျော့များမှာ ပြည်တွင်း၌ စားသုံးမှုအလွန်နည်းပါးသေးသည့်အတွက် နှစ်စဉ်ပြည်ပသို့ အဓိကထားတင်ပို့နေပြီး ပြည်ပနိုင်ငံများကို နှစ်စဉ် တစ်နှစ်လျှင် တန်ချိန် ၆၀၀ ကျော် တင်ပို့လျက်ရှိကြောင်း သိရသည်။

ထို့ပြင် လက်ရှိတွင် ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၌လည်း ကဏန်းပျော့ကို ငါး၊ ပုစွန်ကဲ့သို့ သားဖောက် သုတေသနလုပ်ငန်း လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

မွေးကန်များတွင် ၄၅ ရက်ခန့် မွေးမြူကာအရေခွံလဲချိန်၌ ကဏန်းပျော့ကို ရယူပြီး သံတွဲအအေးခန်းစက်ရုံနှင့် ရန်ကုန်မြို့ရှိ လှိုင်သာယာစက်မှုဇုန် အအေးခန်းစက်ရုံတို့တွင် ထုပ်ပိုးပြုပြင်ပြီးနောက် ပြည်ပနိုင်ငံများသို့ အအေးခန်း ကွန်တိန်နာသင်္ဘောဖြင့် တင်ပို့နေကြောင်း သိရသည်။

ပန်းဆု-စုစည်းသည်

# ဘင်္ဂလားဒေ့ရှ်သို့ တစ်လလျှင် ရေထွက်ကုန် တန်ချိန် ၈၀၀ မှ ၁၀၀၀ကျော်အထိ တင်ပို့လျက်ရှိ

ရခိုင်ပြည်နယ် နယ်စပ်ဂိတ်မှ ဘင်္ဂလားဒေ့ရှ်သို့ တစ်လလျှင် ရေထွက်ကုန် တန်ချိန် ၈၀၀ မှ ၁၀၀၀ကျော်အထိ တင်ပို့လျက်ရှိကြောင်း ရခိုင်ပြည်နယ် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (RSCCI)မှ သိရသည်။

ဧပြီလတွင် ဘင်္ဂလားဒေ့ရှ်၌ ရာမန်ဒါ ဥပုသ်ကာလဖြစ်ခြင်းကြောင့် တင်သွင်းမှုလျော့နည်းခဲ့သော်လည်း မေလတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ ငါးမြစ်ချင်းမွေးမြူသူများထံမှ ရေလမ်း၊ ကုန်းလမ်းဖြင့် နယ်စပ်ကုန်သွယ်မှု ပြန်လည်များပြားလာခဲ့ခြင်းဖြစ်သည်။

ရေထွက်ကုန်တိုက်ရိုက်တင်ပို့နိုင်သော ရခိုင်ပြည်နယ်၊ စစ်တွေနှင့်မောင်တောမြို့တို့သို့ ရန်ကုန်မြို့မှငါးမြစ်ချင်းပိဿာချိန်၁၀၀၀ ခန့် နေ့စဉ်တင်ပို့လျက်ရှိပြီး ကျန်တိုင်းဒေသကြီး နှစ်ခုမှလည်း ရေလမ်းနှင့်ကုန်လမ်းတို့ဖြင့် တင်ပို့လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရခိုင်ပြည်နယ်တွင် စစ်တွေမြို့ ရွှေမင်းဂံဂိတ်နှင့်မောင်တောမြို့ ကညင်ချောင်းဂိတ်တို့၌ ပြည်ပပို့ကုန် ရေထွက်ကုန်နှင့် ကုန်ခြောက်များကို ပူးပေါင်းအဖွဲ့က စစ်ဆေးပြီး နိုင်ငံတော်သို့ ၂ ရာခိုင်နှုန်း အခွန်ဆောင်၍ တင်ပို့နေခြင်းဖြစ်သည်။

RSCCI အနေဖြင့် ရေထွက်ကုန်စင်းလုံးပြတ်တင်ပို့သော စက်လှေများကို ၂ရာခိုင်နှုန်း၊ လှေအတွက် ၅ ဒေါ်လာနှင့် မှတ်ပုံတင်ကြေး ဒေါ်လာ ၅၀ ကို မြန်မာကျပ်ငွေဖြင့် အခွန်သွင်း၍ ရေထွက်ကုန်များ တင်ပို့ခွင့်ပြုလျက်ရှိကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်သို့ ငါးမြစ်ချင်းကို အဓိကတင်ပို့လျက်ရှိပြီး ကုန်ခြောက်အဖြစ် ကြက်သွန်၊ မန်ကျည်းသီး၊ ချင်း(ဂျင်း)၊ ဆီးသီးခြောက်နှင့် အခြားကုန်ခြောက်အချို့ကို တင်ပို့လျက်ရှိကာ သွင်းကုန်အဖြစ် ပလေကပ်ပုဆိုး၊ ပလတ်စတစ်ဂါလီပုံး၊ ညှပ်ဖိနပ်၊ လူသုံးကုန်နှင့် ဆောက်လုပ်ရေးသုံးပစ္စည်းအချို့ တင်သွင်းလျက်ရှိပြီး သွင်းကုန်ထက် ပို့ကုန်များသောကြောင့် နိုင်ငံခြားဝင်ငွေ ပိုမိုရရှိနေသည့် ကုန်သွယ်ရေးလမ်းကြောင်းဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်ခြောက်လတွင် မြန်မာ နိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကုန်တန်ချိန် စုစုပေါင်း ၁၁၀၀၀ ကျော် တင်ပို့နိုင်ခဲ့ရာ အမေရိကန်ဒေါ်လာ ၁၁ သန်းကျော် ရရှိခဲ့ကြောင်း သိရသည်။

# ထုတ်ကုန်အရည်အသွေးနှင့် စားသုံးသူအခွင့်အရေးများအပေါ် အကျိုးသက်ရောက်မှု (၂)

(ယခင်တစ်ပတ်မှအဆက်)

ဝေဖြိုးထက်(စားသုံးသူ-စစ်ကိုင်း)

## xkwfukfum&SdrIESifhufwf

ကုန်ပစ္စည်းတစ်ခု၏ကြာရှည်အသုံးခံမှုသည်လည်း အရည်အသွေးတစ်ရပ်ပင်ဖြစ်သည်။ အသွင်အပြင်အားဖြင့် မည်မျှဆွဲဆောင်မှုရှိသည်ဖြစ်စေ ထိခိုက်ပျက်စီးလွယ်ပါက ပြန်လည်ပြုပြင်၍ရသည်ဖြစ်စေ၊မရသည်ဖြစ်စေ အချိန်ကုန်ခြင်း၊ ထပ်ဆောင်းကုန်စရိတ်များရှိလာခြင်းတို့ကြောင့် သုံးစွဲသူများအနေဖြင့် စိတ်ပျက်လာကြမည်ဖြစ်သည်။ အချို့ကုန်ပစ္စည်းများတွင် သက်တမ်းအာမခံ ပေးထားသည်ကို တွေ့ရှိရသည်။ ထို့ပြင် အပိုပစ္စည်းရရှိရန် လွယ်ကူခြင်း၊ ထိန်းသိမ်းပြုပြင်ရန် လွယ်ကူအဆင်ပြေခြင်းတို့သည်လည်း ထုတ်ကုန်အရည်အသွေးကို အကဲဖြတ်ရာတွင် စဉ်းစားရမည့်အချက်များပင်ဖြစ်သည်။

## xkwfukftay: 0efaqmifrIay;ekdifcif

ကုန်ပစ္စည်းတစ်ခုကို ဝယ်ယူခြင်းမပြုသေးမီ စမ်းသပ်ခွင့်ပေးခြင်း၊ ကုန်ပစ္စည်းနှင့်ပတ်သက်၍ တိကျမှန်ကန်သည့်သတင်းအချက်အလက်များပေးခြင်း၊ အသုံးပြုပုံနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ရှင်းလင်းအသိပေးခြင်း၊ စားသုံးသူများအပေါ် ခွဲခြားမှုမရှိ ဖြောင့်မတ်မှန်ကန်စွာ ဆက်ဆံခြင်း၊ သင့်လျော်သည့် အာမခံကာလနှင့် အာမခံချက်များသတ်မှတ်ပေးပြီး အာမခံချက်များနှင့်အညီ ဆောင်ရွက်ပေးခြင်းစသည်တို့သည် ထုတ်ကုန်အပေါ် ဝန်ဆောင်မှုပေးခြင်းများဖြစ်သည်။ ဤအချက်များသည် စားသုံးသူများ၏ယုံကြည်မှုနှင့် ကျေနပ်မှုတို့ကိုရရှိစေ သကဲ့သို့ ထုတ်ကုန်၏ဂုဏ်သတင်းကိုလည်း ကျော်ကြားစေမည်ဖြစ်ပါသည်။

## xkwfukf\½kyfydkifqkdifm t*Fyfrsm;

ထုတ်ကုန်တစ်ခု၏အသွင်အပြင်သည်လည်း အရေးကြီးသော အရည်အသွေးတစ်ရပ်ပင်ဖြစ်သည်။ ကုန်ပစ္စည်းတစ်ခု၏ လက်ရာ သေသပ်လှပမှု၊ ခေတ်မီဆန်းသစ်မှု၊ နှစ်လိုဖွယ်အသွင်အပြင်ရှိမှုတို့သည် သုံးစွဲမည့်သူများအတွက် မြင်ရုံမျှဖြင့်ပင် အဆင့်အတန်းရှိသည်၊ ဂုဏ်ယူစရာတစ်ခုဖြစ်သည်ဟု ခံစားရစေပြီး ဆွဲဆောင်မှုရှိစေမည်ဖြစ်သည်။ ကမ္ဘာကျော် မော်တော်ကားများ၊ စမတ်ဖုန်းများထုတ်လုပ်သည့်ကုမ္ပဏီများသည် ၎င်းတို့၏ထုတ်ကုန်များကို ဒီဇိုင်းဆန်းသစ်ရေး အမြဲကြိုးပမ်းဆောင်ရွက်ကြသည်ကိုကြည့်ခြင်းအားဖြင့် ဤအချက် အရေးကြီးကြောင်း မြင်သာသည်။ကုန်အမှတ်တံဆိပ်(Logo)ကိုလည်း သူ့ထက်ငါ ဆန်းသစ်လှပရေး ဆောင်ရွက်ကြသည်ကိုလည်း တွေ့ရသည်။ ထို့ပြင် ထုပ်ပိုးမှုသည်လည်း အသွင်အပြင်အတွက် အရေးကြီးသည်။ ထုပ်ပိုးမှုသည် ထုတ်ကုန်၏လုံခြုံမှုအတွက်သာ အရေးပါသည်မဟုတ်ပေ။ အချို့ထုတ်ကုန်များ၌ Logo နှင့်ကုန်အညွှန်းတို့ကို ထုပ်ပိုးပစ္စည်းပေါ်တွင် ကပ်နှိပ်ဖော်ပြတတ်ကြသည် ဖြစ်ရာ အဆိုပါအသွင်အပြင်သည်လည်း မြင်တွေ့ရရုံဖြင့် အထင်ကြီးဖွယ်၊ နှစ်လိုဖွယ်ဖြစ်ရန် လိုပါသည်။

## xkwfukftay: azmufbonfrsm;\ cHtcsuf

ထုတ်ကုန်အပေါ် ဖောက်သည်များ၏ခံယူချက်ဆိုသည်မှာ သုံးစွဲသူ/စားသုံးသူတို့၏ထုတ်ကုန်အပေါ် ထားရှိသည့် သဘောထားပင်ဖြစ်သည်။ လုပ်ငန်းတစ်ခုအောင်မြင်ခြင်းနှင့် ထုတ်ကုန်တစ်ခု၏ ဂုဏ်သတင်းသည် သုံးစွဲသူ/စားသုံးသူတို့၏ လက်ခံအားပေးခြင်းပေါ်တွင် မူတည်သည်။ အရည်အသွေး ကောင်းမွန်သည့်ကုန်ပစ္စည်းကို သင့်တင့်သောဈေးနှုန်းဖြင့်ရရှိနိုင်ရေးဆိုသည့် စားသုံးသူများ၏ မျှော်လင့်ချက်ကို အနီးစပ်ဆုံးဖြစ်အောင် ဖော်ဆောင်နိုင်လေ ဂုဏ်သတင်းမွှေးလေဖြစ်သည့်အတွက် ထုတ်လုပ်မှုဖြစ်စဉ်တစ်လျှောက် အရည်အသွေးစီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ထုတ်ကုန်အရည်အသွေးကောင်းမွန်ရေးနှင့် ထုတ်လုပ်မှုစရိတ်သက်သာစေရေး ဆောင်ရွက်ကြရသည်။ စားသုံးသူများ၏ တုံ့ပြန်ချက်များ(Feedback)အပေါ် ဆန်းစစ်မှုများ(analysis)ပြုလုပ်ပြီး မိမိတို့ကုန်စည်ထုတ်လုပ်မှုအပေါ် သုံးသပ်ခြင်း၊ လိုအပ်သလို ပြုပြင်ပြောင်းလဲခြင်းများ ဆောင်ရွက်ကြရသည်။

## ဈေးကွက်ယှဉ်ပြိုင်မှု မြင့်တက်လာသည်နှင့်အမျှ ထုတ်ကုန် အရည်အသွေးကို အလေးထားလာကြရသည်ဖြစ်

ကမ္ဘာ့နိုင်ငံအသီးသီး၌ ထုတ်ကုန်လုံခြုံစိတ်ချရမှု ဥပဒေများ၊ ထုတ်ကုန်အရည်အသွေးဥပဒေများ ပြဋ္ဌာန်း၍ ကုန်စည်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချကြရာတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး၊ ထုတ်ကုန်များ အရေးအသွေးအာမခံချက်ရှိစေရေးအတွက် ထိန်းကျောင်းဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရသည်။ ထို့ပြင် ISO ,IEC, ITU ,Codex ကဲ့သို့သော ကမ္ဘာ့စံချိန်စံညွှန်းအဖွဲ့အစည်းကြီးများကလည်း အရည်အသွေးအာမခံချက်ရှိစေရေး ကိုးကားဆောင်ရွက်နိုင်ရန်၊ အရည်အသွေးမြင့် ကုန်ပစ္စည်းများထုတ်လုပ်မှုကို မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်၍ စံချိန်စံညွှန်းများ ထုတ်ပြန်ပေးလျက်ရှိသည်။ နိုင်ငံအသီးသီးရှိ စံချိန်စံညွှန်းဆိုင်ရာအဖွဲ့အစည်းများကလည်း နိုင်ငံအလိုက် ထုတ်ကုန်အလိုက် စံချိန်စံညွှန်းများ ထုတ်ပြန်ကြသည်။

မြန်မာနိုင်ငံတွင် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကို ၂၀၁၄ခုနှစ်ကပင် ပြဋ္ဌာန်းခဲ့ပြီး အမျိုးသားစံချိန်စံညွှန်းကောင်စီ၏ ဦးဆောင်မှုဖြင့် ထုတ်ကုန်အလိုက် စံချိန်စံညွှန်းများကို ဦးစားပေးအစီအစဉ်များချမှတ်၍ ရေးဆွဲထုတ်ပြန်ပေးလျက်ရှိသည်။ အစိုးရဌာနများအနေဖြင့်လည်း သက်ဆိုင်ရာကဏ္ဍအလိုက် ထုတ်ကုန်များ၏ စံအရည်အသွေးသတ်မှတ်ချက်များထုတ်ပြန်၍ထိန်းကျောင်း ဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိကာလတွင် မြန်မာနိုင်ငံ၌ ထုတ်ကုန်လုံခြုံစိတ်ချရမှု ဥပဒေ၊ ထုတ်ကုန်အရည်အသွေးဥပဒေဟူ၍ သီးခြားထုတ်ပြန်ထားခြင်းမရှိသေးသော်လည်း ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့်စားသုံးသူကာကွယ်ရေးဥပဒေတွင် ကုန်စည်/ဝန်ဆောင်မှု လုံခြုံစိတ်ချရမှုအတွက် အခန်းတစ်ခန်း ပြဋ္ဌာန်းထားရှိပြီး ဘေးအန္တရာယ်ရှိသည့် အရည်အသွေးမမီသောကုန်စည်များ ဈေးကွက်တွင် ရောင်းချခြင်းမရှိစေရေး ဆောင်ရွက်ရမည့်အစီအမံများပါရှိသည်ကို တွေ့ရသည်။ ထို့ပြင် ၎င်းဥပဒေပါလုပ်ငန်းရှင်များ၏တာဝန်များ၊ အာမခံပေးရမည့်အချက်များတွင် ထုတ်ကုန်အရည်အသွေးဆိုင်ရာ သတ်မှတ်ချက်များကို ထည့်သွင်းပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။ စားသုံးသူကာကွယ်ရေးဥပဒေအရ ထုတ်လုပ်ရောင်းချသော ကုန်စည်သည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကသတ်မှတ်ထားသည့် အရည်အသွေးစံသတ်မှတ်ချက်များအပေါ် အခြေခံ၍ အာမခံချက်ပေးရန် စီးပွားရေးလုပ်ငန်းရှင်များတွင် တာဝန်ရှိပါသည်။ ထို့ပြင် မိမိထုတ်လုပ်၊ ဖြန့်ဖြူး၊ရောင်းချသည့်ကုန်စည်သည် စားသုံးသူက လက်ခံသုံးစွဲနိုင်သော အရည်အသွေးရှိကြောင်းလုပ်ငန်းရှင်က အာမခံနိုင်ရမည်ဖြစ်ပါသည်။ ဘေးအန္တရာယ်ရှိကုန်စည်များကြောင့် စားသုံးသူများနစ်နာမှုမရှိစေရေးအစီအမံတစ်ခုအဖြစ် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စစ်ဆေးရေးအရာရှိများခန့်အပ်၍ ပြည်တွင်းထုတ်လုပ်သော ကုန်စည်များ၊ ပြည်ပမှတင်သွင်းသော ကုန်စည်များနှင့်စပ်လျဉ်း၍ ဈေးကွက်မရောက်မီ သို့မဟုတ် ဈေးကွက်ရောက်ပြီးကုန်စည်ကို ဘေးအန္တရာယ် ရှိ/မရှိ စောင့်ကြည့်စစ်ဆေးရန် တာဝန်ပေးအပ်ထားပါသည်။

ဈေးကွက်ယှဉ်ပြိုင်မှု မြင့်တက်လာသည်နှင့်အမျှ ထုတ်ကုန်အရည်အသွေးကို အလေးထားလာကြရသည်ဖြစ်ရာ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ထုတ်ကုန်များ၏အရည်အသွေးကို စားသုံးသူများလက်ခံနိုင်စေရေး၊ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် ထုတ်ကုန်အရည်အသွေးစီမံခန့်ခွဲမှုများကို ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထုတ်ကုန်အရည်အသွေးစီမံခန့်ခွဲခြင်း မိမိလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်းဖြစ်သကဲ့သို့ စားသုံးသူအခွင့်အရေးများဖြစ်သည့် စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ခွင့်၊အခြေခံလိုအပ်ချက်များပေါ်တွင် စိတ်ကျေနပ်မှုရရှိခွင့်၊ ဘေးအန္တရာယ်ကင်းရှင်းစွာအသုံးပြုခွင့် စသည်တို့ကို ဖော်ဆောင်နိုင်ရေး တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပါကြောင်း တင်ပြလိုက်ရပါသည်။

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးပြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# တာချီလိတ်ခရိုင်အတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေး

စားသုံးသူရေးရာဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ် တာဝန်ခံရုံးမှ ဝန်ထမ်းများသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြို့စည်ပင်သာယာရေးအဖွဲ့တို့မှ ဝန်ထမ်းများနှင့် ပူးပေါင်း၍ မေ ၂၄ ရက် နံနက် ၁၀ နာရီတွင် တာချီလိတ်ခရိုင်၊ တာလေမြို့အတွင်းရှိ ကုန်စုံဆိုင်များအား ကုန်အညွှန်းအမှတ်အသားနှင့်ပတ်သက်၍ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့သည်။

ထို့ပြင် မေ ၂ ရက်နံနက် ၁၀ နာရီတွင် တာချီလိတ်ခရိုင်၊ တာလေမြို့ပေါ်ရှိ ဆေးဝါးအရောင်းဆိုင်များကိုလည်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း ဆောင်ရွက်ခဲ့သည်။

တာချီလိတ်မြို့နယ် တာဝန်ခံနှင့် ဌာနဆိုင်ရာများသည် ကုန်စုံဆိုင်ပိုင်ရှင်များအား သက်တမ်းလွန်ကုန်ပစ္စည်းများနှင့် သက်ဆိုင်ရာဌာနများမှ တားမြစ်ပိတ်ပင်ထားသော ကုန်ပစ္စည်းများကို ရောင်းချခြင်းမပြုရန်၊ စားသုံးသူကာကွယ်ရေးဥပဒေအခန်း(၁၈)ပါ "ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်း"၊ အခန်း(၉)ပါ "စားသုံးသူ၏အခွင့်အရေးနှင့်တာဝန်များ"နှင့် အခန်း(၁၀)ပါ "စီးပွားရေးလုပ်ငန်းရှင်၏တာဝန်များ"အား သိရှိလိုက်နာဆောင်ရွက်နိုင်စေရန်အတွက် အသိပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

**စိုင်းဟုန်ရှန်(DOCA-TCL)**
**မြင့်နောင်(DOCA-TCL)**

# စားသုံးသူအန္တရာယ် ကင်းရှင်းစေရေး ဈေးကွက်စောင့်ကြည့်စစ်ဆေး

ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ ဂွမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများသည် ဂွမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့နှင့်ပူးပေါင်း၍ မေ ၂၄ ရက် နံနက်၉နာရီခွဲတွင် ဂွမြို့ မြို့မဈေးအတွင်းသို့ သွားရောက်၍ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်ရေးနှင့် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာဖော်ပြမှု ရှိ/မရှိ ဈေးအတွင်း ရောင်းချနေသော စားသောက်ကုန်ပစ္စည်းအရောင်းဆိုင်များနှင့် အခြားလူသုံးကုန်ပစ္စည်းအရောင်းဆိုင်များသို့ သွားရောက်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံ ဒု-ဦးစီးမှူး ဒေါ်မာမာလေးက မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ကုန်စည်များပေါ်တွင် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာဖော်ပြရန်နှင့် (၂၀၁၉)စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ ပြုလုပ်ကြရန် ကုန်စည်များအား စစ်ဆေးပြီး အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မာမာလေး(ဂွမြို့)**

# ဝန်ဆောင်မှုကဏ္ဍ သိမှတ်စရာ(၂)

ခင်ကြည်(မွန်ပြည်နယ်)

(ယခင်တစ်ပတ်မှအဆက်)

စားသုံးသူရေးရာဦးစီးဌာန၏လုပ်ငန်းဆောင်ရွက်နေမှုအထဲမှ ဝန်ဆောင်မှုကဏ္ဍတစ်ခုအား ဖော်ပြရမည်ဆိုလျှင် ကုန်အညွှန်းအမှတ်အသား ဖော်ပြဆောင်ရွက်ခြင်းသည် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းရှင်များသည် စားသုံးသူကာကွယ်ရေးဥပဒေအခန်း(၁၈) ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်း ပုဒ်မ၄၁၊ ပုဒ်မခွဲ(၈)ချက်ကို အလေးထား ဆောင်ရွက်လာကြောင်း တွေ့ရှိရသည်။

ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် ကုန်စည်၏ တံဆိပ်အမှတ်အသား၊ ကုန်စည်၏အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက်နှင့် အသားတင်ပမာဏ၊ ထားသိုသိမ်းဆည်းမှုအညွှန်း၊ သုံးစွဲပုံနည်းလမ်း၊ ထုတ်လုပ်သည့် ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့် ရက်စွဲ၊ ထုတ်လုပ်မှုအမှတ်စဉ်၊ ပြည်တွင်းသို့ တင်သွင်းလာသည့် ကုန်စည်ဖြစ်ပါက တင်သွင်းသူ၏အမည်နှင့်လိပ်စာ၊ ထုတ်လုပ်သည့်လုပ်ငန်းအမည်နှင့်လိပ်စာ၊ ထုတ်လုပ်သည့်နေရာသို့မဟုတ်ပြည်ပမှ ကုန်စည်များ တင်သွင်းပြီး ပြန်လည်ထုပ်ပိုးသည့်နေရာ၊ ကုန်စည်တွင်ပါဝင်သော ကုန်ကြမ်းပစ္စည်းအမျိုးအမည်များနှင့် ပစ္စည်းများ၏ ပမာဏပါဝင်မှုအမျိုးအစား၊ ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုး သို့မဟုတ် ဓာတ်မတည့်ကြောင်း ဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်၊ သက်ဆိုင်ရာ အစိုးရဌာနများက ဖော်ပြရန် သတ်မှတ်ထားသော အချက်အလက်များတို့ကို မည်သည့် စီးပွားရေးလုပ်ငန်းရှင်မဆို ကုန်စည်တွင် ဖော်ပြရပါသည်။

ကုန်အညွှန်းအမှတ်အသား ဖော်ပြရာတွင် မြန်မာဘာသာဖြင့်ဖြစ်စေ သို့မဟုတ် မြန်မာနှင့် အခြားဘာသာတစ်ခုခုဖြစ်စေ တွဲလျက်ဖော်ပြထားရသည့်အတွက် စားသုံးသူများအတွက် လုံခြုံစိတ်ချရမှုဖြစ်စေပါသည်။ ဝန်ဆောင်မှုသည် စားသုံးသူပြည်သူများ၏ အကျိုးစီးပွားကို ဆောင်ရွက်ခြင်း၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးဆောင်ရွက်ခြင်း၊ ထုတ်လုပ်မှုနှင့် စားသုံးသူကို တစ်ပြိုင်တည်း လုပ်ဆောင်ခြင်းဖြင့် စားသုံးသူတို့ ဘေးအန္တရာယ်ကင်းရှင်းစွာ ကျန်းမာသောဘဝကို နေထိုင်နိုင်မည်ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးမှ ကုန်အညွှန်းအမှတ်အသားပြုလုပ်ရန် မိမိရုံးဌာနသို့ ရောက်ရှိလာသည်နှင့်တစ်ပြိုင်နက် အကောင်းဆုံးသော ဝန်ဆောင်မှုပေးနိုင်ရေးဝန်ထမ်းများက ကြိုဆိုခြင်း၊ တွေ့ဆုံဆွေးနွေးခြင်း၊ ပြုလုပ်မည့် ကုန်စည်အပေါ် လိုအပ်သည့် အချက်အလက်များအား ရှင်းလင်းခြင်းတို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည့် ဝန်ဆောင်မှုတစ်ခုဖြစ်ပါသည်။

သို့မှသာ ကုန်စည်ထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်းရှင်သည် ကုန်စည်အား ဈေးကွက်အတွင်းသို့ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း ဆောင်ရွက်နိုင်သည်။ ဈေးကွက်အတွင်းသို့ ကုန်အညွှန်းအမှတ်အသား ဖော်ပြထားရှိသော ကုန်စည်တို့ကိုသာလျှင် စားသုံးသူများက ရွေးချယ်ဝယ်ယူ၍ စိတ်ချယုံကြည်စွာ သုံးစွဲလာကြသည်။ဖော်ပြချက်တွင် စားသုံးသူရေးရာဦးစီးဌာနမှ ပေးလိုက်သော ဝန်ဆောင်မှုသည် ပြည်သူအတွက် အကျိုးရှိသော၊ကောင်းမွန်သော၊ ယုံကြည်အားထားနိုင်မှုရှိသော ဝန်ဆောင်မှုဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်၏ကုန်စည်သည် စားသုံးသူများက စိတ်ချယုံကြည်စွာ သုံးစွဲနိုင်မှုလိုက်နာခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ပေးနိုင်မှု ဝန်ဆောင်မှုအဆင့်ဆင့် ဆောင်ရွက်ကြသည်။ နောက်ဆုံး စားသုံးသူများသည် ကုန်အညွှန်းအမှတ်အသား ဖော်ပြထားသည့် ကုန်စည်ကို ရွေးချယ်ပြီး စိတ်ချယုံကြည်စွာဖြင့် သုံးစွဲခွင့်ရသည့်အတွက် စိတ်ကျေနပ်မှု အပြည့်အဝရရှိစေပါသည်။

> **ကုန်အညွှန်းအမှတ်အသား ဖော်ပြရာတွင် မြန်မာဘာသာဖြင့်ဖြစ်စေ သို့မဟုတ် မြန်မာနှင့် အခြားဘာသာတစ်ခုခုဖြစ်စေ တွဲလျက် ဖော်ပြထားရသည့်အတွက် စားသုံးသူများအတွက် လုံခြုံစိတ်ချရမှု ဖြစ်စေပါသည်။**

ထို့ကြောင့် စားသုံးသူရေးရာဦးစီးဌာနရှိ ဝန်ထမ်းများ၏လုပ်ငန်းစွမ်းဆောင်မှုနှင့် အောင်မြင်မှုရှိသော ဝန်ဆောင်မှုအရည်အသွေးရှိသည့် စားသုံးသူ စိတ်ကျေနပ်မှုကို ဖြစ်ပေါ်စေခြင်း ဝန်ဆောင်မှုတစ်ခုကိုသိရှိစေရန် မျှဝေလိုက်ပါသည်။

# ဖျာပုံတွင် ဈေးကွက်စောင့်ကြည့်စစ်ဆေး

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင် ဖျာပုံမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ စစ်ဆေးရေးမှူးနှင့်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများလိုက်ပါ၍ မေ ၁၈ ရက် နံနက် ၁၀ နာရီတွင် မြို့ပေါ် ၅လမ်းမကြီးရှိ စတိုးဆိုင်များအား စားသုံးသူကာကွယ်ရေးဥပဒေ ပုဒ်မ (၁၅)(ခ) စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များအရ ကုန်အညွှန်းအမှတ်အသားတွင် ဖော်ပြရမည့် အချက်များ ပါဝင်မှု ရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အရောင်းဆိုင်များအား စစ်ဆေးရာ ၄ုက်သိုက်အရည်ပုလင်းပေါ်တွင် မြန်မာဘာသာစာသားများ မပါရှိဘဲ ကုန်အညွှန်းအမှတ်အသား ဖော်ပြထားရာ၌ ဗီယက်နမ်ဘာသာစာသားဖြင့် ဖော်ပြထားသည်ကို စစ်ဆေးတွေ့ရှိရသဖြင့်စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ(၄၁)(၄၃)နှင့် ကိုက်ညီမှုမရှိသည့်အတွက် ၎င်းကုန်စည်အား ဆက်လက်ရောင်းချခြင်းမပြုရန် တားမြစ်ခဲ့ပြီး ဆိုင်ရှင်အား အရေးယူဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မေ ၁၇ ရက်က ဖျာပုံမြို့နယ်အတွင်းရှိဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်များအား တရားမဝင် ဆေးဝါးနှင့်ဆေးပစ္စည်းများ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အဆိုပါဆေးဆိုင်များတွင် အာရှရွှေကြယ် အဆစ်အမြစ်ရောင်ရောဂါသောက်ဆေးနှင့် Onlineပေါ်တွင် ရောင်းချနေသည့် ရသေ့ဆေးသို့မဟုတ် ထိုင်းဗိန်းတောဆေး၊ Bella Plus Plasterများ၊ ထုတ်လုပ်သည့်နိုင်ငံ၊ထုတ်လုပ်/တင်သွင်းသည့်ကုမ္ပဏီ၊ ဆေးဝါးမှတ်ပုံတင်အမှတ်များ ဖော်ပြခြင်းမရှိသည့် ဆေးနှင့်ဆေးပစ္စည်းများအား စားသုံးသူပြည်များ ဘေးအန္တရာယ် မရှိစေရေး၊ ဈေးကွက်အတွင်း ကျယ်ကျယ်ပြန့်ပြန့်ရောင်းချမှု ရှိ/မရှိနှင့် အများပြည်သူ ကျန်းမာရေးအတွက်လည်းကောင်း၊ တရားဝင် အခွန်အခများပေးသွင်း၍ရောင်းချနေသူများ၏အကျိုးစီးပွားထိခိုက်နစ်နာမှု မရှိစေရေးအတွက်လည်းကောင်း၊ အရေးယူဆောင်ရွက်ရန် ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**မင်းဇော်မွန်**
**(ဖျာပုံ)**

# မြိတ်မြို့ စည်ပင်သာယာဈေးကြီး၌ အသိပညာပေးဟောပြောဆွေးနွေး

တနင်္သာရီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ မြိတ်ခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ခိုင်မာတိုးတက်စေရေး စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ရည်ရွယ်၍ မေ ၂၀ ရက် မွန်းလွဲ ၁နာရီတွင် မြိတ်မြို့၊ ဆိပ်ငယ်ရပ်၊ စည်ပင်သာယာဈေးအတွင်းရှိ အစည်းအဝေးခန်းမ၌ စားသောက်ကုန်၊ အလှကုန်နှင့် အိမ်သုံးဆေးဝါးများ ရောင်းချနေသူများအား အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြသည်။

ဟောပြောဆွေးနွေးရာတွင် စားသုံးသူရေးရာဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်ရွယ်ချက်အပါအဝင် ဈေးကွက်အတွင်း ရောင်းချနေသော ကုန်ပစ္စည်းများတွင် ကုန်စည်အမျိုးအစားအလိုက် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းများ၊ စားသုံးသူကာကွယ်ရေးဥပဒေပါ စားသုံးသူများ၏ ရရှိနိုင်သော အခွင့်အရေး(၈)ချက်နှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ ဘေးအန္တရာယ်ကင်းရှင်းသော ကုန်စည်များ ရောင်းချနိုင်ရေးတို့ကို ပြောကြားပြီး ကုန်အညွှန်းအမှတ်အသား ဖော်ပြထားသည့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ဝင်းနိုင်(မြိတ်)**

# ပို့ပြိုးတိုးတက်လာသည့် ကမ္ဘာ့မြေပြင်ပတ်ဝန်းကျင် (၂)

ငြိမ်းဝေနှင်း

(ယခင်တစ်ပတ်မှအဆက်)

### rdk;NSifus;vuf'owf'Dqdkufyfrl

မြို့တစ်မြို့တွင် စက်ဘီးစီးသူများနှင့် လမ်းလျှောက်သူများအတွက် ဆွဲဆောင်မှုရှိသော အနေးယာဉ်လမ်းကြောင်းများ ရှိနေခြင်းက လူများအား ကားများ အသုံးပြုခြင်းမှ ဝေးကွာစေသည်။ ဤအနေးယာဉ်လမ်းကြောင်းများကို စိမ်းလန်းသော နေရာများနှင့် အလွယ်တကူ ချိတ်ဆက်ပြီး သာယာဖွယ်ကောင်းသော မြို့ပြပတ်ဝန်းကျင်ကို ဖန်တီးနိုင်သည်။ မြို့များနှင့် မြို့ကြီးများအကြား စိမ်းလန်းသော ဆက်နွှယ်မှုများသည် မြို့တွင်းသို့ လတ်ဆတ်အေးမြသော လေများ ဝင်ရောက်နိုင်ရန်အတွက် အရေးပါသည်။ ယခင်က ရှင်းပြခဲ့သည့်အတိုင်း မြို့ပြစိမ်းလန်းရေးဇုန်များကို လက်ရှိစီးပွားရေးလုပ်ငန်းများဖြစ်သော မြို့ပြစိုက်ပျိုးရေး၊ ရေသန့်စင်ရေးနှင့်ထိန်းသိမ်းရေးဌာနများ၊ စွန့်ပစ်အမှိုက်ထုတ်လုပ်မှုများနှင့်ပေါင်းစည်း၍ ဒီဇိုင်းရေးဆွဲနိုင်ပါသည်။

### &moDwkvdkf avmnDxG

မြို့ပြစိုက်ခင်းများနှင့် အောက်ခံမြေအနေအထား ဖွဲ့စည်းထားပုံပေါ် မူတည်၍ အချို့စိမ်းလန်းသော စိုက်ခင်းအပင်များရှိရာ မြေမျက်နှာပြင်များသည် ရွာသွန်းထားသော မိုးရေများကို သိသိသာသာ စုပ်ယူနိုင်ပြီး ရေနုတ်မြောင်း လိုအပ်မှုကို ဖယ်ရှားပေးသည်။ ရေမျက်နှာပြင် အတက်အကျဖြင့် ရေကိုထိန်းသိမ်းရန် ဒီဇိုင်းပြုလုပ်ထားသော ရေမျက်နှာပြင်များသည်လည်း ထိုနည်းလည်းကောင်းပင် ဖြစ်သည်။ အစိမ်းရောင်စိုက်ခင်း ဥယျာဉ်ပါသော ခေါင်မိုးများ၊ အပင်စိုက်ခင်းများပါဝင်သော မိုးရေထိန်းလမ်းကြောင်းများ၊ရေစိမ့်ဝင်နိုင်အား နည်းသောမျက်နှာပြင်များနှင့် အပင်စိုက်ခင်း အများစုတို့က ရာသီဥတုဒဏ်ခံနိုင်သော မြို့ငယ် သို့မဟုတ် မြို့ကြီးတစ်မြို့ကို ဖန်တီးရန် ကူညီနိုင်ပါသည်။ အစိမ်းရောင်မျက်နှာပြင်များသည် မျက်နှာပြင်ရေ (မြစ်၊ ချောင်း၊ ကန်ရေ) သန့်ရှင်းမှုကို ထိန်းသိမ်းရန် ကူညီသည်။ မြစ်များတစ်လျှောက်ရှိ ကျယ်ပြန့်စိုစွတ်သော ကုန်းမြေနှင့်ရေလွှမ်းမိုးသောဇုန်များသည် ရေလွှမ်းမိုးမှုအန္တရာယ်ကို လျှော့နည်းစေသည်။ ရေ၏အရည်အသွေးကို တိုးတက်စေရန်နှင့် အပန်းဖြေခြင်းနှင့် ဇီဝမျိုးကွဲများအတွက် အထောက်အကူပြုပါသည်။

မြို့များနှင့်မြို့ကြီးများရှိ စိမ်းလန်းသောဒေသများသည် မြို့ပြထိန်းသိမ်းနိုင်စွမ်းကို မြှင့်တင်ပေးသည့်အပြင် အခြားနေရာများတွင် ရေနုတ်မြောင်းနှင့် ထိန်းသိမ်းရေးအဆောက်အအုံများအတွက် ကုန်ကျစရိတ်ကို လျှော့ချရန်နှင့် ရေသန့်စင်ရန်အတွက် ကူညီပေးသည်။ ရေကြီးခြင်း တားဆီးရာတွင် စိုက်ခင်းများအပင်များကို ပိုမိုထိရောက်စွာ အသုံးပြုခြင်းသည် စျေးကြီးသည့် ထိန်းသိမ်းရေးလုပ်ငန်းများအတွက် အကျိုးဖြစ်စေနိုင်သည်။ စိမ်းလန်းစိုပြည်ရေး ထိန်းသိမ်းစောင့်ရှောက်ရေး အခြေခံ အဆောက်အအုံများသည် လုပ်ငန်းဆောင်တာများ ပိုမိုလုပ်ဆောင်နိုင်ပြီး စီးပွားရေးအရလည်း ပိုမိုထိရောက်စေနိုင်ပါသည်။

### tylav(mbjcif

များသောအားဖြင့် ပူပြင်းသည့်နေ့များ၌ အပင်စိုက်ခင်းအများစု သို့မဟုတ် ရေမျက်နှာပြင်မြင့်သော ပြည်နယ်/ခရိုင်များသည် မြို့ပြဒေသများထက် ၁၀ ဒီဂရီ ပိုမိုအေးနိုင်သည်။ အပင်များသည် ၎င်းတို့ပေးနိုင်သည့် အရိပ်နှင့်၎င်းတို့အောက်ရှိ မြေပြင် အပူလျှော့နည်းမှုတို့ကြောင့် မြို့တွင်းရာသီဥတုအပေါ် ကောင်းမွန်သော အကျိုးသက်ရောက်မှုရှိသည်။ အစိမ်းရောင်အရာများနှင့် ရေမျက်နှာပြင်အားလုံးသည် အငွေ့ပြန်ခြင်းကြောင့် အေးနိုင်စွမ်းရှိသည်။

စိမ်းလန်းသော ဥယျာဉ်စိုက်ခင်းပါ ခေါင်မိုးများ၊ မျက်နှာစာများနှင့် နေရာသေချာချထားသော သစ်ပင်များဖြင့် ပုံဖော်ထားသည့် စိမ်းလန်းသောနေရာများသည် အဆောက်အအုံ၏ လေအေးပေးစက်အတွက် အသုံးပြုသောစွမ်းအင်ပမာဏကို လျှော့ချနိုင်သည့်အပြင် အပင်စိုက်ထားသော ခေါင်မိုးအောက်နှင့်နံရံများနောက်ကွယ်ရှိနေရာကျယ်များသည်လည်း သစ်ပင်အရိပ်ကြောင့်သာမက ရေငွေ့ပျံနေသောကြောင့် အေးမြနေပေလိမ့်မည်။

> **သဘာဝပတ်ဝန်းကျင်ကို အလေးထားမှုမရှိပါက လူသားများ မှီတင်းနေထိုင်သည့် ကမ္ဘာကြီး၏ နာတာရှည်ဝေဒနာလည်း သက်သာပျောက်ကင်းမှာ မဟုတ်သကဲ့သို့ အပူချိန် မြင့်တက်မှု၊ လေထု၊ ရေထု ညစ်ညမ်းမှု၊ ရာသီဥတုဖောက်ပြန်မှု စသည့်ဖြစ်ရပ်များသည် ကမ္ဘာကြီး နာမကျန်းဖြစ်နေသည့် လက္ခဏာများပင် ဖြစ်ပါသည်။**

ယနေ့ခေတ် ရုံးများစွာသည် လေအေးပေးစက်အတွက် စွမ်းအင်ကို အပူပေးစက် စွမ်းအင်ထက် ပိုမိုအသုံးပြုကြသည်။ ရာသီဥတုပြောင်းလဲခြင်းသည် လေအေးပေးစက် စွမ်းအင်လိုအပ်ချက်ကိုသာ တိုးလာစေသည်။ အပင်များ စိုက်ပျိုးပြီး မြို့ပြအပူချိန်ကို လျှော့ချခြင်းသည် စွမ်းအင်သုံးစွဲမှု၊ ကျန်းမာရေး၊ လုပ်အားထုတ်လုပ်စွမ်းအားနှင့်ကောင်းမွန်သော နေထိုင်မှုတို့အတွက် ပို၍ အရေးကြီးလာသည်။

### ZDrsdu Gm;ukdjrSifwifjcif

အပြောများသော ယုံကြည်ချက်နှင့် ဆန့်ကျင်ဘက်တွင် မြို့နှင့်မြို့ကြီးများသည် သစ်ပင်များနှင့်သတ္တဝါမျိုးစိတ်များစွာကို ထိန်းသိမ်းထားလျက်ရှိသည်။ အပြာ-အစိမ်းကွန်ယက်များ တိုးချဲ့ခြင်းနှင့်မြို့များနှင့်မြို့ကြီးများရှိ အပင်များနှင့် ဇီဝမျိုးကွဲများနေထိုင်ရာ နေအိမ်များကို ပိုမိုကောင်းမွန်အောင် ပြင်ဆင်ခြင်း၊ဥပမာ-ခေါင်မိုးများ၊ မျက်နှာစာများနှင့် မလိုအပ်သော ကျောက်လမ်းခင်းခြင်းကို ဖယ်ရှားခြင်းအားဖြင့် ၎င်းကိုတိုးတက်ကောင်းမွန်အောင် မြှင့်တင်နိုင်သည်။ ဇီဝမျိုးကွဲများ ဆုံးရှုံးမှုသည် စီးပွားရေးကို ထိခိုက်စေနိုင်သည်။ ဥပမာ-ဂေဟစနစ်မမျှတမှု ဖြစ်လာသည့်အခါ ရောဂါဖြစ်နိုင်ချေများ ပိုမိုမြင့်တက်လာစေနိုင်သည်။

### tpm;tpmxkwfvkyfjcif

ကမ္ဘာ့အချက်အချာ မြို့ပြအများအပြားတွင် မြို့ပြအစားအစာထုတ်လုပ်ခြင်းသည် လက်တွေ့ကျနေဆဲဖြစ်သည်။ သို့သော်အနောက်တိုင်း မြို့များနှင့်မြို့ကြီးများတွင် မြို့ပြစိုက်ပျိုးရေး၊ မြို့ပြဥယျာဉ်၊ တရားမဝင် ဥယျာဉ်နှင့် လယ်သမားစျေးကွက်များ ပေါ်ထွက်လာခြင်းက ၎င်းကိုခေတ်ရေစီးကြောင်းသစ်အဖြစ်တစ်ဖန် ပြောင်းလဲနေသည်။ အော်ဂဲနစ်စိုက်ပျိုးသော လယ်သမားများထံမှ ထုတ်ကုန်ရောင်းချမှုများ တိုးတက်လာသည်။ အလားတူပင်မြို့နှင့် မြို့သူမြို့သားများသည် သူတို့၏အစားအစာများကို မည်သည့်နေရာကနေ မည်သို့ထုတ်လုပ်သည်ကို သိရှိရန်လိုအပ်သည်ဟု ခံစားရပုံ ပေါ်လာကြသည်။ ဤအချက်သည် မြို့ပြလယ်သမားများအတွက် သိသိသာသာ တိုးတက်နိုင်မှု အလားအလာကို ပေးစွမ်းနိုင်ပါသည်။

### avxkt&nftaoG;wkd;wufjcif

စိမ်းလန်းသောနေရာများသည် လူများ၏လုပ်ဆောင်မှုကြောင့်ဖြစ်ပေါ်လာသော ညစ်ညမ်းမှု အားလုံးကို ထိန်းချုပ်နိုင်မည် မဟုတ်သည့်အပြင် ညစ်ညမ်းမှုဖြစ်စေသော အရင်းအမြစ်များကို ကိုင်တွယ်ရန် ကောင်းမွန်သော လုပ်ဆောင်မှုများကို ဘယ်တော့မျှ အစားထိုးနိုင်မည်မဟုတ်ပါ။ မည်သို့ပင်ဆိုစေကာမူ၊ အပင်များနှင့် မြို့ပြသစ်ပင်များသည် ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ဆာလဖာဒိုင်အောက်ဆိုဒ်ကို စုပ်ယူနိုင်ပြီး အမှုန်များ ပေါင်းစပ်ပါဝင်သည်။ ကျွန်ုပ်တို့၏မြို့ပြလုပ်ငန်းစုကြီးများအတွက် စိမ်းလန်းသောဇုန်များ ဖွင့်လှစ်ခြင်းသည် ဝေးလံသောဒေသများမှ လေကို ယူဆောင်ရန်ပို၍ အရေးကြီးသည်။ အပင်စိုက်ခြင်းသည် ပူပြင်းသည့်ကာလများအတွင်း မြို့များကို အေးစေပြီး ရာသီဥတုအလှည့်အပြောင်းဖြစ်စေသည့်နေ့ရက်များကို လျှော့နည်းစေသည်။ လေထုအရည်အသွေးကောင်းမွန်မှုသည် ပြည်သူ့ကျန်းမာရေးအပေါ် တိုက်ရိုက်သက်ရောက်မှုရှိသည်။

နိဂုံးချုပ်အားဖြင့် သဘာဝပတ်ဝန်းကျင်ကို အလေးထားမှုမရှိပါက လူသားများ မှီတင်းနေထိုင်သည့် ကမ္ဘာကြီး၏ နာတာရှည်ဝေဒနာလည်း သက်သာပျောက်ကင်းမှာ မဟုတ်သကဲ့သို့ အပူချိန်မြင့်တက်မှု၊ လေထု၊ရေထုညစ်ညမ်းမှု၊ ရာသီဥတုဖောက်ပြန်မှု စသည့်ဖြစ်ရပ်များသည် ကမ္ဘာကြီး နာမကျန်းဖြစ်နေသည့်လက္ခဏာများပင်ဖြစ်ပါသည်။ ယင်းလက္ခဏာများ သက်သာလျော့ပါးအောင် ကာဗွန်ထုတ်လုပ်မှုလျှော့ချတာ၊ သစ်တောပြုန်းတီးမှု လျှော့ချတာ၊ လူတစ်ဦးချင်းစီက စွန့်ပစ်အမှိုက် တတ်နိုင်သမျှ နည်းအောင်ထိန်းသိမ်းတာ၊ ပလတ်စတစ်အသုံးပြုမှု လျှော့ချတာ အစရှိသည့်ကိစ္စများကို လူတစ်ဦးတစ်ယောက်ချင်းစီတိုင်း တာဝန်ယူစိတ်ရှိရှိ ဆောင်ရွက်ပေးပါက သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပြီး ကမ္ဘာကြီးကို ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ပြီး နောင်အနာဂတ်မျိုးဆက်တွေကိုချစ်ကြောင်း သက်သေပြရာရောက်ပါသည်။ ကိုယ့်ရဲ့ အဆင်ခြင်မဲ့လုပ်ရပ်များကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းပြီး ကပ်ဘေးတွေ ဆိုက်လာခဲ့မည်ဆိုပါက အဲဒီဒဏ်ကို နောက်မျိုးဆက်တွေခံစားရမှာ အသေအချာပါပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# ဆီလုပ်ငန်းရှင်များအား အသိပညာပေးဟောပြော

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့နယ်ရှိ မြို့နယ်တာဝန်ခံ ဦးတင်စိန်သည် မေ ၂၀ ရက် ညနေ ၃ နာရီတွင် ကျိုက်လတ်မြို့နယ်စားသုံးသူရေးရာဦးစီးဌာနရုံးတွင် ဆီလုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်တာဝန်ခံက စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားချက်အမှတ်(၁/၂၀၂၁) ဖြင့် ၂၀၂၁ခုနှစ် ဒီဇင်ဘာ ၂၂ ရက် မြန်မာ့အလင်း ဖော်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါဖော်ပြချက်တွင် စားသုံးသူများ ထင်ယောင်ထင်မှား မဖြစ်စေရေးနှင့် အခြေခံလိုအပ်ချက်အပေါ် စိတ်ကျေနပ်မှုရှိစေရေးအတွက် သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စျေးကွက်အတွင်း ဖြန့်ဖြူးရောင်းချသည့် ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil, Cooking Oil)နှင့် စပ်လျဉ်း၍ ကုန်အညွှန်း အမှတ်အသားဖော်ပြရာတွင် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ စားအုန်းဆီ၊ အဆင့်မြင့်စားအုန်းဆီ စသည့်ဖြင့် အမျိုးအမည်ကို တိကျစွာ မြန်မာဘာသာဖြင့် ဖော်ပြရမည်ဖြစ်ကြောင်း၊ ကုန်စည်၏အသားတင် ပမာဏနှင့်အရွယ်အစားတို့အား မြန်မာ့အလေးချိန် ယူနစ်ဖြစ်သော ပိဿာ၊ ကျပ်သားတို့ကို မြန်မာဘာသာဖြင့် ဖော်ပြရမည့်ဖြစ်ကြောင်းနှင့်လုပ်ငန်းရှင်များအနေဖြင့် စားဆီများ ဖြန့်ဖြူးသယ်ဆောင်ရာတွင် စားသုံးသူပြည်သူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစေရန်အတွက် မေ ၁ ရက်မှစတင်ပြီး ဆီကန်မှ ထုတ်ယူသော စားဆီများအား Food Grade အဆင့်ရှိ အဝါရောင်ပေပါ အသစ် သို့မဟုတ် သန့်စင်ပြီးပေပါအဟောင်း၊ စားသုံးဆီ သီးသန့်သယ်ဆောင်သော ဘောက်ဆာယာဉ်များ အသုံးပြုရန်နှင့် ကိုက်ညီမှုမရှိသည့်ပေပါများ၊ ဘောက်ဆာယာဉ်များအတွင်းသို့ ဆီဖြည့်သွင်းပေးမည်မဟုတ်ကြောင်း၊ စျေးကွက်အတွင်း ဖြန့်ဖြူးရာ၌ ဓာတုဗေဒပစ္စည်းများ ထည့်သွင်းအသုံးပြုထားသည့်ပုံးများ၊ ပေပါများတွင် စားအုန်းဆီများ ထည့်သွင်းသုံးစွဲခြင်းမပြုဖို့လိုကြောင်း၊ ဌာနအနေဖြင့် ပြည်ပမှ တင်သွင်းလာသည့် စားသုံးဆီများအရည်အသွေးပြည့်မီရေး၊ ပြည်သူများကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် စားသုံးဆီများကို သုံးစွဲနိုင်ရေး၊ စျေးကွက်အတွင်း ဖြစ်သင့်ဖြစ်ထိုက်သည့်စျေးနှုန်းဖြင့် ဝယ်ယူသုံးစွဲနိုင်ရေးအတွက် ပြည်ပမှ စားသုံးဆီများ တင်သွင်းခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများကို ထိန်းကျောင်းကြပ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း လုပ်ငန်းရှင်များအနေဖြင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်း ဌာနက ကွင်းဆင်း စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသည်။

မေ ၂၄ ရက်က စားသုံးသူရေးရာဦးစီးဌာန၊ မြောင်းမြခရိုင်ဦးစီးမှူးရုံး၊ ခရိုင်ဦးစီးမှူး ဦးဇော်လင်းအောင်နှင့် မြောင်းမြမြို့နယ် ဦးစီးမှူး ဦးလှထွန်းဦးတို့ကလည်း မွန်းလွဲ ၁ နာရီက မြောင်းမြမြို့ စားသုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးနေသော စားသုံးဆီဆိုင်များသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

**တင်စိန်(ကျိုက်လတ်)**

**စိုးဝင်း ၊(မြောင်းမြ)**

# မိုးရာသီ သဘာဝလက်ဆောင် အင်ဥ(ခေါ်)မှိုဥ



သိမ့်သိမ့်(ကလေး)

အင်ဥ ( ခေါ် ) မှိုဥသည်မိုးဦးစ ( မေလဆန်းပိုင်း)အချိန်တွင် အင်ပင်များအောက်ရှိ မီးလောင်ပြင်များအပေါ် တွင် အင်ရွက်ခြောက်များ ဆွေးမြည့်ဖုံးလွှမ်းနေသော မြေဆွေးအပေါ် ယံတွင် ပေါက်ရောက်တတ်သည်။ မြေအက်ကွဲကြောင်းများအား ဝါးချွန်များ၊ ဓားများဖြင့် ထိုးယက်ရှာဖွေရရှိပြီး မိုးရာသီ၏ သဘာဝလက်ဆောင် ရာသီစာအဖြစ် အရသာရှိသော အစားအစာတစ်မျိုးဖြစ်သည်။

အင်ဥ(ခေါ်)မှိုဥသည် အင်ပင်အများဆုံး ပေါက်ရောက်ရာဒေသဖြစ်သည့် ကဘော်ချိုင့်ဝှမ်းဒေသ တမူးမြို့နယ်တစ်ဝိုက်ကျေးရွာများ၊ ကလေးမြို့နယ်ရှိ အင်ဒိုင်းကြီး၊အင်ဒိုင်းလေးနှင့်မင်းကင်းမြို့နယ်များရှိ ကျေးရွာများတွင် ထွက်ရှိပြီး မြန်မာနိုင်ငံအနှံ့ အင်ပင်ပေါက်ရောက်ရာ ဒေသများတွင်လည်း ထွက်ရှိသည်။ ကမ္ဘာ့နိုင်ငံများတွင်လည်း ရှာဖွေတွေ့ရှိနိုင်ပြီး အိန္ဒိယ၊ ထိုင်း၊ ပြင်သစ်၊ အမေရိကန်နှင့် ဩစတြေးလျနိုင်ငံများတွင်လည်း တွေ့ရှိရသည်ဟု လေ့လာသိရှိရသည်။

တမူးမြို့နယ်တစ်ဝိုက် ကျေးရွာများ၊ ကလေးမြို့နယ်ရှိ အင်ဒိုင်းကြီး၊ အင်ဒိုင်းလေးနှင့် မင်းကင်းမြို့နယ်များမှ ထွက်ရှိသော အင်ဥများကို ကားလမ်းများမှသယ်ဆောင်ပြီး ကလေးမြို့၊ မုံရွာမြို့နှင့် မန္တလေးမြို့များထိပါ တင်ပို့ရောင်းချလျက်ရှိသည်။ အင်ဥပေါ်စတွင် အင်ဥကောက်ယူသူများမှတစ်ဆင့်ခံ ရောင်းချသူများသို့ ဖောက်သည်ပေး၍ နို့ဆီဘူးတစ်ဘူးလျှင် ၁၀၀၀ကျပ်ဖြင့် ဖြန်းဖြူးရောင်းချလျက်ရှိသည်။ ဈေးကွက်အတွင်း ရောင်းချသူများအနေဖြင့် တစ်ဘူးလျှင် ၁၅၀၀ ကျပ်နှုန်းဖြင့် ရောင်းဝယ်ဖောက်ကားလျက်ရှိသည်။ လှိုင်လှိုင်ပေါ်သောအချိန်များတွင် တစ်ဘူး ၅၀၀ ကျပ်နှုန်းဖြင့် ပုံမှန်အရောင်းအဝယ်ဖြစ်ကြပြီး တစ်နှစ်ပတ်လုံးတွင် တစ်ကြိမ်တည်းသာ မိုးမှန်စပြုချိန်တွင် တွေ့ရှိရပြီး ဇူလိုင်လကုန်ပိုင်း အင်ဥ တုန်းချိန်တွင် ပေါ်စဈေးနှုန်းများအတိုင်း ဝင်ငွေရရှိသော ရာသီစာတစ်မျိုးဖြစ်သည်။

အင်ဥသည် အပြင်ခွံမဲ၍ အထဲခွဲလိုက်သောအခါ အဖြူရောင်ဖြစ်မည်ဆိုပါက နူ၍လတ်ဆတ်ပြီး အရသာကောင်းမွန်သည်။ အထဲတွင် မည်းနေမည်ဆိုပါက အင်ဥရင့်နေပြီဖြစ်သည်။ အင်ဥသည် မိုးရေနှင့်ထိလျှင် ပုပ်တတ်ပြီး ပလတ်စတစ်အိတ်များ၊ ဖက်များဖြင့် ကြာကြာဖုံးအုပ်ထား၍မရပါ။ သမံတလင်းများ၊ ဖျာများပေါ်တွင် ဖြန့်ထားပါက သုံးရက်ခန့် အထားခံသည်ဟု သိရှိရသည်။ အင်ဥရောင်းချသူများအနေဖြင့် အင်ဥသည် တစ်ခါခါချိန်တစ်ခါ လျှော့တတ်ပြီး ညသိပ်ထားပါက ပို၍လျှော့တတ်ကြောင်း လေ့လာသိရှိရသည်။

အင်ဥသည် မြေအောင်းမှိုတစ်မျိုးဖြစ်သည့်အတွက် ရေစိမ်၍ ရေစင်ကြယ်စွာဆေးရန် လိုအပ်သည်။ အင်ဥကို ကင်စား၊ ချက်စား၊ သုပ်စား၊ ကြော်စား စသည်ဖြင့် အမျိုးမျိုး ချက်စားရသည်။ အင်ဥတွင် မြောက်မြားစွာသော အာဟာရဓာတ်များပါဝင်သောကြောင့် ကျန်းမာရေးကို အထောက်အကူဖြစ်စေသည်။ အင်ဥစားသုံးခြင်းအားဖြင့် ခန္ဓာကိုယ်အတွက် ဗီတာမင်ဘီ၊ ဗီတာမင်ဒီ၊ ကော့ပါး၊ ပိုတက်ဆီယမ်တို့ ကြွယ်ဝစွာပါဝင်ပြီး အသားဓာတ်၊ အမျှင်ဓာတ်၊ သံဓာတ်နှင့် ပရိုတိန်းဓာတ်များ ပါဝင်သောကြောင့် အူမကြီးလှုပ်ရှားမှုကို ကောင်းမွန်စေကာ ဝမ်းချုပ်ခြင်းမှလည်း ကာကွယ်ပေးကြောင်း လေ့လာသိရှိရသည်။ ဆီးချိုရောဂါနှင့်ကင်ဆာရောဂါများကို ကာကွယ်ပေးပြီး ဘက်တီးရီးယားပိုးများ၏ ကြီးထွားဖွံ့ဖြိုးမှုကိုရပ်တန့်စေကာ ကင်ဆာရောဂါနှင့် ဆီးချိုရောဂါများမှ ကာကွယ်နိုင်သည့် အင်တီအောက်စီးဒင့်များပါဝင်သည့်အပြင် ရောင်းရမ်းမှုကိုလျော့ကျစေပြီး အသည်း၊ အဆုတ်၊ ရင်သားအကျိတ်ဖွံ့ဖြိုးလာမှုကိုလည်း တားဆီးပေးနိုင်သည်ဟု လေ့လာသိရှိရသည်။

အင်ဥသည် မြောက်မြားစွာသော မှိုအမျိုးအစားများထဲတွင် ပါဝင်သော မြေအောင်းမှို (Black Truffle)ဖြစ်သည့်အတွက် ကျန်းမာရေး အကျိုးပြုသော ယူရစ်အက်စစ်ဓာတ်ပါဝင်သောကြောင့် လေးဘက်နာရောဂါများ၊ ဂေါက်ရောဂါဝေဒနာရှင်များအနေဖြင့် သတိပြု၍ စားသုံးသင့်သော မှိုတစ်မျိုးဖြစ်သည်။ အစာအဆိပ်သင့်တတ်သူများ၊ သွေးတိုးနှလုံးရောဂါနှင့် ခါးနာခါးကိုက်တတ်သူများအနေဖြင့် ရှောင်ကြဉ်စားသုံးသင့်ပါကြောင်း လေ့လာသိရှိရသည်။

ယခုအခါ အင်ဥများကို ရာသီမရွေးစားသုံးနိုင်ရန်အတွက် အင်ဥဆီသွပ်ဘူးများ ဈေးကွက်အတွင်း ရောင်းချနေသည်ကို တွေ့ရှိရသည့်အပြင် အချို့မှာ အင်ဥကိုပြုတ်၍ ပါးပါးလှီးကာ နေခြောက်လှမ်း၍စားသုံးသူများလည်း ရှိသောကြောင့် အင်ဥများသည်လူကြိုက်များသော ရာသီစာတစ်မျိုးအဖြစ် အရသာရှိသော အစားအစာတစ်မျိုးဖြစ်ကြောင်း လေ့လာတင်ပြအပ်ပါသည်။

## ဘိုကလေးမြို့ဈေးကွက်အတွင်း ကွင်းဆင်းစစ်ဆေး

ဖျာပုံခရိုင် ဘိုကလေးမြို့နယ် စားသုံးသူရေးရာဦးစီးဌာန၊ စစ်ဆေးရေးအရာရှိနှင့်ဝန်ထမ်းတို့သည် မေ ၂၀ ရက် နံနက် ၁၀နာရီမှ ၁၁နာရီအထိ ဘိုကလေးမြို့မဈေးအတွင်း၊ အပြင်ရှိ ကုန်မျိုးစုံဆိုင်နှင့် အလှကုန်ဆိုင်များတွင် Paris ဆပ်ပြာခဲများ၌ ကုန်အညွှန်းအမှတ်အသားပါ အလေးချိန်ဖော်ပြချက်နှင့် အမှတ်အသားပါဝင်သော အလေးချိန်ကိုက်ညီမှုရှိ/မရှိ ဈေးကွက်စောင့်ကြည့်ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဆက်လက်ပြီး ထိုက်ရွှေရည်မုန့်မျိုးစုံလုပ်ငန်းမှ ထုတ်လုပ်သောကုန်ပစ္စည်းများ ဈေးကွက်မရောက်မီ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရှိရသည်။

မြို့နယ်တာဝန်ခံက ထုတ်လုပ်သောကုန်စည်များနှင့်ပတ်သက်၍ စားသုံးသူကာကွယ်ရေးဥပဒေ ပုဒ်မ (၄၁) (၄၃)အရ ကုန်အညွှန်းအမှတ်အသားဖော်ပြချက်များ၊ စားသုံးသူစိတ်ကျေနပ်မှုရှိစေရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ဈေးနှုန်းဈေးကွက်အခြေအနေနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးတို့အတွက် ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသတင်းရရှိသည်။

**ခင်စန်းအေး(ဘိုကလေး)**

## မအူပင် လုံးတီးဆန်များ ဈေးကောင်းရ

စားသုံးသူရေးရာဦးစီးဌာန မအူပင်ခရိုင် ဦးစီးမှူးရုံးမှ မအူပင်မြို့နယ်တာဝန်ခံ ဦးအောင်ဇော်ဦးနှင့်ဝန်ထမ်းများသည် မေ ၂၃ ရက်တွင် မအူပင်မြို့နယ် ဆန်စက်ပိုင်ရှင်အသင်းမှ ဒု-ဥက္ကဋ္ဌ ပြည့်ဖြိုးကြွယ် ဆန်စက်ပိုင်ရှင် ဦးကျော်မင်းစိုးနှင့်တွေ့ဆုံ၍ ဆန်စက်အသင်း၏ ရှေ့ဆက်မည့်လုပ်ငန်းအစီအမံများ ဆန်၊ စပါး၊ ဈေးကွက်အခြေအနေများနှင့် ဆန်စပါးအရည်အသွေးကောင်းမွန်ရန် ဈေးကောင်းရရှိနိုင်ရေးတို့ကို အလေးပေး ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ယခုရက်ပိုင်းအတွင်း မအူပင်မြို့နယ်ရှိ ဆန်စက်များတွင် ဧည့်မထဆန်လုံးတီးများ ရန်ကုန် ဘုရင့်နောင်ဈေးကွက်တွင် ဝယ်လိုအားရရှိသဖြင့် တစ်အိတ်လျှင် ကျပ် ၂၆၅၀၀ ဖြင့် အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရသည်။

**သဇင်(မအူပင်)**

## တရုတ်နိုင်ငံသို့ ပြောင်းဆန်တင်ပို့မည့်ကုမ္ပဏီအား ကွင်းဆင်းစစ်ဆေး

စားသုံးသူရေးရာဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှလက်ထောက်ညွှန်ကြားရေးမှူးဦးစံကြည်ဦးဆောင်၍ ဖျာပုံခရိုင် ဦးစီးမှူးရုံး ဦးထွေးသိမ်း၊ ဒေးဒရဲမြို့နယ်တာဝန်ခံ ဦးသိန်းမောင်တို့ပါဝင်သော စစ်ဆေးရေးအဖွဲ့သည် မေ ၁၈ ရက် နံနက် ၁၀နာရီတွင် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား လက်မှတ်ရေးထိုးသည့်SPS Protocal အရ တရုတ်နိုင်ငံသို့ ပြောင်းဆန်တင်ပို့ရန် ဆန္ဒပြုလျှောက်ထားသည့် ALLIANCE EAGLE ကုမ္ပဏီ၏ ပြောင်းဆန်အခြောက်ခံ သန့်စင်သိုလှောင်မည့် ဒေးဒရဲမြို့နယ် ထောင်မှူးချောင်ကျေးရွာရှိ Agrastar ပေါင်းဆန်စက်ရုံသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းစစ်ဆေးမှုအရ Agrastar ပေါင်းဆန်စက်ရုံအတွင်း တစ်လုံးလျှင် ပြောင်းဆန် ၂၂တန်ဆံ့ သိုလှောင်ကန် ၁၄လုံး ဆောင်ရွက်ထားရှိပြီး စက်များကို လျှပ်စစ်ဓာတ်အားဖြင့် မောင်းနှင်လည်ပတ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လုပ်သားအင်အား၄၀မှ၇၀ဦးအထိရှိသည်။ကုန်ပစ္စည်းအတင်အချကိုလည်း ကွန်ဘေရာများဖြင့် တင်ချဆောင်ရွက်နိုင်ကြောင်း ကွင်းဆင်းစစ်ဆေးတွေ့ရှိရသည်။

**သိန်းမောင်**
**(ဒေးဒရဲ)**



## မွန်ပြည်နယ်တွင် လုပ်ငန်းခွင်စွမ်းဆောင်ရည်မြှင့်သင်တန်း ဖွင့်လှစ်

ဘီးလင်းမြို့နယ်ရှိ ရွှေစင်ဦးဟိုတယ်ခန်းမ၌ မေ ၂၈ ရက် နံနက် ၉နာရီတွင် ငါးရက်တာ လုပ်ငန်းခွင်စွမ်းဆောင်ရည်မြှင့်သင်တန်းကိုNational Enlightenment Institute (NEI)နှင့် မော်လမြိုင်ကုန်စည်ဒိုင်တို့ပူးပေါင်း၍ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းကို မော်လမြိုင်ကုန်စည်ဒိုင်အသင်း၏ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ NEI မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၅၃ ဦး တက်ရောက်ခဲ့ကြသည်။

လုပ်ငန်းခွင် စွမ်းဆောင်ရည်မြှင့်သင်တန်းသည် မွန်ပြည်နယ်အတွင်းရှိ ကျေးလက်ဒေသနေ လူငယ်များနှင့်အမျိုးသမီးများ၏ အလုပ်အကိုင်စွမ်းဆောင်ရည် ပိုမိုမြင့်တက်လာစေရန်နှင့်ဒေသ၏လူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းနယ်ပယ်များတွင် ဦးဆောင်ဝင်ရောက်လုပ်ကိုင်လာနိုင်စေရန် ရည်ရွယ်၍ ခေါ်ယူသင်ကြားပေးခဲ့ခြင်းဖြစ်ပြီး ဇွန် ၁ ရက် ညနေ ၄ နာရီတွင် သင်တန်းဆင်းပွဲပြုလုပ်ခဲ့သည်။

ရှေးဆက်၍ ကျိုက်ထိုမြို့နယ်၊ သံဖြူဇရပ်မြို့နယ်၊ ပေါင်မြို့နယ်၊ သထုံမြို့နယ်တို့တွင်လည်း အပတ်စဉ် (၂) မှ (၈) အထိ ခေါ်ယူသွားရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။

**အောင်မြင့်မြတ်(မွန်)**

# တရုတ်နိုင်ငံ ချုံချင်းမှတစ်ဆင့် မြန်မာနိုင်ငံသို့ ကုန်စည်ပို့ဆောင်ရေး ချိတ်ဆက်မှုလမ်းကြောင်းအသစ်တစ်ခု စတင်




တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ ချုံချင်းမြို့မှ ကွန်တိန်နာ အလုံး ၆၀ တင်ဆောင်ထားသော ကုန်စည်ပို့ဆောင်ရေး ရထားအသစ်တစ်စင်းကို မေ ၂၃ ရက်က စတင်ပြေးဆွဲခဲ့ပြီး တရုတ်နိုင်ငံမှ ကုန်ပစ္စည်းများကို လမ်းကြောင်းအသစ်မှ မြန်မာနိုင်ငံသို့ ပို့ဆောင်ပေးရန်ဖြစ်သည်။ စက်ပစ္စည်းများ၊ အီလက်ထရွန်နစ်ဆက်စပ်ပစ္စည်းများနှင့် အခြားအရာများပါဝင်သော ကုန်စည်များသည် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ အနောက်တောင်ဘက် လင်ချန်းမြို့သို့ ဦးစွာရောက်ရှိပြီး ယင်းမှတစ်ဆင့် မြန်မာနိုင်ငံ မြောက်ဘက် မန္တလေးမြို့သို့ ကုန်းလမ်းဖြင့် ပို့ဆောင်မည်ဖြစ်သည်။

ယင်းသည်new Sino-Burmese route(Chongqing-Lingchang-Myanmar) တရုတ်-မြန်မာလမ်းကြောင်း(ချုံချင်း-လင်ချန်း-မြန်မာ)လမ်းကြောင်းကို ကိုယ်စားပြုသော အပြည်ပြည်ဆိုင်ရာ ကုန်းလမ်း-ပင်လယ်လမ်းကုန်သွယ်ရေးစင်္ကြံသစ်မူဘောင် New International land Sea Trade Corridor ILSTC Framework အောက်ရှိ ကုန်သွယ်ရေးနှင့် ပို့ဆောင်ရေးလမ်းကြောင်းဖြစ်ကြောင်း ယင်းကို တရုတ်နိုင်ငံ အနောက်ဘက်ဒေသများနှင့် စင်ကာပူနိုင်ငံတို့မှ ပူးတွဲတည်ဆောက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ချုံချင်း-မန္တလေး ကုန်စည်ပို့ဆောင်ရေးကို အသုံးပြုခြင်းအားဖြင့် ကုန်စည်ပို့ဆောင်ချိန် ရက်ပေါင်း ၂၀ လျှော့ချနိုင်မည်ဖြစ်ပြီး ပို့ဆောင်နေကျ လမ်းကြောင်းနှင့်နှိုင်းယှဉ်ပါက ကုန်ကျစရိတ် ၂၀ ရာခိုင်နှုန်း လျှော့ချနိုင်မည်ဖြစ်ကြောင်း ကုန်စည်များ ၁၅ ရက်အတွင်း မန္တလေးသို့ရောက်ရှိရန် မျှော်လင့်ထားကြောင်းနှင့် ယင်းမှတစ်ဆင့် တောင်အာရှ၊ အရှေ့အလယ်ပိုင်းနှင့် ဥရောပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**ဒေါက်တာဝေရီလင်း(စီးပွားရေးသံမှူး)၊ မြန်မာသံရုံး၊ ပေကျင်း။**

## ကုန်အညွှန်းအမှတ်အသား ပြည့်စုံမှန်ကန်စေရေး တွေ့ဆုံဆွေးနွေး

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ခတ္တာလမ်းနှင့်(၁၁ လမ်းထောင့်၊ အောင်ဆန်း (၂)ရပ်ကွက်၊ မိတ္ထီလာမြို့၌ မာလာကြက် အူချောင်း(အချိုအစပ်) ထုတ်လုပ်ရောင်းချနေသော လုပ်ငန်းရှင်သည် ၎င်း၏အမှတ်တံဆိပ်တွင် ထည့်သွင်းဖော်ပြသွားမည့် ကုန်အညွှန်းအမှတ်အသားများတွင် စားသုံးသူကာကွယ်ရေးဥပဒေ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှု ရှိ/မရှိနှင့် လိုအပ်ချက်များ ပြင်ဆင်ပြုပြင်နိုင်ရန်အတွက် စိစစ်ဆောင်ရွက်ပေးပါရန် မေ ၃၀ ရက်တွင် စားသုံးသူရေးရာဦးစီးဌာန၊ မိတ္ထီလာခရိုင်ဦးစီးမှူး ဦးဇော်မင်းနှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ မိတ္ထီလာခရိုင်ဦးစီးမှူး ဦးဇော်မင်းနှင့် ဝန်ထမ်းများသည် မေ ၅ ရက် နံနက် ၁၀ နာရီမှ ၁၁နာရီခွဲအထိ ရမည်းသင်းမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် ရမည်းသင်းမြို့ပေါ်ရှိ လုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကို ပြုလုပ်ခဲ့ကြသည်။

ဟောပြောပွဲတွင် ခရိုင်ဦးစီးမှူးက စားသုံးသူကာကွယ်ပေးရေးဥပဒေများအကြောင်း စားသုံးသူများ၏ အခွင့်အရေးများ၊ လိုက်နာရမည့်တာဝန်များ၊ ကုန်အညွှန်းအမှတ်အသားနှင့်စပ်လျဉ်း၍ လေ့လာမှတ်သားရမည့်အချက်များ မိမိထုတ်လုပ်သည့် ကုန်ပစ္စည်းများပေါ်တွင် ကုန်ပစ္စည်းအမျိုးအစားအလိုက် ထည့်သွင်းရမည့် ကုန်စည်၏ အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက်နှင့်အသားတင်ပမာဏ၊ ထားသိုသိမ်းဆည်းမှုအညွှန်း၊ သုံးစွဲပုံနည်းလမ်း၊ ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုး၊ ခာတ်မတည့်ကြောင်း ဖော်ပြချက်၊ ကြိုတင်သတိပေးချက် စသောအချက်အလက်များအား မြန်မာစာဖြင့် ထည့်သွင်းဖော်ပြနိုင်ရန်နှင့် ကုန်အညွှန်း အမှတ်အသားများနှင့်စပ်လျဉ်း၍ ခရိုင်ရုံးသို့ လာရောက်အကြံပြုချက်တောင်းခံ ဆောင်ရွက်နိုင်ကြောင်း၊ စားသုံးသူအခွင့်အရေး နစ်နာဆုံးရှုံးမှုများရှိပါက Online အသုံးပြုသူအနေဖြင့် Doca Myanmar Application, Meiktila CICC Facebook Page တို့တွင် တိုင်ကြားနိုင်ပြီး ၀၆၄-၂၂၂၀၉၃၊ ၀၆၄-၂၂၂၁၀၂သို့ ဖုန်းမှတစ်ဆင့်သော်လည်းကောင်း၊ လူကိုယ်တိုင်လာရောက်တိုင်ကြားခြင်းဖြင့်သော်လည်းကောင်း၊ တိုင်ကြားနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး လုပ်ငန်းရှင်၂၀ တက်ရောက်ခဲ့ကာ လက်ကမ်းစာစောင်များလည်း ဖြန့်ဝေခဲ့သည်။

**ချောစုထွေး(မိတ္ထီလာ)**
**သိမ့်သူဇာမောင်(မိတ္ထီလာ)**

## ကျောက်မဲဆန်ဈေး တည်ငြိမ်၊ ခရမ်းချဉ်သီး ဈေးကျ

ကျောက်မဲခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများသည် မေ ၂၄ ရက်တွင် ကျောက်မဲမြို့နယ်အတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ဗဟိုဈေး၊ မင်္ဂလာဈေး၊ အခွန်လွတ်ဈေးနှင့် ဘူတာဈေးများသို့ သွားရောက်၍ ဆန်ဆိုင်များနှင့် သီးနှံအရောင်းဆိုင်များတွင် ရောင်းချလျက်ရှိသည့် ဈေးနှုန်းဈေးကွက်အခြေအနေများအား ကွင်းဆင်းလေ့လာစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

ဆန်ဆိုင်ဖွင့်လှစ်ရောင်းချသည့်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဆန်များကို အများဆုံးမန္တလေးမှ မှာယူရောင်းချခြင်းဖြစ်သည်ကို သိရှိရသည်။ သယ်ယူစရိတ်အနေဖြင့် ဆန်တစ်အိတ်လျှင် အရောင်းဈေး ၅၀၀-၁၀၀၀ ကျပ်အကြားရှိကြောင်းနှင့် ဆန်ဈေးနှုန်းများသည် ဇန်နဝါရီလမှ ယခု မေလနှောင်းပိုင်းအထိ တည်ငြိမ်လျက်ရှိကြောင်း သိရှိရသည်။ ဆန်အမျိုးအစားအလိုက် ဈေးနှုန်းများအနေဖြင့် ဆန်ကျော်မွှေးတစ်ပြည်လျှင် ကျပ် ၁၈၀၀၊ မော်ဘီ(ရှယ်)တစ်ပြည်လျှင် ကျပ်၁၄၀၀၊ သုခတစ်ပြည်လျှင် ကျပ် ၁၅၀၀၊ မဂျမ်းတောတစ်ပြည်လျှင် ၂၃၀၀ ကျပ်၊ စူပါတစ်ပြည်လျှင် ကျပ် ၂၆၀၀၊ ခေါက်ချဉ်တစ်ပြည်လျှင် ကျပ် ၁၇၅၀၊ ပေါ်ဆန်းတစ်ပြည်လျှင် ကျပ် ၂၆၅၀၊ ဧရာမင်းတစ်ပြည်လျှင် ကျပ် ၂၄၅၀ နှင့် ကောက်ညှင်းဆန် တစ်ပြည်လျှင် ကျပ် ၁၄၀၀ဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

သီးနှံဈေးနှုန်းများအနက် ခရမ်းချဉ်သီးရောင်းဈေးမှာ ယခင်ထက် သိသိသာသာ ကျဆင်းလျက်ရှိသည်။ ဖေဖော်ဝါရီလ၌ ခရမ်းချဉ်သီး (အင်းသီး)တစ်ပိဿာဈေးနှုန်း ၂၀၀၀-၂၅၀၀ ကျပ်ကြားရှိခဲ့ကြောင်း၊ ယခု မေလတွင် ဒေသထွက် ခရမ်းချဉ်သီးဈေးနှုန်း တစ်ပိဿာ ၄၀၀ ကျပ်၊ သုံးပိဿာလျှင် ၁၀၀၀ ကျပ်ဖြစ်နေသည့်အတွက် အင်းသီးဈေး တစ်ပိဿာလျှင် ၁၅၀၀ ကျပ်အထိ ပြန်ကျဆင်းသွားကြောင်း သိရှိရသည်။

**အေးအေးသန့်(ကျောက်မဲ)**

## ကော်ဖီအစုအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် မြန်မာ့ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် မြန်မာ့ကော်ဖီအသင်းမှ ကိုယ်စားလှယ်တို့ပါဝင်သော မြန်မာ့ကော်ဖီ အစုအဖွဲ့များဖွဲ့စည်းနိုင်ရေးအတွက် ပြင်ဦးလွင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ဦးသက်လွင်ထူးဦးဆောင်သောအဖွဲ့များသည် မေ ၁၃ ရက်တွင် ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအသင်းအဖွဲ့ဝင် (ပြင်ဦးလွင်ကော်ဖီအစုအဖွဲ့နာယက) ဦးရဲမြင့်၏ နေအိမ်၌ ပြင်ဦးလွင်၊ ကော်ဖီနည်းပညာဖွံ့ဖြိုးရေး ခြံတာဝန်ခံနှင့်ကော်ဖီအစုအဖွဲ့ဝင်များအား သွားရောက်တွေ့ဆုံခဲ့သည်။

ပြင်ဦးလွင်ကော်ဖီအစုအဖွဲ့ နာယကဖြစ်သူမှ ပြောကြားရာတွင် ပြင်ဦးလွင်ကော်ဖီအစုအဖွဲ့အား ၂၀၁၈-၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံကော်ဖီအသင်း(MCA)မှ အကူအညီပံ့ပိုးမှုရယူပြီး အတိုင်ပင်ခံအဖွဲ့၊ ဗဟိုအလုပ်မှုဆောင်အဖွဲ့နှင့် ဒေသတာဝန်ခံအဖွဲ့ဟူ၍ စုစုပေါင်း အစုအဖွဲ့ဝင် ၂၃ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ပြင်ဦးလွင်မြို့ရှိ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံတွင် ပြင်ဦးလွင်ကော်ဖီဥယျာဉ်တည်ထောင်နေပြီး မိမိတို့အစုအဖွဲ့မှ ပူးပေါင်းဆောင်ရွက်နေကြောင်း၊ ၎င်းဥယျာဉ်ဖွင့်လှစ်ပြီး ဝင်ရောက်လေ့လာလိုသူ စိတ်ပါဝင်စားသူများအနေဖြင့် ကော်ဖီနှင့်ပတ်သက်သော စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်မှ ထုတ်လုပ်နိုင်သည်အထိ ဗဟုသုတရရှိစေမှာဖြစ်ကြောင်း၊ ပြင်ဦးလွင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှဦးသက်လွင်ထူး(ဦးစီးအရာရှိ)က ပြောကြားရာတွင် မိမိတို့ဌာန အနေဖြင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးနှင့် ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးကွက်အလားအလာရှိသော သီးနှံများအား ဖော်ထုတ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်၍ ပြည်ပပို့ကုန်မြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ အစုအဖွဲ့၊ အသင်းအဖွဲ့များ ဖွဲ့စည်းနိုင်ရေးအတွက်လည်း သက်ဆိုင်ရာ ဌာနများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေအား ၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ကြောင်း၊ ၎င်းဥပဒေတွင် အခန်း(၂၅)ခန်း၊ ပုဒ်မ(၈၄)ခု ပါဝင်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ကုန်စည်အမျိုးအစားအလိုက် ဥပဒေပါ သတ်မှတ်ချက်များနှင့်အညီဖော်ပြရန် လိုအပ်ကြောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေပါ အချက်များအား အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။ တွေ့ဆုံဆွေးနွေးပွဲတွင် ကော်ဖီအစုအဖွဲ့ဝင် ၁၈ ဦး တက်ရောက်ကြောင်း သတင်းရရှိသည်။

**ဇော်မင်းလတ်(ကျောက်ဆည်)**

# စားသုံးသူအခွင့်အရေးများ ကိုယ်တိုင်ရယူတတ်ကြပါစေ

ရီလင်းထွဋ်(မုံရွာ)

"ပြည်သူတိုင်းဟာ စားသုံးသူဖြစ်တယ်။ စားသုံးသူတိုင်းမှာ စားသုံးသူအခွင့်အရေးရှိတယ်။ စားသုံးသူအခွင့်အရေး နစ်နာဆုံးရှုံး ရင် တိုင်ကြားနိုင်ပါတယ်"ဟူသည့် စားသုံးသူရေးရာဦးစီးဌာနက အသိပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့တွင် ယင်း စာသားလေးကို ဖော်ပြထားသည်။

စားသုံးသူဆိုတာ ကုန်စည်နှင့်ဝန်ဆောင်မှုများကို ကိုယ်တိုင် သုံးစွဲသူများဖြစ်သည်။ ဝယ်ယူသူ Customer အဆင့်မှာ စားသုံးသူများ မဟုတ်ပါ။ ထုတ်လုပ်ရောင်းချဖြန့်ဖြူးသူ ဝန်ဆောင်မှုပေးသည့် လုပ်ငန်းရှင်များမဟုတ်သည့် စားသုံးသူကို ဆိုလိုသည်။ လူတိုင်း နံနက်အိပ်ရာထသည်နှင့် ဆပ်ပြာ၊ သွားတိုက်ဆေး၊ အစားအသောက် စသည့် ကုန်စည်က အစပြုပြီး ပညာရေး၊ ကျန်းမာရေး၊ ခရီးသွား ဝန်ဆောင်မှုများကို ဝယ်ယူသုံးစွဲနေကြသူများဖြစ်ကာ လုပ်ငန်းရှင် ဘက်မှာလည်း မိမိလုပ်ငန်းမဟုတ်သည့်ကဏ္ဍများတွင် စားသုံးသူ တစ်ဖန်ဖြစ်နေမည်။ ထို့ကြောင့်ပြည်သူတိုင်းသည် စားသုံးသူဖြစ်သည်။

စားသုံးသူအခွင့်အရေးဆိုရာတွင် ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ အလုပ်သမားအခွင့်အရေး၊ လူ့အခွင့်အရေး ဆိုသည့်အပိုင်းများက သီးသန့်ရှိပြီးဖြစ်ကြ၍ စားသုံးသူအခွင့်အရေး ဆိုသည်ကို သီးသန့်ရှုမြင်ပေးစေချင်သည်။ မြန်မာနိုင်ငံစားသုံးသူ ကာကွယ်ရေးဥပဒေတွင် စားသုံးသူအခွင့်အရေး ရှစ်ချက်ကို ပြဋ္ဌာန်း ထားသည်။ ဤအခွင့်အရေးများသည် နိုင်ငံတကာနှင့်အာဆီယံတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့်အခွင့်အရေးများဖြစ်သည်။

ပထမဆုံးအခွင့်အရေးတစ်ချက်မှာ စားသုံးသူများအတွက် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အခြေခံလိုအပ်ချက် များပေါ်တွင် စိတ်ကျေနပ်မှုရရှိစေခြင်းဖြစ်သည်။ မည်သူမဆို ကိုယ် ပေးလိုက်ရသည့်တန်ဖိုးနှင့်ကိုက်ညီသည့် ကုန်စည်နှင့်ဝန်ဆောင်မှု များကို ရရှိလိုမှာဖြစ်ပြီး ရရှိရမည့်အခွင့်အရေးလည်းရှိသည်။ စားသုံး သူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး စိတ်ကျေနပ်မှု ရရှိ စေရေးတို့အတွက် စားသုံးသူကာကွယ်ရေးဥပဒေတွင် ပြဋ္ဌာန်းထား သည့်နှင့်အညီ စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများသည် စားဝတ် နေရေး အခြေခံလိုအပ်ချက်ကဲ့သို့ ကုန်စည်နှင့် ဝန်ဆောင်မှုတို့၏ အခြေခံရှိရမည့်စံနှုန်းကို လိုအပ်ချက်များ ကိုက်ညီစေရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊ အသိပေးခြင်း၊ စစ်ဆေး ခြင်း၊ အရေးယူခြင်း များ ဆောင်ရွက်ခြင်းဖြင့် စိတ်ကျေနပ်မှု ရရှိစေခြင်း အခွင့်အရေးကို ပြည့်ဝစွာရရှိစေရန် ဆောင်ရွက်လျက်ရှိသည်။ စားသုံးသူများဘက်က လည်း ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု ဝယ်ယူအသုံးပြုခြင်း မပြုမီ လေ့လာရမည့်အချက်များကို လေ့လာခြင်း၊ အရည်အသွေး၊ အရေ အတွက်၊ ဈေးနှုန်းကို လေ့လာသုံးသပ်ခြင်းတို့ ဆောင်ရွက်ပြီးမှ ဝယ် ယူသုံးစွဲသင့်သည်။

ဒုတိယအခွင့်အရေးဖြစ်သော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု ကို ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရှိခြင်းဆိုသည့် အခွင့် အရေးကို စားသုံးသူများရရှိစေရေးအတွက် စားသုံးသူရေးရာဦးစီး ဌာနသည် စစ်ဆေးရေးအရာရှိများ ခန့်အပ်ထားကာ ဈေးကွက်စောင့် ကြည့်စစ်ဆေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ စားသုံး သူများအနေဖြင့်လည်း သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများက စားသုံးရန် သို့မဟုတ် အသုံးပြုရန်မသင့်ဟု သတ်မှတ်ထုတ်ပြန်ထား သော ဘေးအန္တရာယ်ရှိသည့် ကုန်စည်၊ ဝန်ဆောင်မှုများကို ရှောင် ကြဉ်ပြီး ဆောင်ရမည့်၊ ရှောင်ရမည့် လမ်းညွှန်ချက်များနှင့်အညီ တိကျစွာ လိုက်နာသုံးစွဲရန် လိုအပ်သည်။

တတိယအခွင့်အရေးဖြစ်သည့် ကုန်စည် သို့မဟုတ်ဝန်ဆောင်မှု ကို ရွေးချယ်ဝယ်ယူအသုံးပြုရာတွင် လိုအပ်သော သတင်းအချက် အလက်များ ပြည့်စုံမှန်ကန်စွာသိရှိခွင့်နှင့်ပြေစာ သို့မဟုတ်အထောက် အထား ရယူခွင့်ရှိခြင်းဆိုသည့် အခွင့်အရေးရရှိစေရေးအတွက် ကုန် အညွှန်းအမှတ်အသား ဖော်ပြခြင်းအမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်၍ လိုက်နာစေရေးဆောင်ရွက်လျက်ရှိသည်။ စားသုံးသူများ ဘက်ကလည်း ကုန်အညွှန်းအမှတ်အသားဖော်ပြချက် ပြည့်စုံမှု၊ မြန်မာဘာသာဖြင့် ဖော်ပြမှုတို့ကို သေချာကြည့်ရှုအားပေးရန်၊ လိုအပ်လျှင် အထောက်အထားရစေရန် ပြေစာရယူသည့် အလေ့ အကျင့်ရှိရန်၊ အာမခံကတ်ပါ စည်းကမ်းချက်များကို သေချာဖတ်ရှု သိရှိသည့် အလေ့အထရှိစေရန်တို့ကို ဆောင်ရွက်သင့်သည်။

စတုတ္ထအခွင့်အရေးဖြစ်သည့် ဈေးကွက်အတွင်းရှိ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူစိတ်ကြိုက်ရွေးချယ် ဝယ်ယူနိုင်ခွင့်ရှိခြင်းဆိုသည့် အခွင့်အရေးကို စားသုံးသူများရရှိ စေရန် လယ်ယာထွက်ကုန်၊ စားဆီ၊ စက်သုံးဆီ၊ ဆေးဝါးစသည့် ကုန် ပစ္စည်းဈေးနှုန်းများ၊ ဈေးကွက်လိုအပ်မှု၊ ပိုလျှံမှုများကိုလေ့လာတင်ပြ လျက် ဖြစ်သင့်သည့်ဈေးကွက်ဖြစ်ပေါ်အောင် ထိန်းကျောင်းခြင်း၊ ရွေးချယ်ခွင့်မရှိသော လက်ဝါးကြီးအုပ်စနစ်များမရှိစေရေးယှဉ်ပြိုင်မှု ဥပဒေဖြင့် ထိန်းထားခြင်း၊ လုပ်ငန်းရှင်အသင်းအဖွဲ့များနှင့် ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။ စားသုံးသူများ ဘက်ကလည်း ရွေးချယ်ခွင့်ရှိသည်ဖြစ်သည့်အတွက် ယုံကြည်စိတ်ချ ရသော လိပ်စာ၊ ဖုန်းနံပါတ်ပါရှိပြီး အာမခံချက်ရှိသော အရောင်းဆိုင် လုပ်ငန်းများကို ရွေးချယ်တတ်သည့် အလေ့အကျင့်ရှိရပါမည်။ သေချာစိစစ် ရွေးချယ်ဝယ်ယူခြင်းမပြုပါက လိမ်ညာခံရပြီးဆက်သွယ် မရသည့် Online Shopping သို့မဟုတ် သေချာလိမ်ညာ ရောင်းပြေးသူ ဖြစ်ပါက စားသုံးသူကာကွယ်ရေးဥပဒေ၏အကာအကွယ်ယူ၍ မရ တော့ဘဲ ခိုးမှု၊လိမ်မှုကဲ့သို့ ပြစ်မှုကြောင်းနှင့်သာ သက်ဆိုင်သွားမည် ဖြစ်သည်။

နောက်အခွင့်အရေးတစ်ခုဖြစ်သော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် အသိပညာ ဗဟုသုတများ အခွင့် အရေးများနှင့် လိုအပ်သော အချက်အလက်များကို သိရှိလေ့လာ နိုင်ခွင့်ရှိခြင်းဆိုသည့် အခွင့်အရေးပြည့်ဝစေရန် စားသုံးသူကာကွယ် ရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲများကို ဆောင်ရွက်ခြင်း၊ လက်ကမ်းစာစောင် ဖြန့်ဝေခြင်း၊ ရုပ်မြင်သံကြားတွင် အသိပေး ဇာတ် လမ်းတိုထုတ်လွှင့်ခြင်း၊ သတင်း/ ဆောင်းပါးများရေးသား၍ Commerce စီးပွားရေးသတင်းဂျာနယ်နှင့် အခြားသတင်းစာစောင်များ တွင် ထည့်သွင်းဖော်ပြခြင်း၊ အင်တာနက် Website မှ လိုအပ်သော အချက်အလက်များ သိရှိလေ့လာနိုင်စေရန် လွှင့်တင်ထားခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။ စားသုံးသူများဘက်ကလည်း မိမိနှင့်ထိုက် တန်သည့် အခွင့်အရေးကိုရရှိရန် လေ့လာပေးစေလိုသည်။

ပစ္စုပ္ပန်တွင်သာမက အနာဂတ်မျိုးဆက်များအတွက်ပါ ကောင်းမွန်သာယာသော လူနေမှုအဆင့်အတန်းနှင့် ပတ်ဝန်းကျင် တွင် နေထိုင်ခွင့်ရရှိစေခြင်းဟူသည့် အခွင့်အရေးကို စားသုံးသူများ ရရှိစေရန် သက်ဆိုင်ရာဥပဒေများပြဋ္ဌာန်းခြင်း၊ နည်းဥပဒေများ ထုတ် ပြန်ခြင်း၊ စံလုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်း၊ အမိန့်နှင့် ညွှန်ကြား ချက်များဖြင့် ထိန်းကျောင်းခြင်း၊ အမျိုးသားစားသုံးကာကွယ်ရေးအစီ အစဉ်များဖြင့် စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ရေရှည်တည်တံ့သည့် စားသုံးမှုအလေ့အကျင့်ကောင်းများ လိုက်နာ စေရေးအသိပေးခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။

စားသုံးသူများဘက်ကလည်း ဈေးနှုန်းသက်သာပြီး အရည် အသွေး ညံ့သည့်၊ ပြန်လည်အသုံးပြုမရဘဲ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေမည့်ပစ္စည်းများကို ရှောင်ကြဉ်ခြင်းဖြင့် ဒီစားသုံးသူအခွင့် အရေးကို နောင်လာနောက်သားများအထိ ပြည့်ဝအောင် လိုက်နာ သင့်သည်။ စားသုံးသူနစ်နာဆုံးရှုံးမှုနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များတွင် ရှင်းလင်းတင်ပြခွင့်နှင့် တိုင်ကြားခွင့်ရရှိနိုင်စေခြင်းဆိုသည့် အခွင့် အရေးရရှိနိုင်စေရန် စားသုံးသူကာကွယ်ရေးဥပဒေမှာ စားသုံးသူ၏ နစ်နာဆုံးရှုံးမှုတစ်ရပ်ရပ်ကို တိုင်ကြားလိုပါက လူကိုယ်တိုင်သော် လည်းကောင်း၊ လူထုဆက်သွယ်ရေးနည်းလမ်းတစ်ခုခုဖြင့်သော် လည်းကောင်း သက်ဆိုင်ရာဦးစီးမှူးရုံးသို့ သက်သေအထောက် အထားနှင့်အတူ တိုင်ကြားနိုင်သည်ဟု ဖော်ပြထားသည်။

တိုင်ကြားခြင်းနှင့်ပတ်သက်ပြီး အလွယ်တကူတိုင်ကြားနိုင် စေရန် နည်းလမ်းအမျိုးမျိုးနှင့် တိုင်ကြားနိုင်အောင် စီစဉ်ထားသည်။ စားသုံးသူသတင်းပြန်ကြားရေးနှင့်တိုင်ကြားမှု လက်ခံဆောင်ရွက်ရေး စင်တာ (Consumer Information and Complaint Centre-CICC ) ရုံးခန်းများ ဖွင့်လှစ်ထားရှိသည်။ အဆိုပါရုံးများ၏ ဖုန်းနံပါတ်များကို လည်း အများပြည်သူသိရှိအောင် လက်ကမ်းစာစောင်နှင့်လူမှုမီဒီယာ များတွင် ဖော်ပြထားသည်။ အဆိုပါရုံးတွေကို လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ၊ လူမှုမီဒီယာများမှ တစ်ဆင့်ဖြစ်စေ တိုင်ကြားစာ ဖြည့် သွင်းတိုင်ကြားနိုင်သည်။ "DOCA Myanmar" Mobile Application ကဖြစ်စေ၊ www.doca.gov.mm.websiteကတစ်ဆင့်ဖြစ်စေ တိုင် ကြားနိုင်ပြီး တိုင်ကြားမှုအပေါ် ဖြေရှင်းဆောင်ရွက်မှုအခြေအနေကို အကြောင်းပြန်ကြားမှု ကြည့်ရှုနိုင်မည်ဖြစ်သည်။ စားသုံးသူစစ်တမ်း ကောက်ယူမှုများအရ ဖုန်းဖြင့်တိုင်ကြားမှုနည်းလမ်းကို ဆောင်ရွက် လိုသူများကြောင်း တွေ့ရသည့်အတွက် Consumer Call Centre ကို ဖွင့်လှစ်ကာ ၁၅၃၅ ကို ခေါ်ဆိုနိုင်အောင် စီစဉ်ထားသည်။

ခန့်အပ်ထားသည့် စစ်ဆေးရေးအရာရှိများက လိုအပ်သော စာရွက်စာတမ်းများနှင့် မဟုတ်မမှန် လိမ်လည်တိုင်ကြားခြင်း ဟုတ်၊ မဟုတ် စုံစမ်းစစ်ဆေးမှုများကိုပြုလုပ်ပြီး တိုင်ကြားခံရရသည့် စီးပွားရေးလုပ်ငန်းရှင် သို့မဟုတ် တရားဝင်ကိုယ်စားလှယ်ကို ညှိနှိုင်း ဖြေရှင်းရန် ခေါ်ယူခြင်း၊ သက်သေအပါအဝင်လိုအပ်ပါက သက်ဆိုင် သည့်ဌာနအဖွဲ့အစည်းများ ကျွမ်းကျင်သူများကို ဖိတ်ခေါ်၍ စိစစ် ညှိနှိုင်းဖြေရှင်းပေးသည်။ ထိုသို့ဆောင်ရွက်ရာတွင် လျှို့ဝှက်ထားရ မည့်သတင်းအချက်အလက်များကို လျှို့ဝှက်ထားရှိသည်။

ထိုသို့ တိုင်ကြားမှုများကို ကုစားပေးခြင်းသည် စားသုံးသူ အခွင့်အရေး ရှစ်ချက်အနက် ကျန်သည့်တစ်ချက်ဖြစ်သည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဝယ်ယူအသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာ သည့် နစ်နာဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ ကုစားခွင့်ရရှိခြင်းဟူသည့် အခွင့်အရေးကို ပြည့်ဝအောင် ဆောင်ရွက်ပေးခြင်းဖြစ်သည်။

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူတိုင်ကြားမှု လွယ် ကူ အဆင်ပြေအောင် နည်းလမ်းအမျိုးမျိုး စီစဉ်ထားသလိုဆောင်ရွက် မည့် စစ်ဆေးရေးအရာရှိများကိုသင်တန်းများ စနစ်တကျပေးထား သည်။ ထို့ကြောင့် စားသုံးသူများဘေးအန္တရာယ်ကင်းရှင်းရေး၊ကျန်း မာရေး၊ စိတ်ကျေနပ်မှုရစေရေးတို့အတွက် အာမခံချက်ပေးနိုင်သော အရည်အသွေးမြင့်မားသည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို ဖော်ဆောင်ဖြည့်ဆည်းနိုင်စေရန်နှင့် စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိနိုင်စေရန် စားသုံးသူရေးရာဦးစီးဌာနက ဆောင်ရွက် လျက်ရှိပါတယ်။ စားသုံးသူများကလည်း မိမိတို့ရသင့်သည့် အခွင့် အရေးများရှိကြောင်း၊ အဆိုပါအခွင့်အရေးများကို ဖော်ဆောင်ပေး နေကြောင်းသိရှိပြီး ကိုယ်တိုင်ရယူတတ်ကာ စားသုံးသူကာကွယ်ရေး ကိုအလေးထားလျက် မိမိကဏ္ဍဘက်က ဆောင်ရွက်နိုင်သည်ကိုပါဝင် ဆောင်ရွက်နိုင်ကြပါစေကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# ထုတ်ကုန်လုံခြုံစိတ်ချရန် လုပ်ငန်းရှင်များအား အသိပညာပေး


ဟသ်ာတခရိုင် ကြံခင်းမြို့နယ် မင်းသီရိ (၂)ရပ်ကွက် မြို့မအုပ်စု ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးရုံး၌ မေ ၁၆ ရက်နှင့် ၁၈ ရက်တို့တွင် ကြံခင်းမြို့နယ် တာဝန်ခံ ဦးကျော်နိုင်ဝင်းသည် ကုန်စုံဆိုင်လုပ်ငန်းရှင် ၁၀ ဦးအား ကုန်အညွှန်း အမှတ်အသား ပြည့်စုံသည့် ကုန်စည်များကိုသာ ဆိုင်များတွင် ရောင်းချရန် အသိပညာပေးခြင်းနှင့် လေးမျက်နှာ မြို့နယ်တာဝန်ခံ ဦးအောင်သန်းဌေး သည် ခမောက်စုကျေးရွာ ဈေးဟောင်းပိုင်းရပ်ကွက် ငှက်ပျောကြော် လုပ်ငန်းရှင်လေးဦးအား ထုတ်ကုန် များ လုံခြုံစိတ်ချရရေး အသိပညာပေး ဟောပြောခဲ့ သည်။

ဆက်လက်ပြီး မေ ၂၃ ရက်က ကျိုက်လတ် မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ် တာဝန်ခံနှင့် ဝန်ထမ်းတို့သည် ရေယာဉ်ပိုင်ရှင်များ အသင်းနှင့် အမှတ်(၃)ရပ်ကွက် အောင်မြင့်မိုရ်ဈေး ရှိ ရေယာဉ်ပိုင်ရှင်များအသင်းရုံးတွင် တွေ့ဆုံ ဆွေးနွေးခဲ့သည်။

ထို့ပြင် မေ ၂၅ ရက်က စားသုံးသူရေးရာဦးစီး ဌာန၊ ဓနုဖြူမြို့နယ်၊ မြို့နယ်ဦးစီးမှူး ဦးဝင်းမင်းစိုး နှင့်ဝန်ထမ်းများသည် ဌာနဆိုင်ရာများနှင့်ပူးပေါင်း ၍ နန်းတော်ကုန်းကျေးရွာရှိ ကုန်မျိုးစုံဆိုင်လုပ်ငန်း ရှင် ခုနစ်ဦးအား စားသုံးသူကာကွယ်ရေး အသိ ပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ဌာနဆိုင်ရာ မိတ်ဖက်ဌာနများဖြစ်သော ကျန်းမာ ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနတို့ပါဝင်ပြီး အသိပညာပေး ဟော ပြောမှုများ ပြုလုပ်ခဲ့ကြသည်။

**မိုးမိုးခိုင်၊ တင်စိန်၊ သဇင်**




# ပရိသတ်များရွေးချယ်သည့် တစ်နှစ်တာအကောင်းဆုံး ပရီးမီးယားလိဂ်ကစားသမားဆုကို ဆာလက်ချ် ရရှိ

ပရိသတ်များက ရွေးချယ်ပေးအပ်သည့် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီ တစ်နှစ်တာအကောင်းဆုံး ပရီးမီးယားလိဂ် ကစားသမားဆုကို လီဗာပူးအသင်း တိုက်စစ်မှူး မိုဟာမက်ဆာလက်ချ်က ရရှိသွားခဲ့သည်။

မိုဟာမက်ဆာလက်ချ်သည် ၂၀၂၀-၂၀၂၁ ဘောလုံးရာသီကလည်း ပရိသတ်များက ရွေးချယ်ပေးအပ်သည့် တစ်နှစ်တာ အကောင်းဆုံး ပရီးမီးယားလိဂ်ကစားသမားဆုကို ရရှိခဲ့ခြင်းကြောင့် ယခုဆုကို ၎င်းကစားသမားသည် နှစ်နှစ်ဆက်တိုက် ရရှိခဲ့ခြင်းဖြစ်သည်။

မိုဟာမက်ဆာလက်ချ်သည် ယခုနှစ် ဘောလုံးရာသီတွင် လီဗာပူးအသင်းအတွက် ၃၅ ပွဲ ပါဝင်ကစားပေးခဲ့ရာတွင် သွင်းဂိုး ၂၃ ဂိုးရရှိခဲ့ပြီး စပါးအသင်းမှ တိုက်စစ်မှူး ဆွန်ဟောင်မင်နှင့် သွင်းဂိုးတူညီခဲ့ခြင်းကြောင့် ပရီးမီးယားလိဂ်ပူးတွဲ ရွှေဖိနပ်ဆု ရရှိခဲ့သည်။ ထို့ပြင် မိုဟာမက်ဆာလက်ချ်သည် ယခုနှစ်ရာသီ၌ ဂိုးဖန်တီးပေးနိုင်မှု ၁၃ ကြိမ် ပြုလုပ်ပေးနိုင်ခဲ့ပြီး ဂိုးဖန်တီးပေးမှုအများဆုံး ကစားသမားလည်း ဖြစ်ခဲ့သည်။

မိုဟာမက်ဆာလက်ချ်သည် ပရီးမီးယားလိဂ် ပရိသတ်များရွေးချယ်သည့် တစ်နှစ်တာ အကောင်းဆုံးဆုအတွက် ပြိုင်ဘက်များဖြစ်သည့် မန်စီးတီးအသင်းမှ ဒီဘရိုင်းနှင့်ဖိုဒန်၊ လီဗာပူးအသင်းမှ အာနိုးတို့ကိုကျော်ဖြတ်ပြီး ရွေးချယ်ခံရခြင်းဖြစ်သည်။

## ဘောလုံးလောက သတင်းတိုများ

- *မန်ယူအသင်းသည် ဘာစီလိုနာအသင်းမှ ကွင်းလယ်ကစားသမား ဒီဂျောင်ကို ခေါ်ယူရန် ပေါင်သန်း ၅၀ ဖြင့် စတင်ကမ်းလှမ်းလိုက်ကြောင်း သိရသည်။*
- *လီဗာပူးအသင်းမှ ထွက်ခွာရန် ပြင်ဆင်နေသည့် တိုက်စစ်ကစားသမား မာနေးကို ပီအက်စ်ဂျီအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့က အပြိုင်ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။*
- *ဘိုင်ယန်မြူးနစ်အသင်းမှ တိုက်စစ်မှူး လီဝန်ဒေါစကီးက မိမိ၏ ဘိုင်ယန်မြူးနစ်ကစားသမားဘဝမှာ ပြီးဆုံးခဲ့ပြီဖြစ်ကြောင်းနှင့် အသင်းပြောင်းရွှေ့ကစားရန် ပြင်ဆင်နေကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။*
- *ယခုနှစ်တွင်မှ စတင်ကျင်းပသည့် ဥရောပချန်ပီယံနှင့် ကိုပါအမေရိကချန်ပီယံတို့ ယှဉ်ပြိုင်ကစားခဲ့သည့် Finalissma ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းက အီတလီအသင်းကို ၃-၀ ဂိုးဖြင့် အနိုင်ရရှိသွားသည်။*

# ချန်ပီယံလိဂ် မဲခွဲမှုပုံစံ မဲအိုးအဆင့်များထွက်ပေါ်

၂၀၂၂-၂၀၂၃ ဘောလုံးရာသီအတွက် ချန်ပီယံလိဂ် မဲခွဲမည့် မဲအိုးနှင့် ပါဝင်မည့်အသင်းများစာရင်း ထွက်ပေါ်လာခဲ့သည်။

မဲအိုး(၁)တွင် ရီးရဲလ်မက်ဒရစ်၊ မန်စီးတီး၊ ဘိုင်ယန်မြူးနစ်၊ အေစီမီလန်၊ ပေါ်တို၊ အေဂျက်၊ ဖရန့်ဖတ်နှင့် ပီအက်စ်ဂျီတို့ ပါဝင်နေသည်။ မဲအိုး(၂)တွင် လီဗာပူး၊ ချယ်လ်ဆီး၊ ဘာစီလိုနာ၊ ဂျူဗင်တပ်၊ အက်သလက်တီကို၊ လိုက်ဇစ်၊ ဆီဗီလာနှင့် စပါးတို့ ပါဝင်နေသည်။

ထို့ပြင် ချန်ပီယံလိဂ် အုပ်စုအဆင့်ပွဲစဉ်များတွင် တစ်နိုင်ငံတည်းမှ အသင်းအချင်းချင်း တွေ့ဆုံမှုမရှိစေရန်လည်း စီစဉ်ထားသည်။ ၂၀၂၂-၂၀၂၃ ဘောလုံးရာသီအတွက် ချန်ပီယံလိဂ်အုပ်စုအဆင့် မဲခွဲမှုများကို ဩဂုတ် ၂၅ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။




# ချူအာမီနီကို ယူရိုသန်း ၁၀၀ ဖြင့် ခေါ်ယူရန် ရီးရဲလ် သဘောတူညီမှုရရှိ

စပိန်လာလီဂါ ထိပ်သီးကလပ် ရီးရဲလ်မက်ဒရစ်အသင်းသည် မိုနာကိုအသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ချူအာမီနီကို ခေါ်ယူရန် ယူရိုသန်း ၁၀၀ ဖြင့် သဘောတူညီလိုက်ပြီဖြစ်ကြောင်း Goal.com တွင် ဖော်ပြထားသည်။

အသက်(၂၂)နှစ်ရှိ ချူအာမီနီသည် ပြီးခဲ့သည့် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီက မိုနာကိုအသင်းနှင့်အတူ ခြေစွမ်းပြခဲ့ခြင်းကြောင့် ဥရောပ ပြည်တွင်းလိဂ်အသင်းကြီးများ၏ အာရုံစိုက်မှုကို ခံခဲ့ရသူဖြစ်ပြီး ပီအက်စ်ဂျီအသင်းနှင့် လီဗာပူးအသင်းတို့ကလည်း ၎င်းကစားသမားကိုခေါ်ယူရန် ကြိုးပမ်းခဲ့ဖူးသည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ချူအာမီနီကို ခေါ်ယူရန် ယူရို သန်း ၁၀၀ (ပေါင် ၈၅ သန်း)ဖြင့်ခေါ်ယူရန် သဘောတူညီမှု ရရှိထားပြီး မကြာမီရက်ပိုင်းအတွင်း၌ပင် အပြီးသတ်စာချုပ် တစ်ရပ်ကို ချုပ်ဆိုသွားရန်ရှိနေကြောင်း သိရသည်။




# ပေါ့ဂ်ဘာနှင့် လင်ဂတ်တို့ ထွက်ခွာမည်ကို မန်ယူ အတည်ပြု



လက်ရှိမန်ယူအသင်းတွင် ကစားနေသည့် ကွင်းလယ်ကစားသမားများဖြစ်သည့် ပေါ့ဂ်ဘာနှင့် လင်ဂတ်တို့သည် ယခု နွေရာသီ အပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာတော့မည်မှာ သေချာပြီဖြစ်ကြောင်း မန်ယူအသင်းမှ တာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောဆိုထားသည်။

ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာသည် ယခု ဇွန် ၃၀ ရက်တွင် အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးတော့မည်ဖြစ်ခြင်းကြောင့် ၎င်းကိုခေါ်ယူလိုသည့် ဂျူဗင်တပ်အသင်းထံသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့နိုင်တော့မည်ဖြစ်သည်။

မန်ယူအသင်းသည် ပေါ့ဂ်ဘာကို ၂၀၁၆ ခုနှစ်က ပေါင် ၈၉ သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ယခုအချိန်တွင် မန်ယူအသင်းသည် ၎င်းကစားသမားကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ဂျူဗင်တပ်အသင်းထံသို့ ပြန်လည်လက်လွှတ်ရတော့မည်ဖြစ်သည်။

အခြားတစ်ဖက်တွင် မန်ယူအသင်း ကွင်းလယ်ကစားသမား လင်ဂတ်ကိုလည်း အသင်းမှထွက်ခွာခွင့် ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။ သို့သော် လင်ဂတ်ကို ခေါ်ယူရန် တရားဝင်ကမ်းလှမ်းထားသည့်အသင်း မရှိသေးကြောင်း သိရသည်။

**ဟန်နေသစ် စုစည်းသည်**

# လားရှိုးမြို့ အကောက်ခွန်ဦးစီးဌာနက ဖမ်းဆီးရမိသည့် ပစ္စည်းများ မီးရှို့ဖျက်ဆီး

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ ဖမ်းဆီးထားသည့် အကောက်ခွန်မဲ့ပစ္စည်းများဖြစ်ပြီး သုံးစွဲရန်မသင့်သော ပြည်ပနိုင်ငံမှ တင်သွင်းလာသည့်ဘီယာ၊ ခေါက်ဆွဲခြောက်များနှင့် အဝတ်အထည်(ဟောင်း)များအား မေ ၂၇ ရက် နံနက် ၁၀ နာရီတွင် လားရှိုးမြို့နယ်၊ အကောက်ခွန်ဦးစီးဌာနရုံးဝင်းအတွင်း မီးရှို့ဖျက်ဆီးမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးရှို့ဖျက်ဆီးပွဲသို့ အကောက်ခွန်ဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

မီးရှို့ဖျက်ဆီးခဲ့သည့် ပစ္စည်းအမျိုးအစားမှာ လေးမျိုးဖြစ်ပြီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၈၀၀၀၀၀ ဖြစ်ကာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဒုတိယအကြိမ် မီးရှို့ဖျက်ဆီးခြင်းဖြစ်ကြောင်း သိရှိရသည်။

**စားသုံးသူရေးရာဦးစီးဌာန(လားရှိုး)**



# တန်ဖိုးမြှင့်ထုတ်ကုန် ရှောက်ပျားရည်

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်ရှိ ဒေသထွက်ကုန် ရှောက်သီးမှ ထုတ်လုပ်သည့် ရှောက်ပျားရည်နှင့် ရှောက်သီးဆေးပြားသည် ကျန်းမာရေးနှင့်ညီညွတ်ပြီး ဒေသထွက် အိမ်ပြန်လက်ဆောင်အနေဖြင့် ဈေးကွက်အတွင်း တဖြေးဖြေး ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ရှောက်ပျားရည် ထုတ်လုပ်ရန် ကုန်ကြမ်းဖြစ်သော ရှောက်သီးကို ကပ်လျက်မြို့ဖြစ်သော ရွှေကျင်ရှောက်ခြံများမှ အဓိကဝယ်ယူပြီး မွန်ပြည်နယ် ကျိုက်ထို၊ ဘီလင်းမြို့တို့ရှိ ရှောက်ခြံများမှလည်း ကုန်ကြမ်းလိုအပ်ရင် လိုအပ်သလောက် ဝယ်ယူရပြီး ရှောက်သီးတစ်လုံးလျှင် ၇၀ ကျပ်မှ ၁၀၀ ကျပ်ထိ ဝယ်ယူရကြောင်း သိရှိရသည်။

ရှောက်ပျားရည် ထုတ်လုပ်ရာတွင် ရှေးဦးစွာ ကုန်ကြမ်းဖြစ်သော ရှောက်သီးကို ထက်ခြမ်းခွဲပြီး စက်ဖြင့်ရှောက်ရည်ကို ညှစ်ထုတ်သန့်စင်ရပြီး ရှောက်ပျားရည် ပြုလုပ်ရန်အတွက် သကြား၊ ပျားရည်၊ ရှောက်ချဉ်ရည်တို့ဖြင့် အချိုးအစားညီမျှစွာ ရောစပ်ပြီး အပူချိန်( 90 ̊C )အတွင်း ကျိုချက်၍ ထုတ်လုပ်ရကြောင်း သိရှိရသည်။

ရှောက်ပျားရည်တစ်ပုလင်းအတွက် ရှောက်သီး( အနု၊ အရင့်၊ အကြီး၊ အသေး)ပေါ် မူတည်၍ ရှောက်သီး ခုနစ်လုံးမှ ၁၀လုံးခန့် အသုံးပြုရကြောင်း သိရှိရသည်။

ရှောက်ရည်ညှစ်ပြီး သန့်စင်ရာ၌ ကျန်ရှိသော ရှောက်သီးဖက်များအား ရှောက်သီးဆေးပြား ထုတ်လုပ်ရန် အသုံးပြုပြီး ပုံသဏ္ဌာန်အမျိုးမျိုးအနေဖြင့် ပျားရည်ဖြင့် နှပ်ထားသော (ရှောက်သီးဆေးပြားဘူး၊ ရှောက်ချိုမွှေး၊ ရှောက်ချိုပေါင်း၊ ရှောက်သီးဆေးပြားအမျှင်) စသည်ဖြင့် ထုတ်လုပ်လျက်ရှိကာ မြန်မာနိုင်ငံအတွင်းရှိ နေရာအနှံ့အပြားသို့ တင်ပို့ရောင်းချလျက်ရှိပြီး လူကြိုက်များကြောင်းလည်း သိရှိရသည်။

ထိုကဲ့သို့ဒေသထွက်ကုန်ရှောက်သီးအား နည်းအမျိုးမျိုးဖြင့် လေလွင့်မှုနည်းပါးအောင် ထုတ်လုပ်ရောင်းချနိုင်ခြင်းအားဖြင့် အကျိုးအမြတ်အနေဖြင့်လည်း အတော်အသင့်ကောင်းမွန်သည့်အပြင် ဒေသခံ လုပ်သားများအနေဖြင့်လည်း အလုပ်အကိုင်ရရှိသောကြောင့် စီးပွားဖြစ်လုပ်ငန်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**ခိုင်ရွှေဇင်(ပဲခူး)**

# တရားမဝင် ကုန်သွယ်မှုတားဆီးရေးအဖွဲ့ ကွင်းဆင်းစစ်ဆေး

ရခိုင်ပြည်နယ် မောင်တောခရိုင် စားသုံးသူရေးရာဦးစီးဌာန မောင်တောမြို့နယ်တာဝန်ခံ ဦးအောင်ထွန်းမြဒု-ဦးစီးမှူးသည် မြို့နယ်စီမံအဖွဲ့ဝင်(၁) ဗိုလ်မှူးတင်ဝင်းထွန်းဦးဆောင်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပြည်တွင်းအခွန်၊မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပါဝင်သောဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့ဖြင့် မေ ၃၀ ရက် ညနေ ၃ နာရီတွင် မောင်တောမြို့ပေါ်ရှိ ကုန်စုံအရောင်းဆိုင်များအား တရားမဝင် ကုန်ပစ္စည်းများ ရောင်းချမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားရှိသော ကုန်ပစ္စည်းများ ရောင်းချခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊ ယမကာ အရောင်းဆိုင်များတွင် ပြည်တွင်း/ပြည်ပမှ တင်သွင်းထုတ်လုပ်သော ယမကာများအား အကောက်ခွန်ပြည်တွင်းအခွန်ဦးစီးဌာနတို့တွင် အခွန်ပေးဆောင်ထားခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကလည်း ယစ်မျိုးလိုင်စင်ထုတ်ပေးထားခြင်း ရှိ/မရှိစစ်ဆေးခြင်းနှင့် စားသုံးသူရေးရာဦးစီးဌာန မောင်တောမြို့နယ် တာဝန်ခံဒု-ဦးစီးမှူးဦးအောင်ထွန်းမြက စားသုံးသူကာကွယ်ရေးဥပဒေကို ၂၀၁၉ ခုနှစ် မတ်လ ၁၅ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည့်အတွက် ၎င်းဥပဒေပြဋ္ဌာန်းချက်အရ ကုန်ပစ္စည်းများအား တင်သွင်းထုတ်လုပ် ဖြန့်ဖြူးရောင်းချသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အခန်း(၁၈) ပုဒ်မ(၄၁၊၄၂၊၄၃)အရ ကုန်ပစ္စည်းများပေါ်တွင် ဖော်ပြရမည့် ကုန်အညွှန်းအမှတ်အသားများနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် အချက်များနှင့် တားမြစ်ချက်များအား အသေးစိတ်ရှင်းလင်းပြောကြားပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**စားသုံး-စစ်တွေ**

# ဈေးကွက်အတွင်း စတင်ဝင်ရောက်နေပြီဖြစ်သည့် ကြက်မောက်သီး

ယခုအချိန် ရာသီကာလသည် ကြက်မောက်သီးများ လှိုင်လှိုင်ပေါ်ချိန်ဖြစ်ရာ ပဲခူးဈေးကွက်အတွင်းသို့ ကြက်မောက်သီးများစတင်ဝင်ရောက်လျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ ကြက်မောက်သီးများအား မွန်ပြည်နယ်အတွင်းရှိ ကျိုက်ထို၊ ဘီးလင်း၊ သထုံနှင့် မော်လမြိုင်မြို့များမှ အများဆုံးဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ကြက်မောက်သီးခြံများမှ တိုက်ရိုက်ဝယ်ယူသည့် ပဲခူးမြို့ ဈေးကြီးမှ ကုန်သည်ကြီးများအနေဖြင့် အလုံး၁၀၀လျှင် ကျပ် ၈၀၀၀- ၁၃၀၀၀ နှုန်းရှိကြောင်း သိရသည်။ လက်လီဈေးကွက်တွင် ကြက်မောက်သီးသည်လူကြိုက်များသည့် သီးနှံဖြစ်သောကြောင့် အလုံး ၁၀၀လျှင် ကျပ် ၁၀၀၀၀-၁၅၀၀၀ နှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း၊ တစ်ရက်လျှင် အရေအတွက်အားဖြင့် အလုံး ၃၀၀မှ ၅၀၀ ကျော်အထိ ရောင်းချရကြောင်း ဈေးသည်တစ်ဦးထံမှ သိရှိရသည်။

**ခိုင်ရည်မွန်(ပဲခူး)**

# ပေါ်ဦးပေါ်ဖျား သံတောင်ကြီး ဒူးရင်းသီး

တောင်ငူမြို့ အရှေ့ဘက်ရှိ ကရင်ပြည်နယ် သံတောင်ကြီးဒေသမှ ဒူးရင်းသီးများ ပေါ်နေပြီဖြစ်ရာ တောင်ငူမြို့သို့ ဒူးရင်းသီးများ ဝင်ရောက်လာပြီဖြစ်သည်။ ဒူးရင်းသီးမှာ မြန်မာလူမျိုးအများစု ကြိုက်နှစ်သက်ကြသောကြောင့် တောင်ငူမြို့ရှိ ဘုရင့်နောင်ဈေးနှင့် ညောင်ပင်ဈေးတို့တွင် ဒူးရင်းသီးရောင်းဝယ်ဖောက်ကားသူများဖြင့် စည်ကားလျက်ရှိသည်။

ယခုအချိန်သည် ဒူးရင်းသီးပေါ်ဦးကာလဖြစ်သောကြောင့် ဒူးရင်းသီးများ ဈေးကောင်းရလျက်ရှိသည်။ ဒူးရင်းသီးဈေးနှုန်းအနေဖြင့် အသေးတစ်လုံးလျှင် ကျပ် ၂၅၀၀ မှ ၄၀၀၀၊ အလတ်တစ်လုံးလျှင် ကျပ် ၅၀၀၀မှ ၆၅၀၀ နှင့် အကြီးတစ်လုံးလျှင် ကျပ် ၈၀၀၀ မှ ၁၀၀၀၀ ဝန်းကျင်ထိ ဈေးကောင်းရလျက်ရှိသည်။

တောင်ငူမြို့ ဒူးရင်းသီးပွဲရုံများသို့ ရောက်ရှိလာသော ဒူးရင်းသီးများကို ဒေသတွင်းအပြင် ရန်ကုန်မြို့ရှိ သီရိမင်္ဂလာဈေးသို့လည်း တင်ပို့ရောင်းချကြသည်။ **သဲစုလွင်(တောင်ငူ)**



# ပဲခူးတိုင်းဒေသကြီးထွက် မင်းကွတ်သီးများ ဈေးကောင်းရနေ

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မုန်းမြို့ မြောင်းဦးကျေးရွာမှ ထွက်ရှိသည့် မင်းကွတ်သီးများ စတင်ထွက်ရှိချိန်တွင် ဈေးကောင်းရနေကြောင်း မင်းကွတ်သီးစိုက်ပျိုးသူများ၏ ပြောဆိုချက်အရ သိရသည်။


လတ်တလောတွင် မင်းကွတ်သီးအကြီး တစ်လုံးလျှင် ၂၂၅ ကျပ်၊ အလတ် တစ်လုံးလျှင် ငွေကျပ် ၂၀၀ နှင့် အသေးတစ်လုံးလျှင် ငွေကျပ် ၁၅၀ အထိ ဈေးနှုန်းရရှိနေပြီး အလုံးရေ ၂၀၀ ပါ ခြင်းတစ်ခြင်းလျှင် ငွေကျပ် ၄၅၀၀၀၊ ၄၀၀၀၀ နှင့် ၃၀၀၀၀ စသည်ဖြင့် ဈေးနှုန်းအသီးသီးရရှိကြောင်း သိရသည်။

"မင်းဂွတ်သီးကတော့ နှစ်စဉ် အရောင်းသွက်ပါတယ်။ ဒီနှစ်ကဈေးလည်း ကောင်းတယ်"ဟု မုန်းမြို့၊ မြောင်းဦးကျေးရွာမှ ဒူးရင်းနှင့် မင်းဂွတ်သီးစိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

**နှင်းယု( ပဲခူး)**



Lwin Oo Htwe
Trading Co.,Ltd
"Customer Delight is Our First Priority"
"ဝယ်သူစိတ်ကျေနပ်မှု အစဉ်ဦးစားပေး လွင်ဦးထွေး"
ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းအမျိုးမျိုး
• GI, PPGI, Aluzinc
• Hollow
• H-Beam, I Beam, U Beam
• C-Channel
• Decking Sheet
• Angle
• Deformed-Bar, Wire Rod
• Cement
• Plywood & Black film
• MS Plate
• Tiles & Sanitary Wares
• Bitumen
CONTACT
+ 959 - 886 - 100-500
lwinoohtwe.loh.trading@gmail.com

UMH
UMH CO., LTD.
UMH COMPANY LIMITED
uPVC Window & Door Profile Manufacturing Factory
GPM
Best quality.
ALARDDIN
GPM & ALARDDIN
uPVC Window & Door Profile Manufacturing
MADE IN MYANMAR
INTERNATIONAL STANDARD QUALITY PRODUCTION
Bathroom Door/ Main Door
Casement Window
Slide Window
Bathroom Door/ Main Door
Contact Us:
Phone - 01 703179, 3611702,3611703
Mobile - 09 420131145
E Mail - starcrewygn@gmail.com
Address - No. (538-A), Block 28, No. 4 Highway Road, Shwe Pyi thar Township, Yangon, Myanmar.




GLOBAL POWER CO., LTD.
CLEAN
Hygienic Soft and Natural
Tissue Roll
Tissue Box
Box Refill & Napkin
Pocket Tissue
နေ့ရာတိုင်းအတွက် အသင့်တော်ဆုံး
Clean Tissue အကောင်းဆုံး
Global Power Co., Ltd.
အမှတ်(၉၉)၊မူဆယ်လမ်း၊စက်မှုဇုန်(၁)၊တောင်ဒဂုံမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၉ ၉၆၅၅၅၃၀၆၈၃ ၊ ၀၉ ၄၄၃ ၂၄၄၈၀၀




JUVEL
IMMUNITY BOOSTER AGAINST VIRUSES
Blast of Vitamin C 500 mg + Zinc Sulphate 23.9 mg
ကိုယ်ခံအားအတွက်ဆို ရွေးချယ်ပါ။
JUVEL သာ အကောင်းဆုံးပါ။
30 FILM COATED TABLETS
MADE IN PAKISTAN
Supplement Facts
Serving Size: 1 Tablet
Each film coated tablet contains:
Ascorbic Acid (Vitamin C) 500 mg
Vitamin E 100mg
Betacarotene 4mg
Vitamin B6 10mg
Vitamin B12 12mcg
Zinc Sulphate 23.9mg
One tablet daily or As advised by the physician
AUTHORIZED DISTRIBUTOR
MAHAR LOKA CO.,LTD
DonValley




# Mottama
Trading Co., Ltd.



Deformed Bar



Wire Rod



H-Beam



GI Coils/ MS Coils



Pre-Painted Galvaume Steel Coil



MS & Chequered Sheet



Circular Hollow Section



Square/Rectangular,Hollow Section



Sheet Pile

Call us

01 3618 432
09765454306
09765454307
09765454314

**Factory & Office**

No.106, Bayintnaung Road, Industrial Zone (4),
Shwe Pyi Thar Township, Yangon.
info@mottamatrading.com,
www.facebook.com/mottama.trading



COMMERCE INTERNATIONAL

# ဗြိတိန်တွင် မော်တော်ကားထုတ်လုပ်မှုများ လျော့ကျ

၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် ကိုဗစ်(၁၉) ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်းတွင် စီးပွားရေးထိခိုက်မှုကို များစွာကြုံတွေ့ခဲ့ရသည်။ သို့သော် ယခု ၂၀၂၂ ခုနှစ်တွင် ကိုဗစ်(၁၉) ကပ်ရောဂါသည်လည်း အထိုက်အလျောက် လျော့ပါးပျောက်ကင်းလာပြီဖြစ်ခြင်းကြောင့် ကမ္ဘာ့စီးပွားရေးသည်လည်း ပြန်လည်ဦးမော့လာနိုင်တော့မည်ဟု မျှော်မှန်းခဲ့ကြသည်။

ထိုသို့ မျှော်မှန်းခဲ့ကြသော်လည်း လက်ရှိအချိန်တွင် ဗြိတိန်၌ မော်တော်ကာထုတ်လုပ်မှုများ သိသာစွာ လျော့ကျလာနေကြောင်း သိရသည်။ ဗြိတိန်အခြေစိုက် မော်တော်ကား ထုတ်လုပ်သည့် ကုမ္ပဏီများအနေဖြင့် ယခု ၂၀၂၂ ခုနှစ် ပထမ သုံးလ မော်တော်ကားထုတ်လုပ်မှုမှာ ယမန်နှစ်ကထက် အစီးရေ တစ်သိန်းခန့်အထိပင် ထုတ်လုပ်မှု လျော့ကျခဲ့ကြောင်း ဘီဘီစီသတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။ ဗြိတိန်၌ ၂၀၂၁ ခုနှစ် ပထမ သုံးလက မော်တော်ကားအစီးရေ ၃၀၆၅၅၈ စီး ထုတ်လုပ်နိုင်ခဲ့သည်။ သို့သော် ယခုနှစ် ပထမ သုံးလတွင်မူ မော်တော်ကား အစီးရေ ၂၀၇၃၄၇ စီးသာ ထုတ်လုပ်နိုင်ခဲ့ခြင်းကြောင့် အစီးရေ ၉၉၂၂၁ စီးအထိ ထုတ်လုပ်မှု လျော့ကျခဲ့ရသည်။



အခြားတစ်ဖက်တွင် ဗြိတိန်၌ Second-hand လျှပ်စစ်မော်တော်ကား ရောင်းဝယ်မှုများ မြင့်တက်လာနေကြောင်း သိရသည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ် သုံးလတွင် Second-hand လျှပ်စစ်မော်တော်ကား ရောင်းချမှုမှာ ယမန်နှစ်ကာလတူထက် ၅ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့သည်ဟု ဆိုသည်။

လတ်တလောကာလတွင် Ford Fiesta၊ Vauxhall Corsa နှင့် Volkswagen Golf မော်တော်ကားများမှာ ဗြိတိန်၌ လူကြိုက်အများဆုံး မော်တော်ကားများအဖြစ် ရပ်တည်နေကြသည်။

**Ref; BBC**

# တွမ်ခရုစ်၏ ရုပ်ရှင်ဇာတ်ကားသစ် သုံးရက်အတွင်း ဝင်ငွေ ဒေါ်လာ ၁၂၄ သန်း ရရှိ




ကမ္ဘာကျော် ရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်သူ တွမ်ခရုစ်၏ ရုပ်ရှင်ဇာတ်ကားသစ် Top Gun: Maverick သည် အမေရိကန်ပြည်ထောင်စုတွင် စတင်ပြသနေပြီဖြစ်ရာ ပထမဆုံး သုံးရက်အတွင်းမှာပင် ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၂၄ သန်း ရရှိခဲ့ကြောင်း topgun-movie.comတွင် ဖော်ပြထားသည်။

Top Gun: Maverick ဇာတ်ကားသည် ၁၉၈၆ ခုနှစ်က ပြသခဲ့သည့် Top Gun ရုပ်ရှင်၏ နောက်ဆက်တွဲဖြစ်ပြီး တွမ်ခရုစ်က စမ်းသပ်လေသူရဲတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။ သုံးရက်အတွင်း အမေရိကန်ဒေါ်လာ ၁၂၄ သန်းရရှိထားသည့် Top Gun: Maverick ဇာတ်ကားသည် ရုံတင်ပြသပြီးချိန်တွင် အမေရိကန်ဒေါ်လာ ၂၄၈ သန်း ရရှိနိုင်မည်ဟု ထုတ်လုပ်သူ ပါရာမောင့်က ခန့်မှန်းထားသည်။

Top Gun: Maverick ဇာတ်ကား ရိုက်ကူးမှုအတွက် အမေရိကန်ဒေါ်လာ သန်း ၁၈၀ ကုန်ကျခဲ့သည်။ ထို့ကြောင့် Top Gun: Maverick ဇာတ်ကားနှင့် ပတ်သက်ပြီး ထုတ်လုပ်သူများကလည်း ဝင်ငွေဒေါ်လာ သန်း ၂၀၀ ကျော် ရရှိရန် မျှော်မှန်းထားခြင်းဖြစ်သည်။ အသက် (၅၉) နှစ်ရှိပြီဖြစ်သည့် မင်းသား တွမ်ခရုစ်အတွက်လည်း ၎င်း၏ဇာတ်ကားများထဲ၌ ရုံတင်ပြသသည့် ပထမဆုံး ရက်သတ္တပတ်အတွင်း၌ပင် ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ရရှိစေခဲ့သည့် ရုပ်ရှင်လည်းဖြစ်သည်။

Top Gun: Maverick ဇာတ်ကားကို ၂၀၂၀ ပြည့်နှစ်ကပင် ရုံတင်ပြသရန် စီစဉ်ခဲ့သော်လည်း ကမ္ဘာတစ်ဝန်း ကူးစက်ပျံ့နှံ့ခဲ့သည့် ကိုဗစ်(၁၉)ကပ်ရောဂါကြောင့် အကြိမ်ကြိမ် ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်ပြီး ယခုနှစ် မေလတွင်မှ ရုံတင်ပြသနိုင်ခဲ့ခြင်းဖြစ်သည်။

မင်းသားကြီး တွမ်ခရုစ် သရုပ်ဆောင်ထားသည့် Top Gun: Maverick မှာ စမ်းသပ်လေသူရဲ ဆက်မလုပ်ရမည်ကို စိုးရိမ်သောကြောင့် ရာထူးတိုးခြင်းကို ငြင်းဆန်ခဲ့သည့် အမေရိကန်ရေတပ် လေသူရဲဗိုလ်ကြီးတစ်ဦးအကြောင်းကို စိတ်ကူးများနှင့်အတူ တကယ့်မြေပြင်တွင်ရှိနေသည့် အမေရိကန် တိုက်လေယာဉ်များ၊ လက်နက်များဖြင့် ပေါင်းစပ်ကာ ရိုက်ကူးထားသည့် အက်ရှင်ဒရာမာ ရုပ်ရှင်ဇာတ်ကားကောင်းတစ်ကားဖြစ်သည်။

Top Gun: Maverick ဇာတ်ကားကို Joseph Kosinski က ဒါရိုက်တာအဖြစ် ရိုက်ကူးထားပြီး အဆိုပါဇာတ်ကားတွင် မင်းသား တွမ်ခရုစ်နှင့်အတူ Val Kilmer၊ Miles Teller၊ Jennifer Connelly၊ Jon Hamm နှင့် Charles Parnell တို့က ပါဝင်သရုပ်ဆောင်ထားသည်။

**Ref; topgunmovie.com**



# ကွမ်းသီးနုများကို တရုတ် ပိုမိုတင်သွင်းနေ

တရုတ်နိုင်ငံ၏ သွင်းကုန်ပစ္စည်းများတွင် ကွမ်းသီးနုနှင့် ကွမ်းသီးခြောက် တင်သွင်းခြင်းလုပ်ငန်းသည် အကြီးဆုံး ပြင်ပသွင်းကုန်လုပ်ငန်းများတွင် တစ်ခုအပါအဝင် ဖြစ်လာသည်။ တရုတ်လူမျိုးများသည် ကွမ်းသီးများကို အရသာပိုကောင်းအောင် ပေါင်းစပ်ဖော်ထုတ်ပြီး အဆာပြေသရေစာအဖြစ် စားသုံးကြသည်။

တရုတ်နိုင်ငံသည် ကွမ်းသီး ထုတ်လုပ်မှုလုပ်ငန်းမှ ရရှိသည့် ဝင်ငွေသည် တစ်နှစ်လျှင် ယွမ်ဘီလီယံ ၃၀ အထိရရှိနေသည်ဟုသိရသည်။ တရုတ်ကွမ်းသီး အဆာပြေစာသည် တရုတ်နိုင်ငံတွင်သာမကဘဲ အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံများတွင်ပါ ရေပန်းစားနေပြီး ဈေးကွက်ထိုးဖောက် ဝင်ရောက်နေပြီဖြစ်သည်။

ယခု တရုတ်နိုင်ငံမှ ဝယ်ယူနေသည့် အရည်အသွေးမီ ကွမ်းသီးနု၏ အလေးချိန်သည် ၂၀ ဂရမ်မှ ၃၀ ဂရမ်အထိ ရှိရမည်ဖြစ်သည်။ တရုတ်နိုင်ငံသည် ကွမ်းသီးနုများကို မြောက်မြားစွာ ဝယ်ယူနေခြင်းဖြစ်ပြီး ကုန်ချောအဖြစ် ပြန်လည်ထုတ်လုပ် ရောင်းချနေကြခြင်းဖြစ်သည်။ ကုန်ချောထုတ်လုပ်ရာတွင် ကွမ်းသီး၏ အထဲမှ အဆံကို အသုံးပြုခြင်းမျိုးမဟုတ်ဘဲ အပေါ်မှ အစိမ်းရောင်အခွံကို အသုံးပြုကြခြင်းဖြစ်သည်။

ကွမ်းသီးများကို အရသာပိုကောင်းအောင် ပေါင်းစပ်ဖော်ထုတ်ပြီး အဆာပြေသရေစာအဖြစ် ပြုလုပ်ထားမှုကို တရုတ်လူမျိုးများသည် လူကြီး၊ လူငယ်မရွေး စားသုံးကြသော ရိုးရာအဆာပြေစာတစ်ခုလည်းဖြစ်သည်။

အပြင်ပိုင်း အခွံစိမ်းလျှင် ယေဘုယျအားဖြင့် ကွမ်းသီးနုဟု သတ်မှတ်သည်။ ကွမ်းသီးအနုများကို အခိုင်လိုက်ဖြင့်သော် လည်းကောင်း၊ အလုံးလိုက်ဖြင့်သော် လည်းကောင်း ကီလိုချိန်ဖြင့်လည်း ဝယ်ယူနေသည်။

ကွမ်းသီးနု၏ အပေါ်မှအခွံကို သရေစာပြုလုပ်ရာတွင် လည်းကောင်း၊ ဆေးဖော်စပ်ရာတွင် လည်းကောင်း အသုံးပြုကြသည်။ ဆေးဖော်စပ်ရာတွင် အစာခြေဆေး၊ သန်ချဆေး၊ ခံတွင်းရနံ့သန့်စင်ဆေးရည်များနှင့် စိတ်နှင့်ပတ်သက်သည့် စိတ်ကျရောဂါဆိုင်ရာ ရောဂါများတွင် အသုံးပြုကြသည်။ ထို့ပြင် ကွမ်းသီးနုများ၏ အပေါ်ခွံမှာ ဆေးရွက်ကြီးနှင့် ကဖင်းတို့ကဲ့သို့ လူ၏စိတ်ကို တက်ကြွလန်းဆန်းစေသည်ဟု သိရသည်။

**Ref; Xinhua**

Be green, Keep our planet clean
**စိမ်းလန်းလှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကိုစောင့်ရှောက်စို့။**

စိုင်းဗညား - စုစည်းသည်